www.dhammaransi.com



# သီလ
## သို့မဟုတ်
# ကိုယ်ကျင့်တရား


သာသနာရေးဝန်ကြီးဌာန

သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန

သာသနာ - ၂၅၄၄ ကောဇာ - ၁၃၆၂ ခရစ် - ၂၀၀၀

www.dhammaransi.com

စိရံ တိဋ္ဌတု သဒ္ဓမ္မော

# သီလ

သို့မဟုတ်

# ကိုယ်ကျင့်တရား

သာသနာရေးဝန်ကြီးဌာန
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန

သာသနာ-၂၅၄၄ ကောဇာ-၁၃၆၂ ခရစ်-၂၀၀၀

www.dhammaransi.com

၂၄၅ ၇၄

ခုနှစ် - ၂၀၀၀ ပြည့်နှစ်

အကြိမ် - ပထမအကြိမ်

အုပ်ရေ - ၃၀၀၀

ထုတ်ဝေသူ - ဦးထင်မျိုး(ညွှန်ကြားရေးမှူး)
သာသနာရေးဝန်ကြီးဌာန
သာသနာတော်ထွန်းကားပြန့်ပွားရေး
ဦးစီးဌာန
မှတ်ပုံတင်အမှတ်- ၁၁/၉၄(၁)
က ထုတ်ဝေသည်။

စာစီ - သာထွန်းပြန့်ကွန်ပျူတာ

ပုံနှိပ်သူ- ဦးကျော်ဌွေး(မြ-၀၀၂၇၇၃)
ရွှေဇင်ကျော်ပုံနှိပ်တိုက်
၁၅၁/ ၃၄-လမ်း၊ ရန်ကုန်မြို့။
ဖုန်း- ၂၄၃၂၇၉

www.dhammaransi.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | **နိဒါန်း** | ဆ |
| ၂။ | **သီလသို့မဟုတ် ကိုယ်ကျင့်တရား** | ၁ |
| | - သီလနှင့် ပညာသည် အမြတ်ဆုံး | ၄ |
| | - သိကြားမင်းက ရှိခိုးရသူများ | ၆ |
| | - သီလရန့် | ၇ |
| ၃။ | **သီလပြည့်စုံခြင်း၊ သီလပျက်ခြင်း** | ၉ |
| | - သီလဟူသည် | ၉ |
| | - သီလပြည့်စုံခြင်းအကျိုး | ၁၀ |
| | - နိဗ္ဗာန်တိုင်အောင် အကျိုးပေးပုံ | ၁၁ |
| | - လိုတရ | ၁၂ |
| | - သီလပျက်ခြင်းအပြစ် | ၁၄ |
| | - သီလညစ်ညူးခြင်း | ၁၆ |
| | - သီလစင်ကြယ်ကြောင်း အင်္ဂါခုနစ်ပါး | ၁၈ |
| | - သီလစင်ကြယ်ခြင်း | ၁၈ |

www.dhammaransi.com



## သီလ (သို့မဟုတ်) ကိုယ်ကျင့်တရား


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄။ | **သီလအမျိုးမျိုး** | ၁၉ |
| | - နှစ်မျိုးခွဲခြား၍ရသော သီလ (သို့မဟုတ်) နှစ်ပါးအပြားရှိသော သီလ | ၁၉ |
| | - သုံးမျိုးကွဲပြားသော သီလ | ၂၀ |
| | - လေးမျိုးကွဲပြားသော သီလ | ၂၂ |
| | - ငါးမျိုးကွဲပြားသော သီလ | ၂၃ |
| | - အမြဲစောင့်ထိန်းအပ်သော နိစ္စသီလ | ၂၄ |
| | - ဥပုသ်သီလ | ၂၄ |
| | - ဥပုသ်နေ့ဖြစ်ပေါ်ခြင်း | ၂၆ |
| | - နေ့ဝက်ဥပုသ်၏အကျိုး | ၂၇ |
| | - စောင့်ထိန်းနိုင်သမျှ ကုသိုလ်ရ | ၃၀ |
| ၅။ | **ဂဟဋ္ဌသီလ(ငါးပါးသီလ)** | ၃၁ |
| | - ငါးပါးသီလပါဠိနှင့် အနက် | ၃၁ |
| ၆။ | **ပါဏာတိပါတကံ** | ၃၂ |
| | - ပါဏာတိပါတကံမြောက်ရန် အင်္ဂါငါးပါး | ၃၃ |
| | - ပယောဂခြောက်ပါး | ၃၃ |
| | - အပြစ်ကြီးငယ် | ၃၄ |
| | - ပါဏာတိပါတကံကျူးလွန်ခြင်း၏ အပြစ်များ | ၃၄ |

www.dhammaransi.com



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | - ပါဏာတိပါတကံရှောင်ကြဉ်ခြင်း၏ အကျိုးများ | ၃၅ |
| | - ဆောင်ပုဒ်လင်္ကာ | ၃၆ |
| | - အမဲသားသည် နန္ဒ | ၃၆ |
| | - လောကငရဲ | ၃၈ |
| | - သီလရက္ခိတ | ၃၉ |
| | - စက္ခုနဥပါသကာ | ၄၁ |
| ၇။ | **အဒိန္နာဒါနာကံ** | ၄၂ |
| | - အဒိန္နာဒါနာကံမြောက်ရန် အင်္ဂါငါးပါး | ၄၃ |
| | - ခိုးခြင်း(၂၅)မျိုး | ၄၃ |
| | - အဒိန္နာဒါနာကံ ကျူးလွန်ခြင်း၏ အပြစ်များ | ၄၈ |
| | - အဒိန္နာဒါနာကံရှောင်ကြဉ်ခြင်း၏ အကျိုးများ | ၄၈ |
| | - ဆောင်ပုဒ်လင်္ကာ | ၄၉ |
| | - ခလ္လာတိယနတ်ပြိတ္တာမ | ၄၉ |
| | - ပိုင်ရှင်မှန်လျှင် | ၅၃ |

www.dhammaransi.com

## (ဃ) သီလ (သို့မဟုတ်) ကိုယ်ကျင့်တရား


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၈။ | **ကာမေသုမိစ္ဆာစာရကံ** | ၅၇ |
| | - မသွားမလာအပ်သော မိန်းမများ | ၅၇ |
| | - ကာမေသုမိစ္ဆာစာရကံကျူးလွန်ခြင်း၏ အပြစ်များ | ၅၉ |
| | - ကာမေသုမိစ္ဆာစာရကံရှောင်ကြဉ်ခြင်း၏ အကျိုးများ | ၅၉ |
| | - ဆောင်ပုဒ်လင်္ကာ | ၆၀ |
| | - ဒု-သ-န-သော | ၆၀ |
| | - မဟာပဒုမမင်းသား | ၆၃ |
| ၉။ | **မုသာဝါဒကံ** | ၆၈ |
| | - မုသာဝါဒအင်္ဂါလေးပါး | ၆၈ |
| | - မုသာဝါဒကံကျူးလွန်ခြင်း၏အပြစ်များ | ၆၉ |
| | - မုသာဝါဒကံရှောင်ကြဉ်ခြင်း၏အကျိုးများ | ၆၉ |
| | - ဆောင်ပုဒ်လင်္ကာ | ၇၀ |
| | - စေတိယမင်း | ၇၀ |
| | - သစ္စာစကားကြောင့် မြွေဆိပ်ပြေသည့် "ယညဒတ်" | ၇၇ |

www.dhammaransi.com



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၀။ | **သုရာမေရယကံ** | ၈၀ |
| | - သုရာမေရယမဇ္ဇပမာဒဋ္ဌာန | ၈၁ |
| | - သုရာမေရယအင်္ဂါလေးပါး | ၈၁ |
| | - သုရာမေရယကျူးလွန်ခြင်းအပြစ် | ၈၁ |
| | - ဗုဒ္ဓစကား | ၈၂ |
| | - သုရာမေရယရှောင်ကြဉ်ရကျိုး | ၈၂ |
| | - ဆောင်ပုဒ်လင်္ကာ | ၈၃ |
| | - အသားစားဘုရင် | ၈၃ |
| | - ဆေးခတ်သော အရက် | ၈၆ |
| | - မူးယစ်ဆေးနှင့် ဆင်ခြင်တုံတရား | ၈၈ |
| ၁၁။ | **သီလတော်များ** | ၉၀ |
| | - ရှစ်ပါးသီလပါဠိနှင့်အနက် | ၉၀ |
| | - အဗြဟ္မစရိယသိက္ခာပုဒ် | ၉၁ |
| | - ဝိကာလဘောဇနသိက္ခာပုဒ် | ၉၂ |
| | - ညစာမစားခြင်း၏အကျိုး | ၉၃ |
| | - နစ္စဂီတဝါဒိတသိက္ခာပုဒ် | ၉၃ |
| | - ဥစ္စာသယနမဟာသယနသိက္ခာပုဒ် | ၉၇ |
| | - ကိုးပါးသီလ | ၉၈ |
| | - အာဇီဝဋ္ဌမကသီလ | ၉၉ |

www.dhammaransi.com

(ဓ) သီလ (သို့မဟုတ်) ကိုယ်ကျင့်တရား


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | - ဆယ်ပါးသီလ | ၁၀၂ |
| | - နစ္စဂီတနှင့် မာလာဂန္ဓသိက္ခာပုဒ် တွဲခြင်း ခွဲခြင်း | ၁၀၃ |
| ၁၂။ | မကောင်းမှုရှောင်၊ ကောင်းမှုဆောင် | ၁၀၄ |
| | - အကျင့်စရိုက် | ၁၀၄ |
| | - လမ်းပေါ်မှ ပန်းခင်းလေးများ | ၁၀၅ |
| | - သီလစောင့်သော တိုင်းပြည် | ၁၀၇ |
| | - သုဟုဇ္ဇ | ၁၁၆ |
| | - နန်းတော်ကကိုးကွယ်ရသည့် ကိုရင်လေး | ၁၁၇ |
| ၁၃။ | ကုသိုလ်ကံ၊ အကုသိုလ်ကံဂယက် | ၁၁၈ |
| | - သာမာဒေဝီ | ၁၁၉ |
| | - အရှင်လောသကတိဿ | ၇၀ |
| ၁၄။ | နိဂုံး | |
| | - ကိုယ်စိတ်နှစ်ပါး ချမ်းသာ | ၁၂၃ |
| ၁၅။ | ကျမ်းကိုး | |

www.dhammaransi.com

# နိဒါန်း

"ဘုန်းတန်ခိုးကြီးပါစေ၊ အသက်ရှည်ပါစေ၊ အန္တရာယ်ကင်းပါစေ၊ လာမည့်ဘေး ဝေးပါစေ၊ ထိမည့်ခလုတ် ဆုတ်ပါစေ၊ လိုအပ်သောဆန္ဒနှင့် တစ်လုံးတစ်ဝတည်း ပြည့်စုံပါစေ"

"ပေးတဲ့ဆုနဲ့ ပြည့်ပါစေ"

မြန်မာ့ယဉ်ကျေးမှုအရ မိဘဘိုးဘွား၊ ဆရာသမား၊ သက်ကြီးရွယ်အိုများကို ကန်တော့ကြသည့်အခါ အထက်ပါအတိုင်း ဆုပေးကြ၊ ဆုတောင်းကြသည်။

"ဤသို့ ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာဟုဆိုအပ်သော ရတနာသုံးပါးနှင့်တကွ၊ ဆရာသမား မိဘတို့ကို ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးရသော သက္ကစ္စ ပဏာမဂါရဝကုသိုလ်ကံ စေတနာတို့ကြောင့် အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ခွန်အားကြီးခြင်း၊ ဉာဏ်ပညာကြီးခြင်း၊ ဘုန်းတန်ခိုးအာနုဘော်ကြီးခြင်းတို့နှင့် ပြည့်စုံလျက်၊ အလိုရှိအပ်၊ တောင့်တအပ်သော မဂ်ဖိုလ်နိဗ္ဗာန်ကို လျင်မြန်စွာ ရလွယ်၊ ရောက်လွယ်နိုင်ကြစေ"

"အရှင်ဘုရားပေးတဲ့ဆုနဲ့ ပြည့်ရပါလို၏ ဘုရား"

www.dhammaransi.com

## (၈) သီလ (သို့မဟုတ်) ကိုယ်ကျင့်တရား

ဗုဒ္ဓဘာသာဝင်တို့သည် ဆရာတော်၊ သံဃာတော်များ ရှေ့မှောက်တွင် သီလခံယူသည့်အခါတွင်လည်း အထက်ပါ အတိုင်း ဆုပေးဆုယူပြုကြသည်။ ပြီးနောက် သီလခံယူ ဆောက်တည်ကြသည်။ သီလမြဲအောင် စောင့်ထိန်းရသည်။

"အသက်ရှည်လိုက်တာ၊ သီလကောင်းတာကိုး"ဟု ပြောကြသည်။ ထို့အတူပင် ဘုန်းတန်ခိုးကြီးခြင်း၊ ဘေးရန် ကင်းခြင်း၊ လိုအင်ဆန္ဒပြည့်ဝခြင်းတို့သည် သီလရှိသူများ၊ သီလဖြည့်ကျင့်ခဲ့သူများ ရရှိသော ဆုလာဘ်ဖြစ်သည်။ ဆုတောင်းဆိုသည်မှာ လိုချင်သည်ကို ရအောင် လုပ်မည်ဟု သန္နိဋ္ဌာန်ချခြင်းသာ ဖြစ်သည်။ အသက်ရှည်အောင် နေထိုင် ပါမှ အသက်ရှည်ပါမည်။ ဘုန်းတန်ခိုးကြီးအောင် ကျင့်ကြံ ပါမှ ဘုန်းတန်ခိုးကြီးပါမည်။ ထို့အတူ ဘေးရန်ကင်းအောင်၊ ဆန္ဒပြည့်ဝအောင် ကြိုးစားကျင့်ကြံနေထိုင်ကြရမည် ဖြစ်ပါ သည်။ သို့အတွက် သီလမြဲအောင် ကြိုးစားရပါမည်။ အသက်ရှည်လိုပြီး အသက်တိုအောင်ပြုမူနေထိုင်ပါက အသက်ရှည်မည်မဟုတ်ပါ။ သီလပျက်သူ၊ သီလကြောင်များ ဖြစ်နေလျှင် ဆုတောင်းသော်လည်း ပြည့်မည်မဟုတ်ပါ။

ဗုဒ္ဓအလိုအရ မကောင်းမှုပြုရခြင်းကို ရှက်ခြင်းနှင့် မကောင်းမှုပြုရန် ကြောက်ခြင်းတရား နှစ်ပါးသည် လောကလူ့အဖွဲ့အစည်း တိုးတက်တည်တံ့ရေးအတွက် ထိန်းမတ်ပေးသော တရားများဖြစ်သည်။ မကောင်းမှုမှ ရှောင်ကြဉ်ခြင်းသည် သီလစောင့်ထိန်းခြင်းမည်ပေသည်။

www.dhammaransi.com



ဗုဒ္ဓဘာသာဝင်တစ်ယောက်၏ အမြင့်ဆုံးရည်မှန်းချက်သည် နိဗ္ဗာန်မဂ်ဖိုလ်ဖြစ်သည်။ ရည်မှန်းချက် ရောက်အောင် ကိုယ်ကျင့်တရား (သီလ)ပိုင်းနှင့် အလုပ်တရား (ပညာ)ပိုင်းတို့ကို ဖြည့်ကျင့်ရပေမည်။ သီလဆောက်တည်ခြင်း၊ (၃၈)ဖြာမင်္ဂလာကဲ့သို့သော မြတ်ဗုဒ္ဓ၏ အဆုံးအမဩဝါဒများကို လေ့လာမှတ်သား နာယူခြင်းသည် သိမ်မွေ့နူးညံ့ပြီး ကိုယ်ကျင့်တရား ကောင်းမွန်သည့် သူများဖြစ်လာနိုင်ပေသည်။ ထိုမှတစ်ဆင့် အကျင့်ကောင်း အကျင့်မြတ်ဝိပဿနာတရားကို ကြိုးစားအားထုတ်ရပေမည်။ ယင်းသို့ အားထုတ်ရာတွင်လည်း သမာဓိတည်ကြည်၍ အကျင့်သီလနှင့် ပြည့်စုံမှသာ ပေါက်ရောက်အောင်မြင်နိုင်မည်။

သို့အတွက် တစ်ဦးချင်း၏ ရည်မှန်းချက်အောင်မြင်စေရန်နှင့် လူ့အဖွဲ့အစည်း တိုးတက်တည်တံ့ရေးကို အထောက်အကူပြုနိုင်သည့်သူများ ဖြစ်လာစေရန် ရည်သန်၍ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်၏ လမ်းညွှန်ချက်နှင့်အညီ ပြည်ပသာသနာပြုဌာနခွဲ၊ ကျမ်းပြုဌာနစုက ဤစာအုပ်ငယ်ကို ရေးသားပြုစုခြင်း ဖြစ်ပါသည်။

www.dhammaransi.com

# သီလ

## (သို့မဟုတ်)

# ကိုယ်ကျင့်တရား

### ကိုယ်ကျင့်တရား

လူတစ်ဦးတစ်ယောက် ကောင်းသည်၊ ဆိုးသည်ကို ထိုသူ၏ ကိုယ်ဖြင့်ပြုလုပ်သော ကာယကံအမှု၊ နှုတ်ဖြင့် ပြောဆိုသော ဝစီကံအမှုတို့အပေါ် ကြည့်ရှုသုံးသပ်၍ အဆုံးအဖြတ် ပြုကြသည်။ ကောင်းသောအလုပ်ကို ပြုလုပ်သော၊ ကောင်းသောစကားကို ပြောဆိုသော သူကို လူကောင်း၊ မကောင်းမှုကို ပြုလုပ်သူ၊ မကောင်းသောစကားကို ပြောကြားသူကို လူဆိုးဟုသတ်မှတ်ကြသည်။ လူကောင်းသည် အကျင့်သီလနှင့် ပြည့်စုံသူ၊ လူဆိုးသည် အကျင့်သီလမဲ့သူ ဖြစ်သည်။ အကျင့်သီလနှင့်ပြည့်စုံသူ လူကောင်းသူကောင်းများ နေထိုင်ရာ လူ့အဖွဲ့အစည်းသည် ငြိမ်းချမ်းသည်။ သာယာဝပြော၍ အစဉ်တိုးတက်နေမည်သာ ဖြစ်သည်။ လူဆိုးသူဆိုးတို့၏

www.dhammaransi.com



## သီလနှင့် ပညာသည် အမြတ်ဆုံး

အကျင့်သီလကောင်းသူ၏ လောကတွင် အသုံးဝင်ပုံကို မြတ်စွာ ဘုရားရှင်နှင့် သောဏဒဏ္ဍပုဏ္ဏားတို့၏ ဗြဟ္မဏဟု သတ်မှတ်ချက်နှင့်ပတ်သက်သော အမေးအဖြေတွင် သာဓက အဖြစ် တွေ့ရသည်။ မြတ်စွာဘုရားရှင်က သောဏဒဏ္ဍ ပုဏ္ဏားအား-

"ဗြဟ္မဏဟု ခေါ်ဝေါ်နိုင်ဖို့ အင်္ဂါ ဘယ်နှစ်ပါးဖြင့် သတ်မှတ်ပါသလဲ"ဟု မေးမြန်းရာ သောဏဒဏ္ဍက-

"အမျိုးဇာတ် မြတ်ခြင်း၊ ဗေဒင်မန္တန်တတ်ခြင်း၊ ရုပ် အဆင်း လှပခြင်း၊ အကျင့်စာရိတ္တ သီလနှင့် ပြည့်စုံခြင်း၊ အသိပညာ ပြည့်စုံခြင်းဟူသော အင်္ဂါငါးပါးဖြင့် သတ်မှတ် ကြောင်း" ဖြေကြားသည်။

ဘုရားရှင်က-

"ထိုအင်္ဂါငါးပါးမှ တစ်ပါးနှုတ်၍ လေးပါးဖြင့် သတ်မှတ် လျှင် ဘယ်တစ်ပါးကို နှုတ်မည်နည်း"ဟု မေးမြန်းရာ သောဏဒဏ္ဍက-

"အဆင်းလှခြင်းကို နှုတ်၍ ကျန်လေးပါးဖြင့် သတ်မှတ် ပါမည်"ဟု ဖြေကြားသည်။

ထို့အတူ နှစ်ပါးနှုတ်၍ သုံးပါးဖြင့် သတ်မှတ်လျှင် ဗေဒင် မန္တန် တတ်ခြင်းကိုလည်းကောင်း၊ သုံးပါးနှုတ်၍ နှစ်ပါးဖြင့် သတ်မှတ်လျှင် အမျိုးဇာတ်မြတ်ခြင်းကိုလည်းကောင်း

www.dhammaransi.com



နှုတ်ပယ်၍ အကျင့်သီလနှင့် အသိပညာနှစ်ပါးဖြင့် ပြည့်စုံသူကို ဗြဟ္မဏဟူ၍ သတ်မှတ်ရပါမည်ဟု ဘုရားရှင်၏ အမေးတို့ကို ဖြေကြားခဲ့သည်။

ထို့နောက် ဘုရားရှင်က-

“အကျင့်သီလနှင့် ပြည့်စုံခြင်းမရှိဘဲ ပညာရှိခြင်း ဂုဏ်တစ်ခုနှင့်သာ ပြည့်စုံပါက ဗြဟ္မဏဟူ၍ ခေါ်နိုင်ပါသလား”ဟု မေးမြန်းရာ သောဏဒဏ္ဍက-

“မခေါ်နိုင်ပါ၊ လက်တစ်ဖက်ကို အခြားလက်တစ်ဖက်ဖြင့် ဆေးကြောရသကဲ့သို့ ခြေတစ်ဖက်ကို အခြားခြေတစ်ဖက်ဖြင့် ဆေးကြောရသကဲ့သို့ ပညာကို သီလဖြင့် ဆေးကြောရပါတယ်။ သီလကို ပညာဖြင့် ဆေးကြောရပါတယ်။ သီလနှင့်ပညာကို လောကမှ အမြတ်ဆုံးဟု ဆိုသင့်ပါတယ်”ဟူ၍ ဖြေကြားခဲ့သည်။ ထိုအခါ ဘုရားရှင်က-

“သင့်စကားမှန်ပါတယ် သောဏဒဏ္ဍ၊ ပညာကို သီလဖြင့် ဆေးကြောရတယ်။ သီလကိုလည်း ပညာဖြင့် ဆေးကြောရတယ်၊ အမြော်အမြင်၊ အဆင်ခြင်နဲ့ ထိုးထွင်းသိမြင်တဲ့ပညာရှိမှ မှန်ကန်သော အကျင့်သီလလည်း ရှိနိုင်တယ်၊ အကျင့်သီလကောင်း၊ အကျင့်သီလ မှန်မှလည်း အသိပညာရှိသူဖြစ်နိုင်တယ်၊ အကျင့်သီလနှင့်ပညာကို လောကမှာ အမြတ်ဆုံးလို့ ဆိုသင့်ပါတယ်”ဟု ဟောတော်မူခဲ့သည်။

www.dhammaransi.com



## သိကြားမင်းက ရှိခိုးရသူများ

ဘုရားရှင် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတွင် သီတင်းသုံးတော်မူစဉ် သိကြားမင်းသည် ဥယျာဉ်မြေအရပ်သို့ သွားရန် မာတလိ နတ်သားအား သိန္ဓောမြင်းရထားကို အသင့်ပြင်စေသည်။

မာတလိသည် ရထားကို အသင့်ပြင်ပြီး၍ သိကြားမင်းကိုလျှောက်သောအခါ သိကြားမင်းသည် ဝေဇယန္တာပြာသာဒ်မှ ဆင်းသက်ပြီး လက်အုပ်ချီကာ အရပ် ဆယ်မျက်နှာတို့ကို ရှိခိုး၏။

ထိုအခါ မာတလိသည် သိကြားမင်းကို မေး၏။

"အရှင်သိကြားမင်း-ဗေဒင်သုံးပုံ တတ်မြောက်သောသူတို့သည်လည်းကောင်း၊ မြေ၌နေကုန်သောခပ်သိမ်းကုန်သောသူတို့သည်လည်းကောင်း၊ နတ်မင်းကြီးလေးပါးတို့သည်လည်းကောင်း၊ များသော အခြံအရံရှိကုန်သော တာဝတိံသာနတ်တို့သည်လည်းကောင်း အရှင်သိကြားမင်းကို ရှိခိုးကြပါကုန်လျက်၊ အရှင်သိကြားမင်းသည် အဘယ်နတ်မင်းကို ရှိခိုးပါသနည်း"

"မာတလိ-ငါသည်ကား သီလနှင့် ပြည့်စုံကုန်သော၊ ကာလကြာမြင့်စွာ စိတ်နှလုံးကောင်း ထားရှိကုန်သော၊ မြတ်သောအကျင့်နှင့် ပြည့်စုံကုန်သော ရဟန်းကောင်းတို့ကို ရှိခိုး၏။"

www.dhammaransi.com



"မာတလိ-ကောင်းမှုပြုကြကုန်သော၊ သီလရှိကုန်သော၊ ရတနာ သုံးပါးကို ဆည်းကပ်သော၊ တရားသဖြင့် သားမယား ကို လုပ်ကျွေးသောသူတို့ကို ငါရှိခိုး၏"ဟု ဖြေကြားလေသည်။

သိကြားမင်းပြောသောစကားကို နှစ်သက်သဖြင့် မာတလိသည်-

"အရှင်သိကြားမင်း၊ အရှင်ရှိခိုးသောသူတို့သည် လောက၌ မြတ်ကုန်သည်သာ ဖြစ်သတတ်၊ အရှင်ရှိခိုးသော သူတို့ကို အကျွန်ုပ်လည်း ရှိခိုးပါ၏"ဆိုကာ အရပ်ဆယ်မျက်နှာ ရှိ သီလနှင့် ပြည့်စုံသူတို့ကို ရှိခိုးလေသည်။

## သီလရနံ့

အခါတပါး မြတ်စွာဘုရားအား အရှင်အာနန္ဒာက ဤသို့ လျှောက်ထား၏။

"မြတ်စွာဘုရား၊ အမြစ်နံ့သော၊ အနှစ်နံ့သော၊ အပွင့်နံ့သော သုံးမျိုးတို့၏ အနံ့သည် လေစုန် လေအောက်သို့သာလျှင် သွားပါ၏။ လေညာ လေဆန်သို့ မသွားပါ။ လေစုန် လေကြေ သို့လည်းကောင်း၊ လေဆန် လေညာသို့လည်းကောင်း သွားနိုင်သော တစ်စုံတစ်ခုသော အနံ့ရှိပါသလော"

ဘုရားရှင်က-

"အာနန္ဒာ-ပန်းအနံ့သည် လေဆန်လေညာသို့ မသွား၊ စန္ဒကူး၊ တောင်ဇလပ်၊ စပယ်၊ ကြက်ရုံးပန်းအနံ့တို့သည်လည်း

www.dhammaransi.com



လေဆန် လေညာသို့မသွား၊ သူတော်ကောင်းတို့ ၏ အနံ့သည်သာ လေဆန် လေညာသို့ သွား၏။ သူတော်ကောင်းတို့၏ အနံ့သည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လှိုင်ကြ၏”

“အာနန္ဒာ-စန္ဒကူး၊ တောင်ဇလပ်၊ ကြာညို၊ မြတ်လေး၊ ကြက်ရုံးပန်းတို့၏ အနံ့အမျိုးမျိုးတို့ထက် ထိန်းသိမ်းစောင့်စည်းအပ်သော သီလရနံ့သည်သာ အတုမရှိ မြတ်၏” ဟု ဟောကြားတော်မူသည်။

ကိုယ်ကျင့်တရား ကောင်းသူ၊ သီလရှိသူသည် မိမိ၏ အပြော၊ အလုပ်၊ ကြံစည်စိတ်ကူးမှုတို့၏ သန့်စင်မှုကြောင့် တစ်စုံတစ်ရာ စိုးရိမ်သောက ဗျာပါဒ မရှိချေ။ စိတ်အေးချမ်းသာ နေရသည်။ မိမိ၏ ကောင်းသော ဂုဏ်သတင်းကို ပတ်ဝန်းကျင်က ဆောင်ကြဉ်းပေးသည်။ ကိုယ်တိုင် လှုံ့လစိုက်ရန် မလိုပေ။ လက်ရှိဘဝတွင် ကောင်းကျိုးရှိရုံသာမက သေလွန်သည့်အခါတွင်လည်း ကောင်းရာသုဂတိဘုံမှ လွဲ၍ အခြားရောက်စရာ မရှိပေ။

ထို့ကြောင့်ပင်-

သဂ္ဂါရောဟဏာ သောပါနံ၊ အညံ သီလသမံကုတော

ဒွါရံဝါပန၊ နိဗ္ဗာန၊ နဂရဿ ပဝေသန

သီလနှင့်တူသော အခြားသောနတ်ပြည်တက်ကြောင်းစောင်းတန်းလှေခါးသည် အဘယ်မှာ ရှိအံ့နည်း။ နိဗ္ဗာန်ရွှေပြည်သို့ဝင်ခြင်း၌ သီလနှင့်တူသောတံခါးသည် အဘယ်

www.dhammaransi.com



မှာ ရှိအံ့နည်းဟူ၍ မြတ်စွာ ဘုရားရှင်က ဟောကြားခဲ့ခြင်း ဖြစ်ပေသည်။

သီလလှေခါး၊ သီလတံခါးမှ သုဂတိဘုံသို့ တက်လှမ်းဝင်ရောက်ကြရုံသာ။

## သီလပြည့်စုံခြင်း၊ သီလပျက်ခြင်း

### သီလဟူသည်

သီလဟူသောစကားသည် ပါဠိအတိုင်း ခေါ်ဆိုထားသော မြန်မာဝေါဟာရ ဖြစ်သည်။

ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌-

"ကိံသီလန္တိ စေတနာသီလံ စေတသိကံသီလံ၊

အဝီတက္ကမောသီလန္တိ"

ဟူ၍ ဟောတော်မူသည်။ အဓိပ္ပါယ်မှာ စေတနာသည် သီလမည်၏။ စေတသိက်တို့သည် သီလမည်၏။ ပိတ်ဆို့စောင့်ရှောက်ခြင်း သံဝရ တရားသည် သီလမည်၏။ မလွန်ကျူးခြင်းသည် သီလမည်၏ဟူ၍ ဖြစ်သည်။

မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်ဟူသော ဣန္ဒြေခြောက်ပါးတို့ကို မကောင်းသောအာရုံများဘက်သို့ မရောက်အောင် ပိတ်ဆို့စောင့်ရှောက်ခြင်း၊ မကောင်းမှုကို မကျူးလွန်ခြင်း၊ ထိုသို့ မကောင်းမှု မကျူးလွန်မိစေရန် တိုက်တွန်း

www.dhammaransi.com



သည့် စိတ်စေတသိက် ဖြစ်ပေါ်အောင် မွေးမြူခြင်းတို့သည် သီလပင် ဖြစ်သည်။

"သီလန"ဟူသော အနက်သဘောကြောင့်လည်း သီလဟူ၍ ခေါ်ခြင်းဖြစ်သည်။သီလနအနက်မှာ ကာယကံ၊ ဝစီကံတို့ကို သိမ်းသိမ်းဆည်းဆည်း ကောင်းစွာ သိုမှီးထားခြင်း၊ ကုသိုလ်ဖြစ်ကုန်သော တရားတို့၏ တည်ရာ မှီရာ ဖြစ်ခြင်းတို့ပင် ဖြစ်သည်။

ချုပ်၍ဆိုရလျှင် "**ကာယကံမှု၊ ဝစီကံမှုတို့ကို ရုန့်ရင်းကြမ်းတမ်းစွာ ဖြစ်ခွင့်မပေးဘဲ သိမ်မွေ့နူးညံ့အောင် ကောင်းစွာထားတတ်သောကြောင့်လည်းကောင်း၊ ကုသိုလ်တရားများအဆင့်ဆင့် ဖြစ်ပွားအောင် အခြေခံအကြောင်းရင်းအဖြစ်ဆောင်ရွက်တတ်သောကြောင့်လည်းကောင်း သီလဟုခေါ်ဆိုခြင်း ဖြစ်သည်။**"

## သီလပြည့်စုံခြင်းအကျိုး

ဤလောက၌ သီလရှိသော၊ သီလနှင့်ပြည့်စုံသောသူသည် မမေ့မလျော့၊ မပေါ့တန်ခြင်းတည်းဟူသော အကြောင်းကြောင့်-

- ကြီးစွာသော စည်းစိမ်ကို ရ၏။
- ကောင်းသော ကျော်စောသတင်း ပျံ့နှံ့၏၊

www.dhammaransi.com



- ပရိသတ်အား ကြောက်ရွံ့ခြင်းကင်းစွာ ရဲရဲရင့်ရင့် ကျက်သရေ မင်္ဂလာရှိစွာ၊ ရွှင်လန်းစွာ ချဉ်းကပ်ဆက်ဆံ ရ၏၊
- မိမိပြုဘူးသော ကောင်းမှုကုသိုလ်တို့ကို ထင်မြင်၍ မတွေမဝေ ကြည်ကြည်လင်လင် သေရ၏၊
- သေသည့်နောက် နတ်ပြည်သို့ မချွတ်ရောက်ရ၏၊

ဟူ၍ မြတ်စွာဘုရား ဟောကြားခဲ့သည်။

## နိဗ္ဗာန်တိုင်အောင် အကျိုးပေးပုံ

မြတ်စွာဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးစဉ် အရှင်အာနန္ဒာက-

"အပြစ်မရှိသောသီလသည် အဘယ်အကျိုးအာနိသင် ရှိပါသနည်း"ဟု လျှောက်ထားသဖြင့် ဟောကြားရာ၌-

- အပြစ်မရှိသောသီလတို့သည် စိတ်နှလုံး ရွှင်လန်းခြင်း အကျိုး အာနိသင် ရှိ၏၊
- စိတ်နှလုံး ရွှင်လန်းခြင်းသည် ဝမ်းမြောက်မှုအကျိုး အာနိသင် ရှိ၏၊
- ဝမ်းမြောက်မှုသည် နှစ်သက်မှုအကျိုးအာနိသင် ရှိ၏၊
- နှစ်သက်မှုသည် ငြိမ်းချမ်းမှုအကျိုးအာနိသင် ရှိ၏၊
- ငြိမ်းချမ်းမှုသည် ချမ်းသာမှုအကျိုးအာနိသင် ရှိ၏၊

www.dhammaransi.com



- ချမ်းသာမှုသည် တည်ကြည်မှုအကျိုးအာနိသင် ရှိ၏၊
- တည်ကြည်မှုသည် ဟုတ်တိုင်းမှန်စွာ သိမြင်မှုအကျိုး အာနိသင် ရှိ၏၊
- ဟုတ်တိုင်းမှန်စွာ သိမြင်မှုသည် ငြီးငွေ့မှုအကျိုး အာနိသင် ရှိ၏၊
- ငြီးငွေ့မှုသည် တပ်မက်ခြင်းကင်းမှုအကျိုး အာနိသင် ရှိ၏၊
- တပ်မက်ခြင်းကင်းမှုသည် လွတ်မြောက်မှုနှင့် လွတ်မြောက်မှုကိုသိသော အကျိုးအာနိသင် ရှိ၏၊

ဤသို့လျှင် အပြစ်မရှိသော သီလသည် အစဉ်အတိုင်း အရဟတ္တဖိုလ်သို့ ရောက်ကုန်၏ဟု ဟောတော်မူသည်။

သီလသည် နိဗ္ဗာန်တိုင်အောင် အကျိုးပေးနိုင်သည် သာတည်း။

## လိုတရ

သီလအကျိုးနှင့် ပတ်သက်၍ မြတ်စွာဘုရားသည် ရဟန်းတို့အား ဟောကြားရာ၌-

"ရဟန်းတို့ သီလနှင့်ပြည့်စုံစွာ နေကြကုန်လော့၊ အနည်းငယ်မျှသောအပြစ်တို့ကို ဘေးဟု ရှုမြင်လျက် သိက္ခာပုဒ်တို့ကို ကောင်းစွာ ဆောက်တည်လျက် ကျင့်ကြကုန်လော့။"

www.dhammaransi.com



"ရဟန်းတို့-သီတင်းသုံးဖော်တို့၏ ချစ်ခင်လေးစား ချီးမွမ်းခံရသူ၊ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးရသူ၊ ထိုပစ္စည်းလေးပါးထောက်ပံ့သူအား အကျိုးဖြစ်ထွန်းစေလိုသူ၊ ပြိတ္တာ ဖြစ်နေသော ဆွေမျိုးသားချင်းတို့၏ ကြည်ညိုစိတ်ကို အကျိုးကြီးမားစေလိုသူ၊ စိတ်ချမ်းမြေ့ ပျော်မွေ့သူ၊ အပြစ်မှ လွတ်ကင်းလိုသူ၊ ကြောက်ရွံ့ခြင်း ကင်းလိုသူ၊ မပင်မပန်းနှင့် လိုတိုင်းရ၍ မျက်မှောက်ချမ်းသာစွာ နေလိုသူ၊ ရုပ်ဆင်းရဲကို လွန်မြောက်ကာ နာမ်ချမ်းသာဖြင့်နေလိုသူ အပါယ်မကျဘဲ ကောင်းရာသုဂတိဘုံသို့သာ ဧကန်လားရမည့် သောတာပန် ဖြစ်လိုသူ၊ လူ့လောကတွင် တစ်ကြိမ်သာ လူဖြစ်ပြီး ဝဋ်ဆင်းရဲကို အဆုံးသတ်မည့် သကဒါဂါမ် ဖြစ်လိုသူ၊ ဗြဟ္မာဘုံ၌သာ ပဋိသန္ဓေနေ၍ အောက်ဘုံသို့ ပြန်လည်လားရောက်ခြင်း မရှိသူ၊ များသောတန်ခိုးကို ဖန်ဆင်းနိုင်သူ၊ အနီး အဝေး အကုန်ကြားနိုင်သော နတ်တို့၏နားနှင့်တူသော ဒိဗ္ဗသောတ ဉာဏ်နားရလိုသူ၊ အခြားသူများ၏စိတ်ကို အကုန်အစင် သိလိုသူ၊ ရှေးဘဝများစွာကို ပြန်လည်အောက်မေ့ သိရှိနိုင်သူ၊ သတ္တဝါတို့၏ ကောင်းသော၊ မကောင်းသောလားရာကို သိရှိသူ ဖြစ်လိုခဲ့ပါက သီလကို ဖြည့်ကျင့်ပြီး၊ မိမိစိတ်ကို ငြိမ်သက်အောင် ကြိုးစားကာ၊ ကမ္မဋ္ဌာန်း ဝိပဿနာတရား ပွားများအားထုတ်ကြကုန်လော့"

"ဣစ္ဆတိဘိက္ခဝေ သီလဝတော စေတော ပဏိဓိ ဝိသုဒ္ဓတ္တာ"

www.dhammaransi.com



"ရဟန်းများတို့-သီလရှိသူမှာ သူ၏တောင့်တမှုက စင်ကြယ်သည့်အတွက် စိတ်တောင့်တတိုင်း ပြည့်စုံနိုင်သည်" ဟူ၍ ဟောကြားခဲ့သည်။

## သီလပျက်ခြင်း အပြစ်

- စည်းစိမ်ဥစ္စာ ဆုတ်ယုတ်ခြင်း၊
- မကောင်းသတင်း ကျော်စောခြင်း၊
- ပရိတ်သတ်အလယ် မျက်နှာညှိုးငယ်ခြင်း၊
- မကောင်းမှုကို ပြုမိချေပြီဟု ကြောက်ရွံ့ထိတ်လန့်ကာ တွေဝေစွာ သေရခြင်း၊
- သေသည့်နောက် အပါယ်လားရခြင်းတို့သည် သီလပျက်ခြင်း၏ အပြစ်များတည်း။

ထို့ပြင် သီလပျက်ခြင်းကြောင့်-

- နတ်လူတို့ မုန်းခြင်း၊
- အတူတကွ ပေါင်းဖော်ကြသူတို့ ဆုံးမပဲ့ပြင်မှု မရှိကြတော့ခြင်း၊
- မကောင်းသည့်အကျင့်များ ကြာရှည်သဖြင့် ပြုပြင်ရန် ခဲယဉ်းခြင်း၊
- အရှိန်အဝါ မရှိခြင်း၊

www.dhammaransi.com



- သီလရှိသူတို့က ဝေးစွာ ရှောင်ရှားခြင်း၊
- မဂ်ဖိုလ်တရားထူးရရန် လမ်းမမြင်ခြင်း၊
- မိမိကိုယ်ကို မိမိ စွပ်စွဲခြင်းဟူသော အတ္တာနုဝါဒဘေး ဆိုက်ခြင်း၊

("ငါ့ကို လူကြီးလူကောင်းဟုလည်းကောင်း၊ သူတော်ကောင်း ဟုလည်းကောင်း၊ လူအများက အထင်ကြီးနေကြသော်လည်း ငါ့အကြောင်းကို ငါသာသိ၏။ ငါသည် သူတို့ထင်သလို ကောင်းသောသူတော်ကောင်း မဟုတ်၊ မကောင်းမှုဒုစရိုက် များကို ခိုးကြောင်ခိုးဝှက် ပြုလုပ်လေ့ရှိသော လူယုတ်မာ တစ်ယောက် ဖြစ်သည်"ဟု မိမိကိုယ်ကို မိမိ ပြန်၍စွပ်စွဲ ကဲ့ရဲ့ခြင်း၊ မိမိကိုယ်ကို မိမိ မကြည်ညိုနိုင်ခြင်းသည် အတ္တာနု ဝါဒဘေးပင် ဖြစ်သည်။)

- ပညာရှိတို့ ကဲ့ရဲ့ခြင်းဟူသော ပရာနုဝါဒဘေး ဆိုက်ခြင်း၊
- တူညီသော ပြစ်ဒဏ်ခံရသော ဒဏ္ဍဘေးဆိုက်ခြင်း၊ (ယခုဘဝမှာပင် သူ့ကို သတ်မိ၍ ကိုယ့်ကိုလည်း အသတ်ခံရခြင်း၊ သူ့ဥစ္စာ ခိုးမိ၍ ဥစ္စာရှင်၏ ရိုက်နှက် သတ်ပုတ်ခံရခြင်း၊ သူ့အိမ်ယာပြစ်မှားမိ၍ အသတ်ခံ ရခြင်း၊ ပြစ်မှုထင်ရှား၍ ထောင်ဒဏ်ကျခံရခြင်း စသည်တို့သည် ဒဏ္ဍဘေးပင် ဖြစ်သည်။)

www.dhammaransi.com



## သီလညစ်ညူးခြင်း

ငါးပါးသီလ၊ ရှစ်ပါးသီလ စသောသီလတို့၏ အစ သိက္ခာပုဒ်ဖြစ်စေ၊ အဆုံးသိက္ခာပုဒ်ဖြစ်စေ ပျက်လျှင် သီလကျိုးပြတ်ခြင်း ဖြစ်သည်။ အလယ်သိက္ခာပုဒ် ပျက်လျှင် သီလပေါက်ခြင်း ဖြစ်သည်။ သိက္ခာပုဒ် တစ်ခုကျော် စသည်ဖြင့် အကြားအကြားမှာ သိက္ခာပုဒ်ပျက်လျှင် သီလပြောက်ခြင်း ဖြစ်သည်။ အစ အလယ် အဆုံး တစ်မျိုးမျိုး၌ သိက္ခာပုဒ်နှစ်မျိုး သုံးမျိုး ဆက်၍ပျက်လျှင် သီလကြားခြင်း ဖြစ်သည်။

သီလကျိုးခြင်း၊ ပေါက်ခြင်း၊ ပြောက်ခြင်း၊ ကြားခြင်းတို့သည် သီလညစ်ညူးခြင်း ဖြစ်သည်။ သီလညစ်ညူးခြင်းသည် မေထုန်ငယ်ခုနစ်ပါးကြောင့်လည်း ဖြစ်နိုင်သည်။ မေထုန်ငယ် ခုနစ်ပါးမှာ-

(၁) အမျိုးသမီး၏ ကိုယ်ထိလက်ရောက် ပြုစုမှုများကို သာယာခြင်း၊

(၂) အမျိုးသမီးနှင့်အတူ ရယ်မောရွှင်မြူးနေရသည်ကို သာယာခြင်း၊

(၃) အမျိုးသမီးနှင့် မျက်လုံးချင်း ဆိုင်ပြိုင်၍ ကြည့်နေရသည်ကို သာယာခြင်း၊

(၄) အမျိုးသမီးရယ်မောသံ၊ စကားပြောသံ၊ သီချင်းဆိုသံတို့ကို နားထောင်၍ သာယာခြင်း၊

www.dhammaransi.com



(၅) အမျိုးသမီးနှင့်အတူ ရယ်ရွှင်ပြောကြား ကစားခဲ့ဘူးသည်ကို အောက်မေ့သာယာခြင်း၊

(၆) သူတစ်ပါးတို့ စည်းစိမ်ခံစားနေရသည်ကို အားကျတောင့်တ သာယာခြင်း၊

(၇) သီလအကျင့်ဖြင့် နတ်စည်းစိမ်ကို ရလိုသော တောင့်တသာယာမှု ဖြစ်ခြင်း၊

တို့ပင် ဖြစ်သည်။

သီလစောင့်ထိန်းထားသူ အမျိုးသမီးများလည်း အမျိုးသားများနှင့် အလားတူ သာယာမှုဖြစ်ပါက သီလညစ်ညူး၏။

ယုတ်ညံ့သော တရားများကြောင့်လည်း သီလညစ်နွမ်းရသည်။

- အမျက်ထွက်ခြင်း (ကောဓ)
- ရန်ညှိုးဖွဲ့ခြင်း (ဥပနာဟ)
- သူ့ဂုဏ်ကျေးဇူးကို ချေဖျက်ခြင်း (မက္ခ)
- ဖက်ပြိုင်တုပခြင်း (ပဋာသ)
- သူတစ်ပါး ကြီးပွားချမ်းသာသည့်ကို မနာလို၊ မရှုဆိတ်ခြင်း (ဣဿာ)
- မိမိစည်းစိမ်ကို နှမြောဝန်တိုခြင်း၊ သူတစ်ပါးအား ပေးကမ်းရမည်ကို တွန့်တိုစေးနှဲခြင်း (မစ္ဆရိယ)
- မိမိ၌ ထင်ရှားရှိသော အပြစ်ကို ဖုံးကွယ်ထားခြင်း (မာယာ)

www.dhammaransi.com



- မိမိ၌ ထင်ရှားမရှိသောဂုဏ်ကို ရှိလေဟန်ဆောင်ခြင်း (သာဌေယျ)တို့သည် ယုတ်ညံ့သောတရားများပင် ဖြစ်သည်။

## သီလစင်ကြယ်ကြောင်း အင်္ဂါခုနစ်ပါး

(၁) မကျိုးမပြတ်ခြင်း၊

(၂) မပေါက်ခြင်း၊

(၃) မပြောက်ခြင်း၊

(၄) မကြားခြင်း၊

(၅) တဏှာကို တော်လှန်နိုင်ခြင်း၊

(၆) ပညာရှိတို့ ချီးမွမ်းအပ်ခြင်း၊

(၇) သီလနှင့် စပ်၍ တဏှာ၊ ဒိဋ္ဌိမဖြစ်ခြင်း။

## သီလစင်ကြယ်ခြင်း

မကျိုးမပေါက် မပြောက်မကြားသော သီလသည် စင်ကြယ်၏။ တဏှာ၏ ကျွန်အဖြစ်မှ တော်လှန်လွတ်မြောက်အောင် စောင့်ထိန်းသောသီလသည် စင်ကြယ်၏။ ပညာရှိတို့ချီးမွမ်းအပ်သော သီလသည်စင်ကြယ်၏။ ငါ၏သီလသည် အလွန်တရာ စင်ကြယ်သည်။ ဤသီလကြောင့် နောင်အခါကြီးကျယ်သော လူနတ်စည်းစိမ်ချမ်းသာကို ရရှိပါစေ စသည်

www.dhammaransi.com



ဖြင့် မျှော်လင့်တပ်မက်ခြင်း မရှိ သီလမျှဖြင့် နိဗ္ဗာန် ရနိုင်သည် ဟု တယူသန် အစွဲကြီးမှုလည်း မရှိသော သီလသည် စင်ကြယ်၏။

သီလစင်ကြယ်ကြောင်း အင်္ဂါခုနစ်ပါးနှင့် ပြည့်စုံသော သီလသည်သာ သမာဓိကို ဖြစ်စေနိုင်သည်။ ဆင်းရဲကုန်ရာ နိဗ္ဗာန်ကို လျင်မြန်စွာ ရောက်စေခြင်းငှါ အထောက်အကူ ဖြစ်စေနိုင်သည်။ သမာဓိကို ဆောက်တည်လိုသော မြတ်သော ပုဂ္ဂိုလ်တို့သည် မိမိ၏သီလကို ဤအင်္ဂါခုနစ်ပါးနှင့် ပြည့်စုံအောင် အားထုတ်စောင့်ထိန်းကြရမည်သာ ဖြစ်သည်။

## သီလအမျိုးမျိုး

သီလ၏အဓိပ္ပါယ်အရ မိမိ၏ ပြုမူမှု၊ ပြောဆိုမှု၊ ကြံစည်စိတ်ကူးမှုများကို မကောင်းမှုဘက်မရောက်အောင် ထိန်းသိမ်းစောင့်ရှောက်ထားခြင်းကို သီလစောင့်ထိန်းခြင်းဟု ခေါ်ဆိုခြင်း ဖြစ်သည်။ သီလစောင့်ထိန်းရာတွင် စောင့်ထိန်းမှုကို လိုက်ကာ မြတ်စွာဘုရားရှင်က သီလကို အမျိုးအမည် ခွဲခြား၍ ဟောခဲ့သည်။

## နှစ်မျိုးခွဲခြား၍ရသော သီလ သို့မဟုတ် နှစ်ပါးအပြားရှိသောသီလ

ပမာအားဖြင့်-စာရိတ္တသီလ (ဆောင်ရန်သီလ)နှင့် ဝါရိတ္တသီလ (ရှောင်ရန်သီလ)တို့ ဖြစ်သည်။

www.dhammaransi.com



မြတ်စွာဘုရားက ပြုကျင့်အပ်၏ဟု ပညတ်ထားသော သိက္ခာပုဒ်ကို ဖြည့်ကျင့်ခြင်းသည် စာရိတ္တသီလဖြစ်ပြီး မပြုကျင့်အပ်ဟု တားမြစ်အပ်သောအရာကို မပြုကျင့်ဘဲ ရှောင်ကြဉ်ခြင်းသည် ဝါရိတ္တသီလ ဖြစ်သည်။

အပြစ်မရှိသောလုပ်ငန်းတာဝန်များ၊ ဝတ္တရားများကို ပြုကျင့်လိုက်နာ ဆောင်ရွက်ခြင်း၊ လူကြီးသူမတို့ကို ရိုသေလေးစားခြင်း၊ အပြောအဆို လိမ္မာယဉ်ကျေးခြင်း၊ အသွားအလာ အနေအထိုင် နူးညံ့သိမ်မွေ့ခြင်း၊ ရဟန်းသံဃာ၊ မိဘ၊ ဆရာ၊ လူကြီးသူမတို့ ရှေ့မှောက်၌ ကိုယ်ကိုကိုင်းညွတ်၍ သွားခြင်း၊ ကိုးရိုးကားရား မနေခြင်း၊ ဆရာ၊ မိဘတို့၏ အရင်စားဦးစားဖျား မစားခြင်း စသော လူမှုကျင့်ဝတ်များ၊ သိင်္ဂါလောဝါဒသုတ်လာ၊ မိဘကျင့်ဝတ်၊ သားသမီးကျင့်ဝတ်၊ မယားကျင့်ဝတ်၊ လင်ကျင့်ဝတ် စသည်တို့ လိုက်နာကျင့်သုံးခြင်းတို့သည်လည်း စာရိတ္တသီလပင် ဖြစ်သည်။

ဤအကျင့်တို့ကို ကျင့်လျှင် ကောင်းသောအကျင့်ဖြစ်၍ နောင်အခါ ကောင်းကျိုးရနိုင်မည်ဟု ယုံကြည်မှုသဒ္ဓါတရား၊ မပျင်းမရိ စိတ်ရှည်လက်ရှည် အားထုတ်လုပ်ကိုင်မှု ဝီရိယတို့နှင့် ပြီးစီးအောင် အားထုတ်လုပ်ကိုင်မှသာ စာရိတ္တသီလနှင့် ပြည့်စုံသူဟု ဆိုနိုင်သည်။

သူ့အသက်သတ်ခြင်း စသော ဒုစရိုက်များမှ ရှောင်ကြဉ်ခြင်း၊ ငါးပါးသီလကို ပြည့်စုံအောင် စောင့်ထိန်းခြင်းသည် ဝါရိတ္တသီလ ဖြစ်သည်။ ဝါရိတ္တသီလသည် ဖြည့်ကျင့်သူအား

www.dhammaransi.com



နတ်ရွာနိဗ္ဗာန်ရောက်အောင် ပို့ဆောင်နိုင်သကဲ့သို့ ကျူးလွန်သူအား အပါယ်ကျစေနိုင်သည်။

## ကာလပရိယန္တသီလနှင့် အာပါဏကောဋိကသီလ

တစ်နာရီ နှစ်နာရီ တစ်ရက်၊ နှစ်ရက်၊ တစ်ပတ် စသည်ဖြင့် အချိန်ကာလ ပိုင်းခြားဆောက်တည်သောသီလကို ကာလပရိယန္တသီလ၊ အသက်ရှင်သရွေ့ ကာလပတ်လုံးဆောက်တည်သောသီလကို အာပါဏကောဋိကသီလဟု ခေါ်သည်။

## သုံးမျိုးကွဲပြားသောသီလ

ပမာအားဖြင့်-ဟီနသီလ၊ မဇ္ဈိမသီလနှင့် ပဏီတသီလတို့ ဖြစ်သည်။

တပ်မက်မှုတဏှာဖြင့် ဘဝ၏ပြည့်စုံမှု (ဘဝသမ္ပတ္တိ)၊ စည်းစိမ်ဥစ္စာနှင့် ပြည့်စုံမှု (ဘောဂသမ္ပတ္တိ)တို့ကို လိုချင်တောင့်တ၍ ဆောက်တည်အပ်သော သီလသည် အနိမ့်စားသီလ (ဟီနသီလ)ဖြစ်သည်။

မိမိသံသရာဝဋ်မှ ကျွတ်လွတ်ရန် တောင့်တ၍ ဆောက်တည်ကျင့်သုံးအပ်သော သီလသည် အလတ်စားသီလ (မဇ္ဈိမသီလ) ဖြစ်သည်။

www.dhammaransi.com



အလုံးစုံသောသတ္တဝါတို့ သံသရာဝဋ်ဒုက္ခမှ ကျွတ်လွတ်ကြစေရန် ရည်သန်၍ ပါရမီမြောက် ဆောက်တည်အပ်သော ဘုရားအလောင်းတော်တို့၏ သီလသည် အမြတ်ဆုံးသီလ (ပဏီတသီလ)ဖြစ်သည်။

## လေးမျိုးကွဲပြားသော သီလ

ပမာအားဖြင့်-ဟာနဘာဂိယသီလ၊ ဌိတိဘာဂိယသီလ၊ ဝိသေသဘာဂိယသီလနှင့် နိဗ္ဗေဓဘာဂိယသီလတို့ ဖြစ်သည်။

အကြင်ရဟန်းသည် သီလမရှိသော ဒုဿီလပုဂ္ဂိုလ်ကို မှီဝဲဆည်းကပ်၏။ သီလရှိသောပုဂ္ဂိုလ်ကို မဆည်းကပ်။ အပြစ်ကို မရှုမမြင်။ လွန်ကျူးခြင်းစက္ခု စသောကန္တြေတို့ကို မထိန်းကျောင်း၊ မစောင့်စည်း။ ဤသို့သဘောရှိသော ရဟန်းဖျင်း၏ သီလသည် ဆုတ်ယုတ်သောသီလ (ဟာနဘာဂိယသီလ) ဖြစ်သည်။

အကြင်ရဟန်းသည် သီလ၏ ပြည့်စုံခြင်းဖြင့် သာနှစ်သက်အားရသော စိတ်ရှိ၏။ ကမ္မဋ္ဌာန်းအလုပ်ကို ပွားများအားထုတ်ရန် စိတ်မကူး၊ ဈာန်မဂ်ဖိုလ်တရားထူးရရန် ကြိုးစားအားထုတ်ခြင်းမရှိ ထိုရဟန်း၏သီလသည် မတိုးမပွား ရပ်၍ထားသောသီလ (ဌိတိဘာဂိယသီလ)ဖြစ်သည်။

စင်ကြယ်ပြည့်စုံသော သီလရှိသောရဟန်းသည် ဈာန်သမာဓိရရန် မပြတ်အားထုတ်ကြိုးပမ်း၏။ ထိုရဟန်း၏သီလ

www.dhammaransi.com



သည် ထူးသောအဖိုးရှိသော သီလ (ဝိသေသဘာဂိယသီလ) ဖြစ်သည်။

အကြင်ရဟန်းသည် သီလအကျင့်မျှဖြင့် အားရတင်းတိမ်ခြင်း မရှိ။ ဝဋ်ဆင်းရဲမှ ငြီးငွေ့ကြောင်းဖြစ်သော ဝိပဿနာကို ကြိုးစားအားထုတ်၏။ ထိုရဟန်း၏သီလသည် ကိလေသာအစိုင်အခဲကြီးကို ဖောက်ခွဲနိုင်သောသစ္စာလေးပါးကို ထိုးထွင်းသိမြင်နိုင်သော အကြောင်းရှိသည့်သီလ (နိဗ္ဗေဓဘာဂိယသီလ) ဖြစ်သည်။

## ငါးမျိုးကွဲပြားသောသီလ

ပမာအားဖြင့်-ပဟာနသီလ၊ ဝေရမဏီသီလ၊ စေတနာသီလ၊ သံဝရသီလနှင့် အဝီတက္ကမသီလတို့ ဖြစ်သည်။

သူ့အသက်သတ်ခြင်းကို ပယ်ခြင်းသည် ပဟာနသီလ၊ သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်းသည် ဝေရမဏီသီလ၊ သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ကြောင်းစေတနာသည် စေတနာသီလ၊ သူ့အသက်ကိုသတ်ခြင်းမှ စောင့်စည်းပိတ်ဆို့ခြင်းသည် သံဝရသီလ၊ သူ့အသက်သတ်ခြင်းတည်းဟူသော အကုသိုလ်မှုကို မကျူးလွန်ခြင်းသည် အဝီတက္ကမသီလ ဖြစ်သည်။

သူ့ဥစ္စာကို ခိုးယူခြင်း၊ သူ့အိမ်ယာကို ပြစ်မှားခြင်း၊ မုသားဆိုခြင်း၊ သေရည်သောက်ခြင်း စသည့်သီလ လေးမျိုးကိုလည်း အလားတူပင် ခွဲခြားနိုင်သည်။

www.dhammaransi.com



နှစ်မျိုး၊ သုံးမျိုး၊ လေးမျိုး။ ငါးမျိုး စသည်ဖြင့် ခွဲခြား၍ ရသော အခြားသီလများသည်လည်း ရှိသေး၏။ ဤနေရာတွင် ဥပမာအနေဖြင့် ဖော်ပြခြင်းသာ ဖြစ်သည်။

## အမြဲစောင့်ထိန်းအပ်သော နိစ္စသီလ

ရဟန်းတော်များ စောင့်ထိန်းရသော သီလသိက္ခာပုဒ်၊ သာမဏေများ စောင့်ထိန်းရသော သိက္ခာပုဒ်၊ လူပုဂ္ဂိုလ်တို့ စောင့်ထိန်းအပ်သော သီလ စသည်ဖြင့် နိစ္စသီလများ ရှိသည်။

ရဟန်းတော်များအတွက် အကျဉ်းအားဖြင့် သိက္ခာပုဒ် (၂၂၇)ပါး၊အကျယ်အားဖြင့် ကုဋေကိုးထောင့်တစ်ရာရှစ်ဆယ်၊ ငါးသန်းသုံးသောင်းခြောက်ထောင် ရှိသည်။ ဆယ်ပါးသီလသည် သာမဏေများ အမြဲစောင့်ထိန်းအပ်သော သီလဖြစ်သည်။ လူတို့အတွက် ငါးပါးသီလသည် အမြဲစောင့်ထိန်းအပ်သော သီလဖြစ်သည်။ သို့ရာတွင် ငါးပါးစလုံး ဆောက်တည် စောင့်ထိန်းနိုင်မှ စောင့်ထိန်းကောင်းသည် မဟုတ်ပေ။ တစ်ပါးတတ်နိုင်လျှင် တစ်ပါး၊ နှစ်ပါးတတ်နိုင်လျှင် နှစ်ပါး စသည်ဖြင့် တတ်နိုင်သမျှလည်း စောင့်ထိန်းနိုင်ပေသည်။

www.dhammaransi.com



## ဥပုသ်သီလ

မည်သည့်နေရက်၊ မည်သည့်အချိန်၊ မည်မျှကြာအောင် ဆောက်တည်မည်ဟု အဓိဋ္ဌာန်ဖြင့် သတ်မှတ်ဆောက်တည်ခြင်းသည် ဥပုသ်သီလမည်၏။ လူပုဂ္ဂိုလ်အနေဖြင့် အချိန်အခါအလိုက် ကျင့်သုံးဆောက်တည်ကြသည့် ဥပုသ်သီလများ ရှိသည်။ ရှစ်ပါးသီလ၊ ကိုးပါးသီလ၊ အာဇီဝဋ္ဌမကသီလနှင့် ဆယ်ပါးသီလတို့ ဖြစ်သည်။ လူပုဂ္ဂိုလ်တို့သည် ဥပုသ်သီလ အနေဖြင့် ရှစ်ပါးသီလကို စောင့်ထိန်းလေ့ရှိကြသည်။ ထို့ကြောင့်ပင် ရှစ်ပါးသီလကို ဥပုသ်သီလဟု ခေါ်သည်။ ရှစ်ပါးသီလသည် ပုထုဇဉ်လူပုဂ္ဂိုလ်များအတွက် အသင့်တော်ဆုံး ဥပုသ်သီလဖြစ်သည်။ မကျိုးမပေါက် မပြောက်မကြားဘဲ စောင့်ထိန်းရန် အဆင်ပြေဆုံး ဖြစ်သည်။ တတ်နိုင်၍ ကိုးပါးသီလ၊ ဆယ်ပါးသီလများ စောင့်ထိန်းနိုင်လျှင်လည်း ပို၍ကောင်းသည်။ သို့သော် လောကီရေးရာများနှင့် မကင်းနိုင်သေးသည့် ပုထုဇဉ်များ ဖြစ်သည့်အတွက် မကျိုးမပေါက် မပြောက်မကြား စောင့်ထိန်းရန် ရှစ်ပါးသီလလောက် မလွယ်ကူပေ။ ရှစ်ပါး၊ ကိုးပါး၊ ဆယ်ပါးသီလများကို နိစ္စသီလအဖြစ် အမြဲစောင့်ထိန်းနိုင်လျှင်ကား အကောင်းဆုံးပင် ဖြစ်တော့သည်။

www.dhammaransi.com



## ဥပုသ်နေ့ ဖြစ်ပေါ်ခြင်း

လူ့ပြည်၌ များစွာသောလူတို့သည် အမိအဘနှင့်သမဏ ဗြာဟ္မဏတို့အပေါ်၌ ကောင်းစွာပြုသင့်သော ကျင့်ဝတ်တို့ကို ပြုကြပါကုန်၏လော၊ အဘိုးအဘွား ဦးကြီး ဦးလေး စသည့် အမျိုးထဲ၌ ကြီးသောသူတို့ကို ရိုသေကြပါကုန်၏လော၊ ဥပုသ် သီတင်းကို ကျင့်သုံးကြပါကုန်၏လော၊ ကောင်းမှုတို့ကို ပြုကြ ပါကုန်၏လော ဆိုသည်ကို သိရန် နတ်မင်းကြီးလေးပါးနှင့် တကွ၊ ၎င်းတို့၏သားများ၊ အလုပ်အကျွေးနတ်များသည် လဆန်း (၈)ရက်၊ လဆုတ်(၈)ရက်၊ လပြည့် လကွယ်နေ့တို့၌ လှည့်လည်စုံစမ်းကြကုန်သည်။

ထိုသို့စုံစမ်းရာတွင် လူ့ပြည်၌ ထိုကျင့်ဝတ်များ ဖြည့်ဆည်း အားထုတ်သူတို့ နည်းပါးပါက နတ်သဘင်အစည်းအဝေး၌ တာဝတိံသာနတ်တို့အား ပြောကြားကာ နတ်ပြည်၌ ဆုတ် ယုတ်၍ အပါယ်လေးဘုံ၌ စည်ကားလိမ့်တကားဟု နှလုံး မသာမယာ ဖြစ်ကြကုန်သည်။ ထိုကျင့်ဝတ်များ ဖြည့်ဆည်း အားထုတ်သူများပါက နတ်ပြည်တို့ စည်ကား၍ အပါယ် လေးဘုံ၌ ဆုတ်ယုတ်လိမ့်မည်တကားဟု ဝမ်းမြောက်ကြကုန် သည် ဆို၏။

ရှေးအခါက သိကြားမင်းသည် လူ့ပြည်သို့ လှည့်လည် ကာ သူတော်ကောင်းစာရင်း ကောက်ယူကြသော စတုမဟာ ရာဇ်နတ်မင်းကြီးများ၏ လျှောက်ထားချက်အရ တာဝတိံသာ နတ်တို့အား လူအများသည် တစ်ဆယ့်လေးရက်၊ တစ်ဆယ့်

www.dhammaransi.com



ငါးရက်၊ ရှစ်ရက်နေ့တို့၌လည်း ဥပုသ်သီတင်းဆောက်တည်ကြသည်။ ပါဠိပိဋကတော်ထဲ ဖော်ပြထားသော ဘုရားဟောတော်များတွင် ရက်စဉ်အတိုင်း လည်း ဥပုသ်သီတင်း ဆောက်တည်ကြသည်ဟု ပြောကြားကြောင်း မြတ်စွာဘုရားက ဟောကြားခဲ့ဘူးသည်။

ထိုသို့ လူများ ကျင့်သုံးကြသည့်နေ့များကို အစွဲပြုကာ၊ တစ်ဆယ့်လေးရက်၊ တစ်ဆယ့်ငါးရက်၊ ရှစ်ရက်နေ့များကို ဥပုသ်နေ့ဟု ပြောဆိုကြခြင်း ဖြစ်သည်။

ဘုရားရှင်သည် သိကြားမင်းက တာဝတိံသာနတ်များအား ထိုသို့ပြောကြားကြောင်းကို ဟောကြားခဲ့ခြင်းသာ ဖြစ်ပြီး၊ ဤနေ့များ၌သာ ဥပုသ်စောင့်ရမည်၊ အခြားနေ့များ၌ မစောင့်ရဟူ၍ အထူးဟောကြားခဲ့ခြင်းမရှိချေ။ မည်သည့်နေ့မဆို ဥပုသ်စောင့်ထိန်းကျင့်သုံးနိုင်သည်သာ ဖြစ်သည်။ တစ်နေ့တာမျှပင် မဟုတ် နေ့တစ်ဝက်မျှ စောင့်ထိန်းလျှင်ပင် အကျိုးများပေသည်။

## နေ့ဝက်ဥပုသ်၏အကျိုး

ရှေးက ဗာရာဏသီပြည်၌ ကုဋေရှစ်ဆယ်ကြွယ်ဝသော သိရီပရိဝါရအမည်ရှိ သူဌေးတစ်ယောက်ရှိ၏။ သူသည် ဒါန အစရှိသော ကောင်းမှု၌ မွေ့လျော်၏။ သူ၏အိမ်ရှိ လူအားလုံးသည် တစ်လလျှင် ခြောက်ဥပုသ်စောင့်ထိန်းရ၏။

ထိုစဉ်အခါဘုရားအလောင်းတော်သည် သူဆင်းရဲမျိုး၌ ဖြစ်၏။ တစ်နေ့တွင် သိရီပရိဝါရသူဌေးထံသို့ အလုပ်သွား

www.dhammaransi.com



တောင်း၏။ သူဌေးကြီးသည် အခြားသူများ အလုပ်လာ တောင်းလျှင်-

"ဤအိမ်၌ လူအားလုံး သီလစောင့်ရ၏။ သီလစောင့်နိုင် သူကိုသာ အလုပ်ခန့်မည်"

ဟု ပြောသော်လည်း ဘုရားအလောင်းကိုမူ မပြောမိဘဲ အလုပ်ခန့်လိုက်၏။

တစ်နေ့သောဥပုသ်နေ့တွင် ဘုရားအလောင်းသည် အလုပ်လုပ်၏။ အခြားအလုပ်သမားများကား ဥပုသ်စောင့် လျက် မိမိတို့၏သီလကို နှလုံးသွင်း ဆင်ခြင်နေထိုင်ကြကုန် ၏။ ဘုရားလောင်းသည် အချိန်ကုန်သော် ထမင်းစားရန် သွားစဉ် မေးကြည့်၏။

"ယနေ့ ဒီအိမ်မှာ အသံတိတ်ဆိတ်တယ်၊ ဘယ်သွား ကုန်ကြသလဲ"

"လူအားလုံး ဥပုသ်စောင့်သုံးကာ မိမိသီလ မိမိနှလုံးသွင်း ဆင်ခြင်နေကြပါတယ်"

ဟူသော အဖြေကို ရ၏။

ထိုအခါ ဘုရားအလောင်းသည်-

"သီလရှိသူတို့အကြား ငါတစ်ယောက်တည်း သီလမရှိ ဒုဿီလအဖြစ် မနေတော့၊ ငါလည်း ယခုဥပုသ်စောင့်၍ ရပါမူ ထမင်းမစားတော့ဘဲ ဥပုသ်စောင့်တော့မည်"

ဟူ၍ ကြံစည်ပြီး သူဌေးကြီးအား သွား၍ မေးမြန်း၏။

www.dhammaransi.com



"အရှင်သူဌေးကြီး ကျွန်တော်ယခုအချိန်အခါမှာ ဥပုသ် စောင့်၍ ဖြစ်နိုင်ပါသေးသလော"

"တစ်နေ့ပတ်လုံး စောင့်ထိန်းတဲ့ တစ်နေကုန် ဥပုသ်တော့ မဖြစ်နိုင်တော့ဘူး၊ ညပိုင်းမှာ စောင့်ထိန်းတဲ့ နေ့ထက်ဝက် ဥပုသ်တော့ ဖြစ်နိုင်တယ်"

"အရှင်သူဌေးကြီး နေ့ထက်ဝက်ပင် ဖြစ်ပါစေ၊ ကျွန်တော် စောင့်ထိန်းပါရစေ"

ယင်းသို့ပြောပြီးနောက် ဘုရားလောင်းသည် သူဌေးကြီး ထံတွင် ဥပုသ်သီလ ခံယူဆောက်တည်၍ မိမိနေရာသို့ သွားပြီး သီလကို ဆင်ခြင်အောက်မေ့နေ၏။ ညဉ့်သို့ရောက် သော် အစာမရှိသည့်အတွက် လေနာပြင်းထန်စွာ ခံစားရ၏။ သူဌေးကြီးက ဆေးအမျိုးမျိုး တိုက်သော်လည်း သူက ငြင်းဆန်၏။

"အရှင်သူဌေးကြီး၊ အသက်သေချင် သေပါစေ ဥပုသ် ပျက်ခံပြီး ကျွန်တော် မစားသုံးတော့ပါ"

ဟုဆိုကာ ဥပုသ်ကို စောင့်ထိန်း၏။ သူ၏ဝေဒနာမှာ ပို၍ ပြင်းထန်လာကာ အရုဏ်တက်ချိန်တွင် သတိပင် မရ တစ်ချက် ရတစ်ချက် ဖြစ်နေ၏။ သို့ဖြင့် သူ့အား အိမ်ဝသို့ ရွှေ့ကာ အိပ်စေသည်။ ထိုအချိန်တွင် ဗာရာဏသီမင်းသည် တိုင်းခန်းလှည့်လည်လာလေသည်။ ထိုအချင်းအရာကို မြင်ရ သည့်အခါ မင်းအဖြစ်ကို တပ်မက်တောင့်တမိ၏။ ထိုအချိန် ၌ပင် သေလွန်လေသည်။

www.dhammaransi.com



ထိုတပ်မက်တောင့်တမှုသည် နေ့ဝက်ဥပုသ်အကျိုး ကြောင့် မိဖုရားကြီး၏ဝမ်း၌ ပဋိသန္ဓေယူကာ ဖွားမြင်လေ သည်။ "ဥဒယ"ဟု အမည်တွင်၍ အရွယ်ရောက်သော် အတတ်ပညာများ သင်ကြားပြီး မင်းအဖြစ်ကို ရလေသည်။

အတိတ်ဘဝကို ပြန်လည်သိနိုင်စွမ်းသော ဇာတိဿရ ဉာဏ်ရသဖြင့် ရှေးကကောင်းမှုကို အောက်မေ့၍

"ဤမင်းစည်းစိမ်သည် အနည်းငယ်သော နေ့ဝက်ဥပုသ် ၏အကျိုးတည်း"

ဟု မပြတ်ဥဒါန်းကျူးရင့်သည်။

## စောင့်ထိန်းနိုင်သမျှ ကုသိုလ်ရ

လောက၌ ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ကိုးပါးသီလ၊ ဆယ်ပါးသီလ စသည်တို့ ထင်ရှားရှိစေကာမူ ငါးပါးလုံး၊ ရှစ်ပါး၊ ကိုးပါး၊ ဆယ်ပါးလုံး ဆောက်တည်စောင့်ထိန်းနိုင်မှ စောင့်ထိန်းကောင်းသည်မဟုတ်ချေ။ တစ်ပါးတတ်နိုင်လျှင် တစ်ပါးတည်း စောင့်ထိန်းနိုင်သည်။ နှစ်ပါး သုံးပါး စသည်ဖြင့် တတ်နိုင်သမျှ စောင့်ထိန်းလိုလျှင်လည်း စောင့်ထိန်းနိုင်သည်။ စောင့်ထိန်းနိုင်သမျှ ကုသိုလ်ရသည်။

မိမိစွမ်းနိုင်သမျှ အချိန်ကာလအတွင်းမှာပင် သီလကို စောင့်ထိန်းကြဖို့ သင့်လှသည်။ အထူးသဖြင့် ညဥ့်အခါ၌ ငါးပါးသီလ ခံယူဆောက်တည်ပြီးမှ အိပ်သင့်ပေသည်။

www.dhammaransi.com



ယင်းသို့ သီလရှိ၍ သီလနှင့်ပြည့်စုံကာ သီလကို နှလုံးသွင်းရင်း သေသွားသော် နတ်ရွာသုဂတိ ရောက်နိုင်ပေသည်။

## ဂဟဋ္ဌသီလ (ငါးပါးသီလ)

ငါးပါးသီလသည် လူတို့ အမြဲစောင့်ထိန်းအပ်သော သီလ ဖြစ်သောကြောင့် "နိစ္စသီလ"ဟု ခေါ်သည်။ တစ်သက်လုံး မကျိုးမပေါက်ရအောင် သူတော်ကောင်းတို့ အလေးအမြတ်ပြုရမည့် အကျင့်ဖြစ်သောကြောင့် "ဂရုဓမ္မသီလ"ဟူ၍လည်း ခေါ်ကြ၏။ အရိယာသူတော်ကောင်းတို့ နှစ်သက်မြတ်နိုးအပ်သောကြောင့် "အရိယကန္တသီလ"ဟုလည်း ခေါ်၏။ အိမ်ရာတည်ထောင် လူဝတ်ကြောင်မှန်သမျှ စောင့်ထိန်းအပ်သော သီလဖြစ်သောကြောင့် "ဂဟဋ္ဌသီလ" ဟုလည်း ခေါ်ကြ၏။

### ငါးပါးသီလပါဠိနှင့် အနက်

(၁) ပါဏာတိပါတာ၊ ဝေရမဏီသိက္ခာပဒံ၊ သမာဒိယာမိ။

သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ရသော သိက္ခာပုဒ်ကို ကောင်းစွာ စောင့်ထိန်းဆောက်တည်ပါ၏။

www.dhammaransi.com



(၂) အဒိန္နာဒါနာ၊ ဝေရမဏိသိက္ခာပဒံ၊ သမာဒိယာမိ။

သူ့ပစ္စည်းခိုးယူခြင်းမှ ရှောင်ကြဉ်ရသော သိက္ခာပုဒ်ကို ကောင်းစွာ စောင့်ထိန်းဆောက်တည်ပါ၏။

(၃) ကာမေသုမိစ္ဆာစာရာ၊ ဝေရမဏိသိက္ခာပဒံ၊ သမာဒိယာမိ။

ကာမဂုဏ်တို့၌ မမှန်သောအကျင့် ကျင့်ခြင်းမှ ရှောင်ကြဉ်ရသော သိက္ခာပုဒ်ကို ကောင်းစွာ စောင့်ထိန်း ဆောက်တည်ပါ၏။

(၄) မုသာဝါဒါ၊ ဝေရမဏိသိက္ခာပဒံ၊ သမာဒိယာမိ။

မဟုတ်မမှန်ပြောဆိုခြင်းမှ ရှောင်ကြဉ်ရသောသိက္ခာပုဒ်ကို ကောင်းစွာ စောင့်ထိန်းဆောက်တည်ပါ၏။

(၅) သုရာမေရယ၊ မဇ္ဇပ္ပမာဒဋ္ဌာနာ၊ ဝေရမဏိသိက္ခာပဒံ၊ သမာဒိယာမိ။

မူးယစ်စေတတ်သော သေရည် သေရက်ကို သောက် စားခြင်းမှ ရှောင်ကြဉ်ရသော သိက္ခာပုဒ်ကို ကောင်းစွာစောင့်ထိန်း ဆောက်တည်ပါ၏။

## ပါဏာတိပါတကံ

သူတစ်ပါးအသက်ကို သတ်ခြင်းသည် ပါဏာတိပါတကံ ကျူးလွန်ခြင်း ဖြစ်သည်။ မိမိမှတစ်ပါး သက်ရှိသတ္တဝါအားလုံး

www.dhammaransi.com



၏ အသက်သည် သူတစ်ပါးအသက်ပင် ဖြစ်သည်။ မှက်၊ ခြင်၊ ယင်၊ ကြမ်းပိုး စသော သေးငယ်သော သတ္တဝါပင် ဖြစ်စေ သေစေလိုသော စိတ်ဖြင့် သတ်မိပါက ပါဏာတိပါတကံ ကျူးလွန်ရာ ရောက်သည်။

## ပါဏာတိပါတကံ မြောက်ရန် အင်္ဂါငါးပါး။

၁။ သတ္တဝါလည်း မှန်ခြင်း၊

၂။ သတ္တဝါဟူသော အမှတ်ရှိခြင်း (သတ္တဝါဟု သိခြင်း)

၃။ သေစေလိုသော စိတ်ရှိခြင်း၊

၄။ လုံ့လလည်း ပြုခြင်း၊

၅။ သေလည်း သေခြင်း။

## ပယောဂ ခြောက်ပါး

သူတစ်ပါးအသက်သတ်ရန် လုံ့လပယောဂ စိုက်ထုတ်ခြင်း ခြောက်မျိုးရှိသည်။

(၁) ကိုယ်တိုင် မိမိလက်ဖြင့် သတ်ခြင်း၊

(၂) သူတစ်ပါးကို စေခိုင်း၍ သတ်ခြင်း၊

(၃) ဓါး၊ လှံ၊ သေနတ်၊ အစရှိသော လက်နက်မျိုးစုံတို့ဖြင့် တီထွင်ပြုလုပ်၍ သတ်ခြင်း၊

www.dhammaransi.com



(၄) တွင်း၊ ကျင်းတူးထောင်ခြင်း၊ အဆိပ်ခတ်၊ အဆိပ်ထိုးသွင်းခြင်းတို့ ပြုလုပ်၍ သတ်ခြင်း၊

(၅) အင်း၊ အိုင်၊ ဆေးဝါးစသော အတတ်ပညာဖြင့် သတ်ခြင်း၊

(၆) တန်ခိုးဖြင့် သတ်ခြင်း။

## အပြစ်ကြီးငယ်

သတ္တဝါ၏ ကိုယ်ကာယ အကြီးအငယ်ကိုလိုက်၍လည်းကောင်း၊ သတ္တဝါတို့၏ အကျင့်သီလ ဂုဏ်ကိုလိုက်၍လည်းကောင်း၊ အပြစ်ကြီးငယ် ကွဲပြားသည်။ သတ္တဝါကြီးလျှင် လုံ့လပယောဂ စိုက်ထုတ်မှုများ၍ အပြစ်ကြီးသည်။ သတ္တဝါငယ်လျှင် လုံ့လစိုက်ထုတ်မှု နည်း၍ အပြစ်ငယ်၏။ အခြားသတ္တဝါထက် လူကို သတ်လျှင် ပို၍အပြစ်ကြီးသည်။ သာမာန်ပုထုဇဉ် လူပုဂ္ဂိုလ်ထက် အရိယာ၊ သောတာပန်၊ ရဟန္တာပုဂ္ဂိုလ်များကို သတ်လျှင် ထိုထက်ပို၍ အပြစ်ကြီးမှုသည်။

## ပါဏာတိပါတကံ ကျူးလွန်ခြင်း၏အပြစ်များ

- မျက်စိ၊ လက်၊ ခြေ စသော ကိုယ်အင်္ဂါချွတ်ယွင်းရခြင်း၊
- အသားအရေ မွဲပြာခြောက်သွေ့ခြင်း၊

www.dhammaransi.com



- ခွန်အားဗလ နည်းပါးခြင်း၊
- လှျှင်မြန်ခြင်းမရှိ ထုံထုံထိုင်းထိုင်း ဖြစ်ရခြင်း၊
- ထိတ်လန့် ကြောက်ရွံ့တတ်ခြင်း၊
- သူတစ်ပါးအသတ်ခံရခြင်း၊ ကိုယ့်ကိုယ်ကို သတ်သေရခြင်း၊
- အနာရောဂါ များပြားခြင်း၊
- အခြွေအရံ ပျက်ခြင်း၊
- ဖြစ်ရာဘဝတွင် အသက်တိုရခြင်း၊

## ပါဏာတိပါတက ရှောင်ကြဉ်ခြင်း၏အကျိုးများ

- အင်္ဂါကြီးငယ်လုံး ရုပ်သဏ္ဌာန်နှင့် ပြည့်စုံခြင်း၊
- လျှင်မြန်ခြင်းအားနှင့် ပြည့်စုံခြင်း၊
- ကောင်းသောအဆင်းရှိခြင်း၊ ချစ်ခင်နှစ်လိုဖွယ်ရှိခြင်း၊
- လူအများ ချစ်ခင်မြတ်နိုးခြင်း၊ သိမ်မွေ့နူးညံ့ခြင်း၊ သန့်ရှင်းစင်ကြယ်ခြင်း၊
- ရဲရင့်ခြင်း၊
- ခွန်အားဗလကြီးခြင်း၊
- မပြိုမကွဲသော ပရိသတ်ရှိခြင်း၊ များသောအခြံအရံရှိခြင်း၊
- သူတစ်ပါးလုံ့လဖြင့် မသေနိုင်ခြင်း၊
- အနာရောဂါ ကင်းခြင်း၊
- အသက်ရှည်ခြင်း။

www.dhammaransi.com



## ဆောင်ပုဒ်လင်္ကာ

ပါဏာတိပါတ်၊ သူ့သက်သတ်က၊ ချို့လတ်အင်္ဂါ၊ မွဲပြာရုပ်သွင်၊ အားအင်ယိုယွင်း၊ လျှင်ခြင်းလည်းဝေး၊ ဘေးကိုကြောက်တတ်၊ အသတ်ခံရာ၊ အနာများလျက်၊ ခြွေရံပျက်၍၊ အသက်တိုလျှ၊ ပြစ်များစွတည့်၊ ရှောင်က အပြန်အကျိုးတည်း။

## အမဲသားသည်နန္ဒ

မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်က သာဝတ္ထိပြည်တွင် အမဲသားရောင်းချ အသက်မွေးသော နန္ဒဆိုသူ တစ်ဦးရှိသည်။ သူသည် အိမ်နောက်ဘက် နွားခြံတွင် နွားများလှောင်၍ မပြတ်သတ်ဖြတ် ရောင်းချ စားသောက်သူ ဖြစ်သည်။ ဤအလုပ်ကို နှစ်ပေါင်း (၅၅)နှစ် ကြာအောင် လုပ်ခဲ့ရာ နန္ဒသည် တစ်ကြိမ်တစ်ခါမျှ အမဲသားဟင်းနှင့်ကင်း၍ ထမင်းမစား၊ သီလဟူ၍လည်းမရှိ ဒါနလည်း နတ္ထိ။

တစ်နေ့-အမဲသား ရောင်းချပြီးနောက် မိမိစားရန် အမဲသားတစ်တုံးကို ချန်၍ မယားအား ဟင်းချက်ရန် ပေးခဲ့ပြီး ရေချိုးထွက်သွားလေသည်။ နန္ဒမယားလည်း ထမင်းဟင်း ချက်ပြုတ်စီမံနေလေသည်။ ထိုအချိန်တွင် နန္ဒ၏ မိတ်ဆွေ တစ်ယောက် ရောက်လာပြီး-

"အို- အိမ်ရှင်မ၊ ငါ့အိမ်မှာ ရပ်ဝေးဧည့်သည်ရောက်နေလို့ အမဲသား ရောင်းပါ"

www.dhammaransi.com



"အမောင်-အမဲသားရောင်းရန်မရှိတော့ပါ၊ ကိုနန္ဒစားရန် အမဲသားတစ်တုံးသာ ကျန်လို့ ချက်ပြုတ်ဖို့ ပြင်ဆင်နေပါတယ်"

"အိမ်ရှင်မ- နန္ဒအတွက်ဆို အရေးမကြီးပါ၊ ငါ့ညှော်သည်ကို ဧည့်ဝတ်ကျေအောင် ပြုစုလိုလို့ အဲဒီအမဲသားကို ငါ့ကိုရောင်းပါ"

ပြောပြောဆိုဆို အနိုင်အထက်ပြုကာ ယူသွားလေသည်။ နန္ဒမယားလည်း အခြားဟင်းများ ချက်ပြုတ်၍ စောင့်နေလေသည်။ ရေချိုးပြီး ပြန်လာသောနန္ဒသည် ထမင်းစားရန် ထမင်းပွဲတွင် ထိုင်လိုက်သောအခါ အမဲသားဟင်း မတွေ့သဖြင့်-

"ရှင်မ- အမဲသားဟင်းမပါပါလား"

"ရှင့်မိတ်ဆွေက အိမ်မှာ ဧည့်သည်ရောက်လို့ဆိုပြီး တားတာတောင်မရဘဲ ရှင့်အတွက်အမဲသားကို အတင်းယူသွားတယ်"

"ငါတစ်သက်လုံး အမဲသားမပါဘဲ ထမင်းတစ်ခါမှ မစားဘူးဆိုတာ မသိဘူးလား"

အမဲသားဟင်းမပါသဖြင့် ဒေါသထွက်နေသောနန္ဒသည် ပြောရင်းဆိုရင်းနှင့် ဓားဆွဲကာ နောက်ဖေးနွားခြံထဲ ဆင်းသွားလေသည်။ နွားခြံထဲရှိ ဆူဖြိုးသော နွားတစ်ကောင်၏ ပါးစပ်ကိုဖြဲကာ လျှာကိုထုတ်ပြီး ဓားနှင့်အတင်းဖြတ်သည်။

www.dhammaransi.com



နွားလည်း လျှာအရင်းမှ ပြတ်ထွက်သွားသဖြင့် မခံမရပ်နိုင် အောင် အော်ဟစ်ပြီး သွေးအိုင်ထဲလဲကာ ကျန်ရစ်သည်။

နန္ဒလည်း ဖြတ်လာသော လျှာကို ဆား၊ နနွင်းတို့ဖြင့် နယ်ပြီး မီးကင်ကာ ထမင်းတစ်လုပ်၊ နွားလျှာကင်တစ်ကိုက် စားစဉ်ပင် လျှာအရင်းမှ ပြတ်ကာထမင်း ပွဲပေါ် ကျလေသည်။ နန္ဒသည် ဝေဒနာပြင်းစွာ ခံစားလျက် နွားကဲ့သို့ အော်ဟစ် ညည်းညူနေရသည်။ ထိုအချိန်တွင်ပင် ငရဲမီးဝင်ကာ လောင်၍ လဲကျသေဆုံးလေသည်။ လားရာကား အဝီစိ ငရဲသို့တည်း။

## လောကငရဲ

ငရဲဟူသည် တမလွန်အထိမစောင့်၊ ပစ္စုပ္ပန်တွင်ပင် လောကငရဲနှင့် ကြုံနိုင်သည်။ လူသတ်မှုဖြစ်ပြီး ပြစ်ဒဏ်သင့်၍ ထောင်ကျသူများ၊ သေစားသေစေရန် ကြိုးပေးခံရသူများ၊ အနောက်နိုင်ငံများတွင် လျှပ်စစ်ကုလားထိုင်ဖြင့် အဆုံးစီရင် ခံရသူများ၊ သူ့ကိုကိုယ် သတ်၍ ကိုယ့်ကို သူ့ဆွေမျိုးသားချင်း များက ပြန်အသတ်ခံရသူများကို ဤလောကတွင် တွေ့မြင် ကြားသိနေရပေသည်။ ပါဏာတိပါတကံ ကျူးလွန်မှုများ ရှိနေသ၍ ဤမကောင်းသည့် အကျိုးဆက်များ ပစ္စုပ္ပန် လူ့လောကတွင် တွေ့မြင် နေကြရဦးမည်သာဖြစ်သည်။

www.dhammaransi.com



## သီလရက္ခိတ

မြတ်စွာဘုရားရှင်သည် ရာဇဂြိုဟ်ပြည်၌ သီတင်းသုံးတော်မူစဉ် ရှစ်ရက်သီတင်း၊ လပြည့်လကွယ်သီတင်းနေ့များ၌ ဗိမ္ဗိသာရမင်းကြီးနှင့်တကွ ပြည်သူပြည်သားတို့သည် ဘုရားရှင်ထံ လာရောက်၍ ငါးပါး သီလ၊ ရှစ်ပါးသီလ၊ ဆယ်ပါး သီလ စသည်တို့ကို ခံယူဆောက်တည်ကာ ဥပုသ် စောင့်သုံးကြသည်။

ဗိမ္ဗိသာရမင်းကြီးတွင် ကိုယ်ကျင့်တရားကောင်းသော စားတော်ကဲတစ်ဦးရှိသည်။ မင်းကြီးနှင့်အတူ မြတ်စွာဘုရားကျောင်းတော်သို့လိုက်၍ မပြတ်သော ဥပုသ် စောင့်သုံး၏။ ထို့ကြောင့် သူ့ကို "သီလရက္ခိတ"ဟု ခေါ်ကြသည်။

တစ်ခုသောဥပုသ်နေ့တွင် ရာဇဂြိုလ်ပြည်သား မုဆိုးတစ်ယောက်သည် ဝေဘာရတောင်သို့သွား၍ ညွှတ်ကွင်းထောင်သည်။ ထိုညွှတ်ကွင်းတွင် တစ်ကိုယ်လုံး ဖြူဆွတ်နေသော ကြက်ဖြူအဖို၊ အမတစ်စုံကို မိလေသည်။ မုဆိုးလည်း ကြက်ဖြူတစ်စုံကို မိသောအခါ ဤသို့ အကြံဖြစ်လေ၏။

"ဤလှပသော ကြက်ဖြူတို့ကို ဈေးတွင်ရောင်းသော် ဥစ္စာများစွာရမည်မဟုတ်၊ မင်းကိုဆက်သလျှင် ဥစ္စာများစွာရအံ့"

ထို့နောက် ကြက်ဖြူတစ်စုံကိုယူ၍ ဗိမ္ဗိသာရမင်းကြီးထံ သွားရောက်ဆက်သလေသည်။ မင်းကြီးလည်း ဝမ်းမြောက်

www.dhammaransi.com



ဝမ်းသာဖြစ်၍ မုဆိုးအား ဆုလာဘ်များစွာ ပေးလိုက်သည်။ ထို့နောက် စားတော်ကဲသီလရက္ခိတကိုခေါ်ကာ ပွဲတော်စာ ချက်ခိုင်းလိုက်၏။ ထိုနေ့သည် ဥပုသ်နေ့ဖြစ်၍ မင်းကြီးနှင့် တကွ စားတော်ကဲပါ ဥပုသ်သီလဆောက်တည်ထားကြ သည်။ စားတော်ကဲလည်း ကြက်ဖြူတစ်စုံကို ကြည့်ကာ-

"ငါသည် ယနေ့ဥပုသ်သီလ ဆောက်တည်ထားသည်။ ဤကြက်တို့ကို သတ်ပါက ပါဏာတိပါတသိက္ခာပုဒ် ပျက်၍ သီလကျိုးပေါက်အံ့၊ ငါ့အား မင်းကြီးသတ်လိုက သတ်စေ၊ ဤကြက်တို့၏ အသက်ကို လွှတ်၍ သီလမကျိုးမပေါက် အောင် စောင့်ထိန်းတော့မည်"ဟု စိတ်ဆုံးဖြတ်ကာ ကြက်ကို တောစပ်တွင် သွား၍ လွှတ်လိုက်လေသည်။

ပွဲတော်တည်ချိန်ရောက်သော် ပွဲတော်အုပ်၌ ကြက်သား ဟင်းမပါသည်ကို မင်းကြီးမြင်သဖြင့်-

"စားတော်ကဲ- ငါ ချက်ရန်ပေးလိုက်သော ကြက်သား ဟင်း မပါပါလား"

"အရှင်မင်းမြတ်- ယနေ့ကျွန်ုပ်သည် အရှင်မင်းကြီးနှင့် အတူ မြတ်စွာဘုရားကျောင်းတော်၌ ဥပုသ်သီလ ခံယူ ဆောက်တည်ထားပါသည်။ ပါဏာတိပါတသိက္ခာပုဒ် ပျက် မည်စိုး၍ အရှင်မင်းမြတ် သတ်လိုလည်း သတ်စေ၊ တိုင်းပြည် မှ နှင်ထုတ်လိုလည်း နှင်ထုတ်ပါစေတော့ဟု စိတ်ဆုံးဖြတ်ပြီး ကြက်ဖြူတစ်စုံကို တောစပ်သို့ သွား၍ လွှတ်လိုက်ပါသည်" ဟု စားတော်ကဲက လျှောက်တင်လေသည်။

www.dhammaransi.com



ထိုစကားကိုကြားလျှင် မင်းကြီးသည် အလွန်နှစ်သက် ဝမ်းမြောက်သဖြင့် စားတော်ကဲရာထူးကွင် မထားတော့ဘဲ ဆုလာဘ်များစွာပေး၍ သူဌေးဘွဲ့ အပ်နှင်းလေ၏။

သီလရက္ခိတလည်း "ယနေ့ ဆောက်တည်သော ငါ၏ သီလအကျိုးပေး ကြီးမားလှသည်"ဟု ဝမ်းမြောက်လျက် အသက်ထက်ဆုံး ဥပုသ်သီလ၊ လူ့ကျင့်ဝတ်ဓမ္မများကို မပြတ် ဆောက်တည်လေသည်။ ဘုရားအမှူးရှိသော သံဃာတို့ အားလည်း ကြီးစွာသော အလှူကြီးတို့ကို ပေးသည်။ သေလွန်သော် တာဝတိံသာနတ်ပြည်၌ အခြံအရံများစွာဖြင့် ကြီးကျယ်ခမ်းနားသောဗိမာန်၌ စံရသည့် သီလရက္ခိတ နတ်သား ဖြစ်လေသည်။

## စက္ကနဥပါသကာ

သီဟိုဠ်ကျွန်း(သီရိလင်္ကာ)၌ စက္ကနအမည်ရှိ ဥပါသကာ တစ်ယောက် ရှိသည်။ သူငယ်ရွယ်စဉ်က သူ၏ မိခင်သည် မကျန်းမမာဖြစ်နေ၏။ သမားတော်ပင့်၍ ကုသရာ သမား တော်က လတ်ဆတ်သော ယုန်သားဓာတ်စာ ကျွေးရမည်ဟု ဆိုသည်။

စက္ကနလည်း မိခင်အတွက် ဝေယျာဝစ္စများ ပြုလုပ်ပေး ပြီး လယ်တောသို့ သွားလေ၏။ ကံအားလျော်စွာပင် လယ် တော၌ ကောက်နု စားရန်လာသော ယုန်တစ်ကောင်ကို ဖမ်းမိလေသည်။ စက္ကနလည်း မိခင်ကြီးအတွက် ဓာတ်စာရ

www.dhammaransi.com



လေပြီဟု ဝမ်းမြောက်ကာ ယုန်ကိုသတ်ရန် ကြံ၏။ ထိုသို့ ကြံစည်ပြီးမှ ပါဏာတိပါတကံ၏ အပြစ်ကို သတိရသဖြင့်-

"အင်း-ဒီယုံကို မသတ်တော့ပါဘူးလေ၊ တခြားနည်းနဲ့ မိခင်ကြီး ကျန်းမာအောင် ပြုစုပါတော့မယ်"ဟု စိတ်ဆုံးဖြတ်ကာ ယုန်ကို လွှတ်လိုက်လေသည်။

လယ်တောမှ အိမ်သို့ ပြန်ရောက်သောအခါ မိခင်ရှိရာသို့ သွားပြီး အကျိုးအကြောင်း ပြောပြလေသည်။ ထို့နောက် မိခင်အနီး၌- "ကျွန်ုပ်သည် သိနားလည်သော အရွယ်မှစ၍ သူတစ်ပါးအသက်ကို မသတ်ဘူးပါ၊ ဤမှန်သောစကားကြောင့် မိခင်ရောဂါသက်သာပျောက်ကင်းပါစေသတည်း"ဟု သစ္စာစကား ဆိုလေသည်။

ထိုသစ္စာစကားကြောင့် စက္ကန၏ မိခင်သည် ရောဂါပျောက်ကင်းချမ်းသာရာ ရလေသည်။

## အဒိန္နာဒါနာကံ

ပိုင်ရှင်၏ ကိုယ်နှုတ်ဖြင့် မပေးအပ်သော သူတစ်ပါးပစ္စည်းဥစ္စာကို မမှန်ကန်သော နည်း၊ မတရားသော နည်းဖြင့် ရယူခြင်းသည် အဒိန္နာဒါနာကံ ကျူးလွန်ခြင်း(ခိုးခြင်း)ပင် ဖြစ်သည်။

www.dhammaransi.com



## အဒိန္နာဒါနာကံမြောက်ရန် အင်္ဂါငါးပါး

(၁) သူတစ်ပါးပစ္စည်းဖြစ်ခြင်း၊

(၂) သူတစ်ပါးပိုင်ပစ္စည်းမှန်းသိခြင်း၊

(၃) ခိုးယူလို၊ လုယက်တိုက်ခိုက်လိုသော စိတ်ရှိခြင်း၊

(၄) ခိုးဆိုးလုယက်တိုက်ခိုက်ခြင်း၊

(၅) ထိုလုံ့လဖြင့် ပစ္စည်းကို ယူဆောင်ခြင်း

## ခိုးခြင်း(၂၅)မျိုး

**(၁) ကိုယ်တိုင်ခိုးခြင်း၊**

**(၂) သူတစ်ပါးအား အခိုးခိုင်းခြင်း၊**

**(၃) လွှင့်ပစ်ခိုးခြင်း၊**

(စက်ရုံအလုပ်ရုံများ အိမ်ခြံဝင်းများအတွင်းရှိ ပစ္စည်းကို အစောင့်အရှောက်များ မမြင်အောင် အပြင်ကို ပစ်ထုတ်ပြီး အပြင်ရောက်မှ ကောက်ယူခြင်း)

**(၄) ခိုးရန် ကြိုတင်မှာထားခြင်း၊**

(ခိုးရာပါပစ္စည်း လက်ခံသူများက ဒီပစ္စည်းမျိုး တွေ့ရင်ယူခဲ့ အချိန်မရွေး လက်ခံမယ်ဟု သူခိုးထံတွင် ကြိုတင်မှာကြားခြင်း)

www.dhammaransi.com



**(၅) မခိုးမီက ခိုးမှုဖြစ်ခြင်း၊**

(သူတစ်ပါးကို ခိုးရန်၊ လုယက်ရန် စေခိုင်းခြင်းတွင် စေခိုင်းသူသည် မခိုးမီက ခိုးမှုကျူးလွန်ပြီး ဖြစ်သည်)

**(၆) ကြံဆ၍ ခိုးခြင်း၊**

(အိမ်ခြံမြေ၊ ဥယျာဉ်ခြံမြေတွင် ခြံစည်းရိုးတိုင်စိုက်ခြင်း၊ ခြံစည်းရိုးတွင် သစ်ပင်ဝါးပင်ကြီးများစိုက်၍ ကြီးထွားသောအခါ သူတစ်ပါးခြံမြေထဲရောက်ပြီး ထိုသစ်ပင်ဝါးပင်ကြီးများ၏ ပင်လုံးအတိုင်း ခြံစည်းရိုးခတ်ခြင်း၊ လယ်မြေကန်သင်းရိုးကို သူတစ်ပါးလယ်ဘက်တိုးဖို့ခြင်း။)

**(၇) သဘောတူခိုးခြင်း၊**

(ခိုးရန်တိုင်ပင်ညှိနှိုင်းကြပြီး အဖွဲ့သားများထဲမှ တစ်ဦးဦးက ခိုးလျှင် အားလုံးကျူးလွန်ရာ ရောက်ခြင်း)

**(၈) သတ်မှတ်၍ ခိုးခိုင်းခြင်း၊**

(ဘယ်အချိန် ဘယ်အခါသည် ခိုးရန်သင့်သည်၊ ခိုးရမည်ဟု အချိန်သတ်မှတ်၍ အခိုးခိုင်းခြင်း)

**(၉) အချက်ပြ အခိုးခိုင်းခြင်း၊**

(မျက်စိမှိတ်ပြ၊ မျက်စပစ်ပြ၊ လက်ဟန်ခြေဟန်ပြ၊ အလံဖြင့် အချက်ပြ၍ အခိုးခိုင်းခြင်း၊)

**(၁၀) လှည့်စား၍ ခိုးခြင်း၊**

(ခါးပိုက်နှိုက်၊ အလစ်သုတ်ခြင်း၊ ဖောက်ထွင်းခိုးယူခြင်း၊ ရွှေတု၊ ငွေတု ပြုလုပ်ရောင်းချခြင်း၊ စာရင်းလိမ်ခြင်း၊ အလေးချိန်ခွင် တင်းတောင်းခိုးခြင်း၊)

www.dhammaransi.com



(၁၁) လုယက်ယူခြင်း၊

(လက်နက်၊ အာဏာအရှိန်အဝါဖြင့် အနိုင်ကျင့် သုယက်ယူခြင်း၊)

(၁၂) သတ်မှတ်ချက်ဖြင့် ခိုးခြင်း၊

(မည်သည့်ပစ္စည်းကို ခိုးမည်ဟု ဆုံးဖြတ်ပြီး ခိုးယူလာခဲ့သော ပစ္စည်းသည် မူလဆုံးဖြတ်ထားသည့် ပစ္စည်းမဟုတ်ပါက ပြန်လည် မထားတော့ဘဲ ခိုးခြင်း၊ စိတ်ကို ယတိဖြတ် မဆုံးဖြတ်ဘဲ အခွင့်သာရင်ခိုးခြင်း၊ အခွင့်မသာရင် ပြန်ပေးမည်ဟု ကြံရွယ်ပြီး ခိုးခြင်း၊)

(၁၃) အမည်ပြောင်းခိုးခြင်း၊

(မဲဖြင့် ပစ္စည်းခွဲဝေရာတွင် ပေါက်မဲကြိုတင်ယူထားခြင်း၊ သူတစ်ပါး ပေါက်သည့်မဲလိပ်ကို လဲယူခြင်း၊ အောင်လက်မှတ်အကုလုပ်၍ အလုပ်ဝင်ခြင်း၊)

(၁၄) တရားစွဲလုယူခြင်း(သက်မဲ့ပစ္စည်း)

(သူတစ်ပါးပိုင် ရွှေငွေတိုက်တာအိမ်ယာပစ္စည်း စသည့် ပစ္စည်းများကို မတရားအမှုဆင်ပြီး ဥစ္စာရှင်ကို ရှုံးစေ၍ ခိုးယူခြင်း၊)

(၁၅) တရားစွဲ လုယူခြင်း(သက်ရှိပစ္စည်း)

(ကျွဲ၊ နွား၊ ကြက်၊ ဝက် စသည်တို့ကို မတရားအမှုဆင် တရားစွဲ၍ လုယူခြင်း၊)

www.dhammaransi.com



## (၁၆) သယ်ပို့စဉ် ခိုးယူခြင်း(သက်ရှိပစ္စည်း)

(သူတစ်ပါး ပို့ခိုင်းသည့် ကျွဲ၊ နွား၊ ကြက်၊ ဝက် စသည်တို့ကို လက်ခံမည့်သူထံ အရောက်မပို့ဘဲ လမ်းတွင် ခိုးယူခြင်း၊)

## (၁၇) သယ်ပို့စဉ် ခိုးယူခြင်း(သက်မဲ့ပစ္စည်း)

(သူတစ်ပါးပစ္စည်းကို သယ်ပိုးထမ်းရွက်သူက ပိုင်ရှင် ထံ ရောက်အောင် မပို့ဘဲ လမ်းတွင်ခိုးယူခြင်း၊)

## (၁၈) ကြားဖြတ်လုယူခြင်း (သက်မဲ့ပစ္စည်း)

(ပစ္စည်းသယ်ဆောင်လာသူကို ဖြားယောင်းသွေး ဆောင်၍သော် လည်းကောင်း၊ ခြိမ်းခြောက်၍သော် လည်း ကောင်း ပိုင်ရှင်ထံ မပို့စေဘဲ အခြားသို့ပို့စေခြင်း၊ ယူဆောင် ခြင်း၊)

## (၁၉) ကြားဖြတ်လုယူခြင်း (သက်ရှိပစ္စည်း)

(တိရစ္ဆာန်များ သယ်ဆောင်လာသူကို ဖြားယောင်း သွေးဆောင်၍ လည်းကောင်း၊ ခြိမ်းခြောက်၍လည်းကောင်း မိမိလိုရာသို့ မောင်းနှင်သယ်ဆောင်ခိုးခြင်း၊)

## (၂၀) နေရာပြောင်းရွှေ့ထားခြင်း (သက်မဲ့ပစ္စည်း)

(ရွှေ၊ ငွေ၊ ပစ္စည်းဥစ္စာစသည့် ရွှေ့ပြောင်း၍ရသော ပစ္စည်းများကို ခိုးယူလိုစိတ်ဖြင့် မူလနေရာမှ ပြောင်းရွှေ့ထား ခြင်း၊)

www.dhammaransi.com



## (၂၁) နေရာပြောင်းရွှေ့ထားခြင်း(သက်ရှိပစ္စည်း)

(ကျွဲ၊ နွား၊ ကြက်၊ ဝက်၊ ဘဲစသည်တို့ကို ခိုးယူလို စိတ်ဖြင့် မူလနေရာမှ အခြားနေရာသို့ရောက်အောင် မောင်းနှင်ထုတ်ခြင်း၊)

## (၂၂) ပိုင်ရှင်လက်လျှော့ခြင်း (အခွင့်သာချိန် ခိုးယူခြင်း)

(သူတစ်ပါး၏ ရွှေ၊ ငွေ၊ ရတနာ၊ ပစ္စည်းတို့ကို အခွင့်မသာသဖြင့် မခိုးယူနိုင်သေးဘဲ၊ အခွင့်သာချိန် ယူရန် အတွက် ပိုင်ရှင် ရှာမတွေ့အောင် စီမံထားခဲ့ပြီး အခွင့်သာ ချိန်တွင် ခိုးယူခြင်း၊ ငှါးရမ်းပစ္စည်း ပျောက်ဆုံးသောအခါ ပေး လျော်ရန်ရှိသည်ကို မပေးလျော်ခြင်း၊ ချေးငွေပြန်မဆပ်ခြင်း၊ လောင်းကစားရှုံး၍ မလျော်ခြင်း၊)

## (၂၃) ပိုင်ရှင်လက်လျှော့ခြင်း (ဖုံးဖိထားခဲ့၍ ခိုးခြင်း)

(သူတစ်ပါးမေ့ကျန်ခဲ့သောပစ္စည်း သို့မဟုတ်၊အမှတ် တမဲ့ထားသော ပစ္စည်းကို ပိုင်ရှင်မတွေ့အောင် တစ်ခုခုဖြင့် ဖုံးအုပ်ထားပြီး ပိုင်ရှင်ရှာမတွေ့သောအခါ ခိုးယူခြင်း၊)

## (၂၄) ငြင်းကွယ်၍ ခိုးခြင်း (သက်မဲ့ပစ္စည်း)

(ယုံကြည်အပ်နှံထားသော ပစ္စည်း၊ ချေးငှါးသော ပစ္စည်းကို ပြန်တောင်းသည့်အခါ မအပ်မယူဟု ငြင်းဆန်ခြင်း၊)

## (၂၅) ငြင်းကွယ်၍ ခိုးခြင်း (သက်ရှိပစ္စည်း)

(ကျွဲ၊ နွား၊ ကြက်၊ ဝက်၊ တိရိစ္ဆာန်များ အပ်နှံထား သော ပိုင်ရှင်က ပြန်လည်တောင်းသည့်အခါ မအပ်၊ မယူဟု ငြင်းဆန်ခြင်း၊)

www.dhammaransi.com



## အဒိန္နာဒါနာကံကျူးလွန်ခြင်း၏ အပြစ်များ

- ဘဝတိုင်းဆင်းရဲရခြင်း၊
- ငတ်မွတ်ခေါင်းပါးခြင်း၊
- လိုချင်တာမရခြင်း၊
- လှော်ရင်းနစ်သလို ကြံစည်လုပ်ကိုင်တိုင်း ပျက်စီးရခြင်း၊
- ရေ၊ မီး၊ မင်း၊ သူခိုး၊ မွေခံဆိုး(သားသမီးဆိုး) တို့ကြောင့် ဆုံးရှုံးရခြင်း၊

## အဒိန္နာဒါနာကံ ရှောင်ကြဉ်ခြင်း၏ အကျိုးများ

- ဥစ္စာပစ္စည်းပေါများခြင်း၊
- မဖြစ်သေးသော စည်းစိမ်များ ရခြင်း၊ ဖြစ်ပြီးသော စည်းစိမ်များ မြဲစွာ တည်ရှိခြင်း၊
- အလိုရှိအပ်သော စည်းစိမ်ချမ်းသာ လျင်စွာ ရလွယ်ခြင်း၊
- ရန်သူမျိုး ငါးပါးတို့ကြောင့် ပျက်စီးမှု ဘေးမှ ကင်းလွတ်ခြင်း၊
- မရှိဆင်းရဲ၏အဖြစ်ကို မသိ မတွေ့ကြုံရခြင်း၊
- ချမ်းသာစွာ နေရခြင်း၊

www.dhammaransi.com



## ဆောင်ပုဒ်လင်္ကာ

အဒိန္နာဒါနာ၊ ခိုးမိပါမူ၊ ဥစ္စာလဲမွဲ၊ ဆင်းရဲငတ်ဘိ၊ လိုရှိမရ ဘောဂပျက်စီး၊ ရေ မီး၊ သူခိုး၊ မွေခံဆိုးနှင့် မင်းဆိုးအပြား၊ ရန်မျိုးငါးကြောင့်၊ ပျက်ပြားဥစ္စာ၊ ပြစ်များစွာသည်၊ ရှောင်ခါအပြန် အကျိုးတည်း။

## ခလ္လာတိယနတ်ပြိတ္တာမ

ကဿပဘုရားရှင်လက်ထက် ဗာရာဏသီပြည်၌ လှပတင့်တယ် ရှု့ချင်စဖွယ်အဆင်းရှိသော ခလ္လာတိယခေါ် အမျိုးသမီးတစ်ဦးရှိ၏။ ထိုမိန်းမ၏ ဆံပင်တို့သည် အလွန်မဲနက်၏။ ရှည်သွယ်၏၊ နူးညံ့ပြီး အဖျားကော့၏။ ဖြေ၍ချသော် ဖနောင့်နားသို့ရောက်မှ အဖျားကော့၍ တက်၏။ အဆင်းလှခြင်း၊ ဆံပင်ကောင်းခြင်းတို့ကြောင့် ယောကျ်ားများက ချစ်ကြိုက်စွဲလမ်းကြကုန်၏။

ခလ္လာတိယအား ယောကျ်ားတို့ ချစ်ခင်စုံမက်ကြသည်ကို မနာလိုကြသော မိန်းမတို့သည် တိုင်ပင်ကြပြီး ခလ္လာတိယ၏ အလုပ်အကျွေးမိန်းမကို တံစိုးလက်ဆောင်ပေးကာ ဖျားယောင်း၍ ဆံပင်ကျွတ်စေရန် ခိုင်းစေကြသည်။ ကျွန်မိန်းမသည် ထိုမိန်းမတို့ပေးသော ဆံပင်ကျွတ်ဆေးကို ခေါင်းလျှော်ရေတွင် ထည့်၍ သူ့သခင်မအား ပေး၏။

www.dhammaransi.com



ခုဇ္ဇုတ္တရာ ဂင်္ဂါမြစ်ဆိပ်၌ ရေချိုးသောအခါ ခေါင်းလျှော်ရေကို ဆံပင်ရင်းအထိ ပွတ်နယ်ပြီး ရေ၌ ငုပ်လိုက်လျှင် ပင် ဆံပင်တို့သည် အရင်းမှ ကျွတ်၍ကျသည်။ ခေါင်းပြောင်ကြီးနှင့် မြို့တွင်းမသွားရဲသဖြင့် ခေါင်းကို အဝတ်ပတ်ကာ မြို့ပြင်၌ ခေတ္တနေလေသည်။ နှစ်ရက်သုံးရက်လွန်မှ အရှက်ပြေပြီး မြို့တွင်းဝင်၏။ ထို့နောက် ဆီကြိတ်၍ ဆီရောင်းဝယ်ခြင်း၊ အရက်ချက်ရောင်းခြင်းဖြင့် အသက်မွေး၏။

ခုဇ္ဇုတ္တရာသည် အရက်မူးသမားတို့ထံမှ အဝတ်ပုဆိုးတို့ကို ခိုးယူလေ့ရှိသည်။ တစ်နေ့သောအခါ ရဟန္တာတစ်ပါး ဆွမ်းရပ်လာသည်ကို ကြည်ညိုသဖြင့် ပင့်ဖိတ်ကာ ဆီနှင့်ရောသော ဆီမွှေးနှမ်းဖတ်ကို လှူလေသည်။ ရဟန္တာအရှင်မြတ်သည် ခုဇ္ဇုတ္တရာ၏သဒ္ဓါတရားထက်သန်စေရန် အနုမောဒနာတရား ဟောကြားလေသည်။

ခုဇ္ဇုတ္တရာသည် အခြားဆုကြီးများ တောင်းနိုင်ပါလျက် "ဤရဟန္တာအရှင်မြတ်အား ကြည်ညိုစွာ လှူဒါန်းရသည့်အကျိုးကြောင့် ငါ၏ဆံပင်တို့သည် မည်းနက်ရှည်သွယ် နူးညံ့လျက် အဖျားကော့၍ တက်ပါစေသတည်း"ဟုသာ ဆုတောင်းလေသည်။

အလှူ၏ အကျိုးကြောင့် ကွယ်လွန်သောအခါ သမုဒ္ဒရာအလယ် ရွှေဗိမာန်၌ စံရသော နတ်ပြိတ္တာမ ဖြစ်လေသည်။ သူ၏ ဆံပင်တို့သည်ကား ဆုတောင်းတိုင်း ပြည့်စုံ၏။ သို့သော် အရက်မူးသမားတို့၏ အဝတ်ပုဆိုးတို့ကို ခိုးမိ

www.dhammaransi.com



သောကြောင့် ကိုယ်၌ အဝတ်မရှိ၊ ကိုယ်လုံးတီးနှင့် တစ်ယောက်တည်း စံရ၏။ ခလ္လာတိယသည် ထိုဗိမာန်၌ပင် ဘဝအဖန်ဖန်ဖြစ်ရာ ဂေါတမမြတ်စွာဘုရား ပွင့်တော်မူသည် အထိ ဖြစ်သည်။

ဂေါတမမြတ်စွာဘုရားရှင်လက်ထက်တွင် သာဝတ္ထိပြည်သား ကုန်သည်ခုနစ်ရာတို့သည် သုဝဏ္ဏဘူမိသို့ သင်္ဘောဖြင့် ကုန်ကူးသွားကြသည်။ သမုဒ္ဒရာအလယ်သို့ရောက်သော် မုန်တိုင်းမိပြီး ခလ္လာတိယနတ်ပြိတ္တာမ၏ ဗိမာန်သို့ရောက်သွားကြသည်။ ခလ္လာတိယလည်း ဗိမာန်နှင့်တကွ မိမိ၏အရိပ်အယောင်ကိုပြလေ၏။ ထိုအခါ သင်္ဘောသားကုန်သည်တို့က-

"ဗိမာန်တွင်းက ဘယ်သူလဲ၊ လူလား၊ နတ်လား၊ အပြင်ထွက်ခဲ့ပါ"ဟု အော်ပြောကြသည်။

နတ်ပြိတ္တာမက- "ငါ့မှာ အဝတ်မရှိသဖြင့် မထွက်ရဲပါ၊ ရှက်လှပါတယ်"ဟု ပြန်ပြောလေသည်။

ကုန်သည်တို့က- "ဒီအဝတ်တွေကို ဝတ်ပြီး ထွက်ခဲ့ပါ" ဟု ပြောကာ ပါလာသော အဝတ်ပုဆိုးတို့ကို ပစ်ပေးကြသည်။

"သင်တို့လက်ဖြင့် ငါ့ကိုပေးလို့မရပါ။ သင်တို့အထဲမှာ ရတနာသုံးပါးနှင့် ကံ၊ ကံ၏အကျိုးကို ယုံကြည်တဲ့ ဥပါသကာ တစ်ဦးဦးပါလာပါလိမ့်မယ်၊ သူ့ကို အဝတ်ပုဆိုးများပေးလှူပြီး ငါ့အားအမျှဝေပေးပါ"ဟု ခလ္လာတိယက ပြောလေသည်။

www.dhammaransi.com



သင်္ဘောသားတို့သည် သီလရှိသူ ဥပါသကာအား ပုဆိုးအစုံလှူဒါန်းပြီး နတ်သမီးအား အမျှပေးဝေကြသည်။ ခလ္လာတိယနတ်ပြိတ္တာမလည်း ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်သည့်အခိုက်မှာပင် အဝတ်တန်ဆာပြည့်စုံစွာ ရလေသည်။ ထိုအခါမှ အပြင်သို့ ထွက်လာနိုင်တော့သည်။

သင်္ဘောသား ကုန်သည်တို့လည်း နတ်သမီးကို အကြောင်းစုံမေးမြန်းရာ ခလ္လာတိယက-

"ငါကား ရဟန်းအားဆီထွေးနှမ်းဖတ်လှူဘူးတဲ့ကောင်းမှုကြောင့် နတ်ဗိမာန်မှာ စံစားရပေမဲ့ သူများ အဝတ်ပုဆိုးခိုးယူတဲ့ မကောင်းမှုကြောင့် နတ်ဖြစ်သော်လည်း အဝတ်မပါဘဲ ကိုယ်လုံးတီးနဲ့ နေရတယ်၊ သေရင်လဲ ငရဲကျခံရအုန်းမယ်"ဟု ပြောပြလေသည်။

ခလ္လာတိယ၏ စကားကို ကြားသောအခါ သီလရှိသူ ဥပသကာသည် သနားစိတ်ဝင်မိလေသည်။ ထို့ကြောင့်-

"အိုနတ်သမီး- ငါ့တစ်ယောက်ကို ပေးလှူရုံမျှဖြင့် အခုလိုအလိုပြည့်စုံရင် သီလရှိသူ သင်္ဘောသားတို့ကိုပေးလှူပြီး ရတနာ သုံးပါးဂုဏ်ကို အောက်မေ့ဆင်ခြင်ရင် ငရဲမှ လွတ်လိမ့်မယ်" ဟု ဆိုလေသည်။

ခလ္လာတိယလည်း ဝမ်းမြောက်ဝမ်းသာဖြင့် နတ်တို့၏ ထမင်းအဖျော်၊ အဝတ်ပုဆိုးတို့ကို သင်္ဘောသားတို့အား ပေးလှူ၏။ ထို့နောက် ပုဆိုးတစ်စုံကို သင်္ဘောသားတို့လက် အပ်ပြီး-

www.dhammaransi.com



"အရှင်ဘုရား- အဝတ်မရှိတဲ့ နတ်သမီးတစ်ယောက်က အရှင်ဘုရားရဲ့ ခြေတော်အစုံကို ဦးခိုက်လျှုဒါန်းလိုက်ပါတယ် ဘုရား"ဟု မြတ်စွာဘုရားအား လျှောက်ထား လျှုဒါန်းပေးပါရန် မှာကြားလိုက်သည်။ ထို့နောက် သင်္ဘောကိုလည်း မိမိတန်ခိုးဖြင့် လိုရာရောက်အောင် ပို့ဆောင်ပေးလေသည်။

သင်္ဘောသားတို့လည်း သာဝတ္ထိပြည် ရောက်လျှင် မြတ်စွာဘုရားထံသွား၍ ပုဆိုးတစ်စုံလှူပြီး နတ်သမီးမှာသည့်အတိုင်း လျှောက်ထားကြသည်။ မြတ်စွာဘုရားသည် ထိုစကားကိုအကြောင်းပြု၍ ပရိသတ်တို့အား တရားဟောကြားလေ၏။ သင်္ဘောသားတို့သည် ဘုရားအမှူးရှိသော သံဃာတော်တို့အား အလှူကြီးပေး၍ နတ်သမီးအား အမျှဝေကြ၏။ နတ်သမီးလည်း ဝေမာနိက နတ်ပြိတ္တာဘဝမှ လွတ်၍ တာဝတိံသာနတ်ပြည်၌ စံရလေသည်။

## ပိုင်ရှင်မှန်လျှင်

ဗာရာဏသီပြည်၌ ဘုရားလောင်းသည် သူကြွယ်မျိုး၌ ဖြစ်စဉ်၊ ညီတစ်ယောက်ရှိလေသည်။ မိဘများကွယ်လွန်သွားကြပြီးနောက်၊ ညီအစ်ကိုနှစ်ယောက်တို့သည် မိဘလက်ငုတ် လက်ရင်း ရောင်းဝယ်ခြင်းလုပ်ငန်းကို အတူပင် လုပ်ကိုင်ကြသည်။ တစ်နေ့တွင် အရောင်းအဝယ်လုပ်ငန်းဖြင့် ရွာတစ်ရွာသို့ သွားကြရာ အရင်းအမြတ်ပေါင်း ငွေတစ်ထောင်

www.dhammaransi.com



ရသည်။ ထိုငွေတစ်ထောင်ကိုယူ၍ ပြန်လာကြရာ မြစ်ဆိပ်တွင် ကုတို့လှေစောင့်ရင်း ထမင်းစားကြသည်။

ဘုရားလောင်းသည် ထမင်းဟင်းကျန်များကို မြစ်အတွင်းရှိ ငါးလိပ်တို့အား ပေးလှူပြီး မြစ်စောင့်နတ်နှင့် နတ်အပေါင်းတို့ကို အမျှပေးဝေ၏။ နတ်တို့သည်လည်း ဝမ်းမြောက်စွာ သာဓုခေါ်ကြရခြင်းကြောင့် နတ်စည်းစိမ်များ တိုးတက် ရရှိကြသည်။ ထို့နောက် ဘုရားအလောင်းသည် မြစ်ဆိပ်၌ နားနေအိပ်စက်သည်။

ညီငယ်သည် ငွေတစ်ထောင်ကို အကိုအား ခွဲဝေမပေးလိုဘဲ မိမိချည်းသာ ယူလို၏။ ထို့ကြောင့် ကျောက်စရစ်ခဲတို့ကို ငွေထုပ်နှင့်တူအောင် ထုပ်ကာ ငွေထုပ်နှင့်အတူထား၏။ ညီနောင်နှစ်ဦးအိပ်ရာမှထ၍ လှေဖြင့်မြစ်ကို ကူးကြ၏။ မြစ်လယ်၌ ညီဖြစ်သူသည် လှေကို လှုပ်ကာ ကျောက်စရစ်ထုပ်ကို ပစ်ချရန် ကြံစည်ပြီး အထုပ်တစ်ထုပ်ကို ပစ်ချလိုက်သည်။ ထို့နောက် အကိုဖြစ်သူအား-

"အကိုကြီး၊ ငွေထုပ်ရေထဲကျသွားပြီ၊ ဘယ်လိုလုပ်မလဲ" ဟု ပျာပျာသလဲ ပြောလိုက်သည်။ အကိုသည် သဘောရိုးဖြင့်ပင်-

"ဒီငွေလောက်ကို စိုးရိမ်မနေပါနဲ့"ဟု ပြောလေသည်။

တစ်ဘက်ကမ်းသို့ရောက်သောအခါ မိမိတို့ အိမ်ဆီသို့ အသီးသီး ပြန်ကြလေသည်။ ညီငယ်သည် အကိုကြီးအား

www.dhammaransi.com



လှည့်စားနိုင်ခဲ့ပြီဟု ဝမ်းသာအားရဖြစ်လျက် ကျန်သော အထုပ်ကို ဖြေကြည့်လေသည်။ အထုပ်ထဲတွင်ကား ကျောက်စရစ်ခဲများသာ တွေ့ရသည်။ ထိုအခါမှပင် အထုပ်များ၍ ပစ်ချခဲ့မိကြောင်း သိရကာ စိတ်မချမ်းမသာဖြစ်နေလေသည်။

မြစ်အတွင်း ကျသွားသော ငွေထုပ်ကို မြစ်စောင့်နတ်၏ တန်ခိုးဖြင့် ငါးကြီးတစ်ကောင်က မျိုမိလေသည်။ ထိုငါးသည် တံငါသည်တို့၏ ပိုက်ကွန်၌ မိလေ၏။ တံငါတို့သည် ငါးကို မြို့အတွင်းသို့ လှည့်လည်ရောင်းချကြ၏။ ငါးဝယ်လိုသူတို့က မေးကြသည်။

"အဲဒီငါး ဘယ်လောက်နဲ့ ရောင်းမှာလဲ"

"ငွေတစ်ထောင်နဲ့ ခုနစ်ပဲ"

ထိုအခါ မြို့သူမြို့သားတို့က "တစ်ထောင်တန်ငါး မကြားဘူးပါ"ဟု ပြောကာ ပြက်ရယ်ပြုကြ၏။ တံငါတို့လည်း ဘုရားလောင်းအိမ်သို့ ရောက်သောအခါ ငါးကို ဝယ်ရန် တိုက်တွန်းကြ၏။

"မိတ်ဆွေ၊ ဒီငါးကို ဝယ်ပါ"

"အစ်ကိုတို့ ဘယ်လောက်ပေးရမလဲ"

"ငွေခုနစ်ပဲသာပေးပါ"

"ကောင်းပါပြီ"

ဘုရားလောင်းလည်း ငွေခုနစ်ပဲပေး၍ ဝယ်ပြီး အိမ်ရှင်မအား ငါးကို ပေးလိုက်၏။ အိမ်ရှင်မလည်း ငါးကို ချက်ရန်

www.dhammaransi.com



ပိုက်ကို ခွဲသောအခါ ငွေတစ်ထောင်ထုပ်ကို တွေ့လေသည်။ ထို့ကြောင့် ခင်ပွန်းဖြစ်သူ ဘုရားလောင်းအား ပြောပြလေသည်။

ဘုရားလောင်းသည် ဤငါးကို အခြားသူတို့အား ငွေတစ်ထောင်နှင့် ခုနစ်ပဲဖြင့် ရောင်းပြီး မိမိအား ငွေခုနစ်ပဲဖြင့်သာ ရောင်းသည်ကို ကြားသိပြီး ဖြစ်သည်။ ဤငွေတစ်ထောင်ထုပ်သည် မိမိ၏ ဥစ္စာဖြစ်သောကြောင့် ငွေခုနစ်ပဲဖြင့် ရောင်းခြင်း ဖြစ်ရာ၏။ ဘယ်လိုအကြောင်းကြောင့်နည်းဟု ဆင်ခြင်ကြည့်၏။

ထိုအခိုက်မှာပင် မြစ်စောင့်နတ်သည် ကိုယ်ထင်ပြလျှက် အကြောင်းစုံ ရှင်းပြကာ-

"သင်သည် သူတစ်ပါးပစ္စည်းဥစ္စာကိုလည်း ခိုးယူဘူးခြင်း မရှိခဲ့။ ငါ၏ မြစ်အတွင်းရှိ ငါးများကိုလည်း ထမင်းဟင်းကျန်ပေးလျှကာ နတ်တို့အား အမျှပေးဝေဘူးသည့် ကျေးဇူးလည်း ရှိတယ်။ ဒါကြောင့် သင့်ဥစ္စာငွေကြေးများကို သင်ပြန်ရအောင် ကူညီတာဖြစ်တယ်"ဟု ပြောကာ ပျောက်ကွယ်လေသည်။

ဘုရားလောင်းသည် သနားကြင်နာစိတ် ရှိသူဖြစ်၍ ညီငယ်က မကောင်းကြံသည်မှန်သော်လည်း ငွေငါးရာကို ခွဲဝေပေးလိုက်သည်။

မျက်မှောက်ဘဝတွင်လည်း ပစ္စည်းပျောက်ဆုံး၍ ရှာမတွေ့နိုင်သည့်အဆုံး လက်လျှော့ပြီးကာမှ မထင်မှတ်ဘဲ မိမိ

www.dhammaransi.com



ပစ္စည်းပြန်ရသည့်သူများ၊ အကြွေးပြန်မဆပ်သဖြင့် စိတ်ဒုံးဒုံး ချ လက်လျှော့ပြီးကာမှ ပြန်ရသည့်သူများ အများပင်ရှိသည်။

## ကာမေသုမိစ္ဆာစာရကံ

ကိုယ်မပိုင်သော သူတစ်ပါး၏ လင်၊ မယား၊ သားပျို၊ သမီးပျိုတို့ကို ဖျက်စီးခြင်းစသော လွဲမှားသည့် မေထုန်အမှုကို ပြုခြင်းသည် ကာမေသုမိစ္ဆာစာရကံ ကျူးလွန်ခြင်း ဖြစ်သည်။ အုပ်ထိန်းခြင်း မကင်းသည့် အမျိုးသမီးများအား အုပ်ထိန်းသူ ခွင့်မပြုဘဲ လွန်ကျူးခြင်း၊ မိမိသားမယားကိုပင် မကျန်းမာသည့်အချိန်တွင် သွားလာခြင်း၊ အမျိုးသမီးက မနှစ်သက်မကျေနပ်ဘဲနှင့် ဗလက္ကာယပြုကျင့်ခြင်းတို့သည် လည်း ကာမေသုမိစ္ဆာစာရကံ ထိုက်သည်။

## မသွားမလာအပ်သော မိန်းမများ

(၁) အမိအုပ်ထိန်းသော မိန်းမ၊
(၂) အဖအုပ်ထိန်းသော မိန်းမ၊
(၃) မိဘနှစ်ပါးအုပ်ထိန်းသော မိန်းမ၊
(၄) အကိုများ၊ မောင်များ စောင့်ရှောက်သော မိန်းမ၊
(၅) အစ်မ၊ ညီမများ စောင့်ရှောက်သော မိန်းမ၊
(၆) ဆွေမျိုးများ စောင့်ရှောက်သော မိန်းမ၊
(၇) မျိုးနွယ်တူစောင့်ရှောက်သော မိန်းမ၊

www.dhammaransi.com



(၈) သီတင်းသုံးဖော် စောင့်ရှောက်သော မိန်းမ၊
(၉) ပြောဆိုကြောင်းလမ်းပြီးသော မိန်းမ၊
(၁၀) မင်းတို့ သိမ်းပိုက်ရန် ရည်ရွယ်ထားသော မင်းဒဏ်မကင်းသော မိန်းမ၊
(၁၁) ငွေကြေးဖြင့်ဝယ်ထားသော မိန်းမ၊
(၁၂) အလိုတူ၍ ပေါင်းသင်းနေသော မိန်းမ၊
(၁၃) ငွေကြေးစည်းစိမ်ထောက်ပံ့ပေးကမ်း ပေါင်းသင်းနေသော မိန်းမ၊
(၁၄) အဝတ်အစားဆင်၍ ပေါင်းသင်းနေသော မိန်းမ၊
(၁၅) မိဘများ ထိမ်းမြားပေးသော မိန်းမ၊
(၁၆) ထင်းခွေရေခပ် လုပ်ကိုင်ရသော မိန်းမအား ထိုအလုပ်ကို မလုပ်စေဘဲ မယားအဖြစ် ပေါင်းသင်းနေသော မိန်းမ၊
(၁၇) ကျွန်လည်းဖြစ် မယားလည်းဖြစ်သော မိန်းမ၊
(၁၈) အလုပ်သမလည်းဖြစ်၊ မယားလည်းဖြစ်သော မိန်းမ၊
(၁၉) စစ်မြေပြင်ပေါ်မှ ခေါ်ဆောင်ခဲ့သော သုံ့ပန်းမိန်းမ၊
(၂၀) ခေတ္တမယားပြုအပ်သော ပြည့်တန်ဆာ။

ဤအမျိုးနှစ်ဆယ်သော မိန်းမတို့ကို သွားလာလျှင် ကာမေသုမိစ္ဆာစာရကံထိုက်၏၊ သူတစ်ပါးစောင့်ရှောက်လုံခြုံစေအပ်သော မိန်းမတို့ကို ခိုးယူပေါင်းသင်းသောကြောင့်တည်း။

www.dhammaransi.com



## ကာမေသုမိစ္ဆာစာရကံကျူးလွန်ခြင်း၏ အပြစ်များ

- ဘဝတိုင်း လူမုန်းခံရခြင်း၊
- ရန်သူပေါများခြင်း၊
- ပစ္စည်းဥစ္စာရှာဖွေမရနိုင်ခြင်း၊
- ဒုက္ခိတဖြစ်ရခြင်း၊
- ယောကျ်ားမဟုတ်၊ မိန်းမမဟုတ် ပဏ္ဍုက်(မိန်းမရှာ) ဖြစ်ရခြင်း၊
- ယုတ်ညံ့သော အမျိုး၌ ဖြစ်ရခြင်း၊
- အရှက်တကွဲ အကျိုးနည်း ဖြစ်ရခြင်း၊
- မိန်းမဘဝ ဖြစ်ရခြင်း၊
- စိုးရိမ်ပူပန်မှုမပြတ် ဖြစ်ရခြင်း၊
- ဘဝတိုင်း ချစ်သူနှင့် ကွေကွင်းရခြင်း၊

## ကာမေသုမိစ္ဆာစာရကံ ရှောင်ကြဉ်ခြင်း၏အကျိုးများ

- လူခပ်သိမ်းတို့ ချစ်မြတ်နိုးခြင်း၊
- ရန်သူကင်းရှင်းခြင်း၊
- စားဝတ်နေရေး အဆင်ပြေခြင်း၊
- အပါယ်ဘေးမှ လွတ်မြောက်ခြင်း၊
- ယောကျ်ားစစ်စစ်ဘဝကိုရခြင်း၊

www.dhammaransi.com



- အမျက်ဒေါသနည်းခြင်း၊
- ရုပ်ရည်အဆင်းတင့်တယ်ခြင်း၊
- စိုးရိမ်ပူပန်မှုကင်းခြင်း၊
- ချစ်သူနှင့် ပေါင်းဖော်ရခြင်း၊

## ဆောင်ပုဒ်လင်္ကာ

မိစ္ဆာစာရ၊ ကျူးလွန်ကလည်း၊ မုန်းကြသူများ၊ ရန်မျိုးပွား၍၊ ရှားပါးလာဘ်တိတ်၊ ချမ်းသာဆိတ်၏၊ ဣတ္ထိပဏ္ဍုက်၊ မျိုးယုတ်ခါခါ၊ မျက်နှာမလှ၊ အရှက်ရလျက်၊ လက္ခဏာဣန္ဒြေ၊ ယွင်းသွေချို့သိမ်၊ စိုးရိမ်များစွာ၊ ချစ်သူကွာသည် ရှောင်ခါ အပြန်အကျိုးတည်း။

## ဒု - သ - န - သော

ဗုဒ္ဓဘာသာဝင်အများကြား သိဘူးကြသည့် ကာမေသု မိစ္ဆာစာရကံ ကျူးလွန်၍ ငရဲခံကြရသော သူဌေးသားလေးဦး အကြောင်း ဖြစ်သည်။

ကဿပဘုရားရှင်လက်ထက် ဗာရာဏသီ၌ ကုဋေလေး ဆယ်စီ ကြွယ်ဝသော သူဌေးသားလေးဦးရှိ၏။ ဒါန၊ သီလ စသော သူတော်ကောင်းတရားများ မကျင့်ကြံ။ စည်းစိမ်ဥစ္စာ သုံးလျက် သူတစ်ပါးသားမယားတို့ကို ကျူးလွန်ဖျက်ဆီးခြင်း

www.dhammaransi.com



ဖြင့်သော အချိန်ကုန်လွန်၍ သေလွန်ကြသော် လောဟကုမ္ဘီ ငရဲ၌ ခံကြရ၏။ ငရဲအိုး၌ နစ်မြုပ်နေရာ အနှစ်ခြောက်သောင်း ကြာမှ တစ်ကြိမ်ပေါ်လာကြ၏။ တစ်ခဏမျှသာ ပေါ်ပြီး ပြန်မြုပ်သွားကြပြန်သည်။ ပေါ်စဉ်ခဏမှာပင် သူတစ်ပါး သားမယားတို့ကို ကျူးလွန်ခဲ့ကြခြင်းကြောင့် ခံကြရသည်ကို အချင်းချင်း ပြောလိုသော ဆန္ဒဖြင့် "ဒု-သ-န-သော"တစ်လုံး စီပြောအပြီးတွင် ပြန်နစ်မြုပ်ကြရပြန်သည်။ ပြောလိုသမျှ အပြည့်အစုံ မပြောနိုင်ကြပေ။

သာဝတ္ထိပြည် ကောသလမင်းကြီးသည် ညဥ့်အခါ၌ ငရဲခံ သူဌေးသားလေးဦးတို့၏ "ဒု-သ-န-သော"ဟူသော အော်သံများကို ကြားရ၍ အထိတ်တလန့်ဖြစ်မိလေသည်။ ထို့ကြောင့် ပုဏ္ဏားတော်များကိုခေါ်၍ အကျိုးအကြောင်း မေးမြန်းကြည့်သည်။

"မှန်ပါ- ကြမ်းကြုတ်သော အသံများဖြစ်ပါ၍ ဘေး အန္တရာယ်ကြီးစွာ ရောက်ဖွယ်ရှိကြောင်းပါ၊ ယစ်ပူဇော်မှသာ ချမ်းသာရာရပါလိမ့်မယ်ဘုရား"

"ကောင်းပြီ၊ ယစ်ပူဇော်ကြလော့"

ထိုအကြောင်းကို မလ္လိကာမိဖုရားကြီးကြားသိသော် မင်းကြီးအား-

"လာဘ်လာဘမျှော်ကိုး လျှောက်တင်တဲ့ပုဏ္ဏားများရဲ့ စကားကို မနာယူသင့်ပါ။ မြတ်စွာဘုရားထံ လျှောက်ထား မေးမြန်းသင့်လှပါတယ်ဘုရား"ဟု လျှောက်တင်လေသည်။

www.dhammaransi.com



မင်းကြီးလည်း မြတ်စွာဘုရားထံ သွားရောက် လျှောက်ထားရာ-

"ဒါယကာမင်းမြတ်၊ ထိုအသံတို့အတွက် အသင်မင်းကြီးအား ဘေးအန္တရာယ်ဖြစ်စေလိမ့်မည်မဟုတ်၊ ဤအသံတို့ကို ရှေးမင်းတို့လည်း ကြားဘူးကြ၍ ပညာရှိစကားကြောင့် သတ္တဝါတို့ အသက်ချမ်းသာရာရဘူးလေပြီ"ဟုဆိုကာ ကောသလမင်းကြီးနှင့်အလားတူ "ဒု-သ-န-သော"ဟူသော အသံကို ကြားရသည့် မင်းတို့အကြောင်း ဟောကြားကာ ဆုံးမတော်မူ၏။

သူဌေးသားလေးဦးတို့ ပြောလိုသမျှတို့သည်ကား-

ဒု- ဒုဇ္ဇီဝိတ မဇီဝိမှ၊ ယေသံနော၊ နဒဒါမှသေ။

ဝိဇ္ဇမာနေသု ဘောဂေသု၊ ဒီပံ နာကမှ ပတ္တနော။

သူငယ်ချင်းတို့ ငါတို့သည် စည်းစိမ်ချမ်းသာ ပြည့်စုံလျက် မပေးမလှူမိ၊ မိမိ၏ မှီခိုရာကောင်းမှုကို မပြုမိ၊ မှားသော အသက်မွေးမှုကို ပြုမိကြသည်။

သ- သဋ္ဌိဝဿ သဟဿာနိ၊ ပရိပုဏ္ဏာနိ သဗ္ဗသော။

နိရယေ ပစ္စမာနာနံ၊ ကဒါ အန္တော ဘဝိဿတိ။

ငါတို့သည် ငရဲ၌ နစ်ရသည်မှာ အနှစ်ခြောက်သောင်း ရှိချေပြီ၊ ဘယ်အခါမှ အဆုံးသတ်ပါမည်နည်း။

န- နတ္ထိ အန္တော ကုတော အန္တော၊ န အန္တော ပတိဒိဿတိ။

www.dhammaransi.com



တဒါပဟိ ပကတံ ပါပံ၊ မမ တုယှဉ္စ မာရိသ။

ငါတို့သည် စိတ်ကူကိုယ်တူ ပြုခဲ့မိသော မကောင်းမှုကံ၏ အကျိုးသည် ငါ့အားလည်းကောင်း၊ သင့်အားလည်းကောင်း ဆုံးအံ့မထင်၊ တူသော အကျိုးပေးနေဦးမည်။

**သော-သောဟံ နူန ဣတော ဂန္တွာ၊ ယောနိံ လဒ္ဓါန မာနုသိံ။**

ဝဒညူ သီလသမ္ပန္နော၊ ကာဟာမိ ကုသလံဗဟုံ။

ဤငရဲမှ လွတ်၍ လူ့ဘဝရရှိခဲ့လျှင် သူတော်ကောင်းတို့ စကားကို သိနားလည်၍ သီလနှင့် ပြည့်စုံစွာ နေထိုင်ပြီး ကုသိုလ်ကောင်းမှုတို့ကို ပြုပါတော့မည်ဟူ၍ ဖြစ်ကြောင်း ဉာဏ်တော်ဖြင့် ဟောကြားတော်မူ၏။

မြတ်စွာဘုရားရှင်၏ တရားကိုနာပြီးသောအခါ မင်းကြီးလည်း စိတ်သက်သာရာရပြီး ယစ်ပူဇော်မည့် သားကောင်တို့ကို အလျှင်အမြန် လွှတ်စေလေသည်။

## မဟာပဒုမမင်းသား

ကာသိကရာဇ်တိုင်း၊ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုစဉ် အလွန်အဆင်းလှသော သားတော်တစ်ပါး ရှိ၏။ မဟာပဒုမအမည်ရှိ၏။ အိမ်ရှေ့အရာ ပေးထား၏။ အိမ်ရှေ့မင်းသား မဟာပဒုမသည် အကျင့်သီလနှင့် ပြည့်စုံသဖြင့် ပြည်သူတို့က ချစ်မြတ်နိုး၏။

www.dhammaransi.com



ဗြဟ္မဒတ်မင်းကြီး၏ အဂ္ဂမဟေသီမိဖုရားကြီး နတ်ရွာစံသော် မင်းသမီးငယ်တစ်ပါးကို မိဖုရားကြီးမြှောက်၏။ ထိုမင်းသမီးသည် မိဖုရားကြီးအရာရသောအခါ မာန်တက်ပြီး နန်းတွင်းသူ နန်းတွင်းသားတို့ကို နှိပ်စက်၏။

အခါတစ်ပါး၌ နယ်စွန်နယ်ဖျား ကျေးရွာတို့တွင် ပုန်ကန်ထကြွမှု ပေါ်ပေါက်၏။ ရွာသူရွာသားတို့မှာ ဆင်းရဲဒုက္ခရောက်ကြရသည်။ ထိုသတင်းကို မင်းကြီးကြားသော် ကိုယ်တော်တိုင်ထွက်၍ နှိမ်နင်းသည်။ မဟာပဒုမမင်းသားအား မြို့စောင့်ထားခဲ့သည်။ မင်းကြီးကိုယ်တော်တိုင် ထွက်တော်မူလာကြောင်း ကြားရသောအခါ သူပုန်တို့ ထွက်ပြေးကြလေသည်။ မင်းကြီးလည်း အေးဆေးတည်ငြိမ်အောင် ခေတ္တစံတော်မူပြီးမှ မြို့တော်သို့ ပြန်လာ၏။

အိမ်ရှေ့မင်းသားလည်း မင်းကြီးအား ကြိုဆိုရန် ပွဲလမ်းသဘင် ကျင်းပခြင်း၊ မဏ္ဍပ်များ ဆောက်ခြင်း၊ တံခွန်အလံများထူခြင်း၊ သဲဖြူးခြင်း ရာဇမတ်ကာခြင်းတို့ဖြင့် မြို့ကို တန်ဆာဆင်သည်။ ထို့နောက် မင်းကြီးပြန်ကြွလာကြောင်း ပြောရန် မိဖုရားအဆောင်သို့ ဝင်ခဲ့၏။

မိဖုရားသည် ငယ်ရွယ်နုပျို၍ ချောမောလှပသော မဟာပဒုမမင်းသားအပေါ် တပ်မက်စိတ် ဖြစ်မိလေသည်။ ထို့ကြောင့် အိမ်ရှေ့မင်းသားအား "မောင်တော်"ဟု ခေါ်ကာ မိမိအလိုသို့ လိုက်ပါရန် ဖြားယောင်းလေတော့သည်။ မဟာပဒုမမင်းသားလည်း မသင့်လျော်သည့်အကြောင်း၊ ခမည်း

www.dhammaransi.com



တော်၏ ကြင်ယာတော်သည် မိမိ၏ မိခင်ပင်ဖြစ်ကြောင်း အကယ်၍ လွှန်ကျူးပါက လောက၊ သံသရာနှစ်ဖြာသော ဘဝတို့၌ နစ်မွန်းကြရမည်ဖြစ်ကြောင်း ပြောကြားတားမြစ်လေသည်။

မိဖုရားငယ်လည်း အမျိုးမျိုး ဖြားယောင်း၏။ မင်းသားလည်း တောင်းပန်ကာ ပြန်လာခဲ့သည်။ မိဖုရားသည် မိမိအလိုသို့ မလိုက်သဖြင့် မင်းသားအပေါ် အမျက်သိုကာ အသေသတ်ရန် ကြံစည်လေသည်။ မိဖုရားသည် မိမိကိုယ်ကို ချွန်သောအရာတို့ဖြင့် ကုတ်ခြစ်၍ အစင်းအရှိုးများ ထင်စေ၏။ နံ့သာတုံးဖြင့် ခြေ၊ လက်၊ ဦးခေါင်းတို့ကို ရိုက်၍ ဖူးရောင်ဒဏ်ရာရစေ၏။ ပြီးနောက် သလွန်ထက်တွင် အိပ်၍နေလေသည်။ အထိန်းတော်တို့ကိုလည်း နာမကျန်းသဖြင့် မင်းကြီးအား မကြိုနိုင်ကြောင်း လျှောက်ထားစေ၏။

မင်းကြီးအား တစ်မြို့လုံး သောင်းသောင်းဖျဖျ ကြိုဆိုကြ၏။ ကြိုဆိုသူများထဲ၌ မိဖုရားကို မမြင်သဖြင့် မင်းကြီးမေးမြန်းရာ အထိန်းတော်တို့က မိဖုရားမှာသည့်အတိုင်း လျှောက်ကြသည်။ မင်းကြီးလည်း နန်းတော်ရောက်လျှင် မိဖုရားအဆောင်သို့ဝင်လေ၏။ သလွန်ထက်တွင်ထိုင်ကာ-

"မိဖုရားကြီး ဘယ်သို့ဖြစ်သနည်း၊ ဘာကိုအလိုရှိသနည်း"ဟု မေးလေသည်။ မိဖုရားလည်း "အရှင်မင်းကြီး ကြည့်ပါဦးဘုရား၊ ကျွန်တော်မတစ်ကိုယ်လုံး ဒဏ်ရာတွေနဲ့ ပြည့်နေပါပြီ၊ အိမ်ရှေ့မင်းသားဟာ အရှင်မင်းကြီးမရှိခိုက်

www.dhammaransi.com



စောင့်ရှောက်ရမဲ့အစား ကျွန်တော်မအဆောင်ကိုလာပြီး သူ့အလိုကို လိုက်ရန် ပြောပါတယ်ဘုရား၊ ကျွန်တော်မက အလိုမတူလို့ ရိုက်နှက်ကုတ်ခြစ် ကန်ကျောက်ထားတာ မြင်တဲ့အတိုင်းပါပဲဘုရား၊ အဖရဲ့မယား အမိလို့ မမှတ်တဲ့ သားဆိုး သားယုတ်ရဲ့ လုပ်ပုံကို ကြည့်ပါအုံးဘုရား"ဟု ငိုယိုကာ လျှောက်တင်လေသည်။

မင်းကြီးလည်း ဒေါသအလွန်ထွက်ကာ ညီလာခံ ချက်ချင်းခေါ်ပြီး-

"သားတော်အိမ်ရှေ့မင်းသားကို ဖမ်းပြီး တောင်ကမ်းပါး ပြတ်က ချ၍သတ်စေ"ဟူ အမိန့်ချမှတ်လေသည်။

"အရှင်မင်းကြီး၊ စစ်ဆေးတော်မူပါဦး၊ သားတော်ဟာ အကျင့်သီလနဲ့ ပြည့်စုံတဲ့သူဖြစ်ပါတယ်"ဟု မှူးမတ်တို့က လျှောက်တင်ကြသည်။

သို့သော် ဒေါသအရှိန်တက်နေသည့် မင်းကြီးသည် အမိန့်တော်ကို မပြင်ဘဲ အတွင်းဆောင်သို့ဝင်လေသည်။ အာဏာသားတို့လည်း အိမ်ရှေ့မင်းသားထံ လျှောက်ထားကြသည်။ မင်းသားက-

"အမောင်တို့- သံသရာဝဋ်က မလွတ်သမျှ သတ္တဝါတွေဟာ လောကဓံတရားက မလွန်ဆန်နိုင်ကြဘူး၊ ခမည်းတော်နဲ့ မိဖုရားကိုရော သင်တို့ကိုပါ ငါအပြစ်မယူပါဘူး၊ ငါ့ကို မရှုံ့ကြနဲ့၊ အမိန့်အတိုင်းသာ ပြုကြလော့"ဟုဆိုကာ မေတ္တာပွားလျက်သာ နေသည်။

www.dhammaransi.com



အာဏာသားတို့လည်း မင်းသားအား တောင်းပန်ကာ လက်ပြန်ကြိုးတုတ်လျက် တောင်ကမ်းပါးပြတ်သို့ ခေါ်ဆောင်ကာ ပစ်ချပြီး ပြန်ခဲ့ကြသည်။ မဟာပဒုမ၏ မေတ္တာတန်ခိုး၊ သီလအကျိုးကြောင့် တောင်စောင့်နတ်က နဂါးပြည်သို့ ဆောင်ယူကာ နဂါးမင်းထံ စောင့်ရှောက်ရန် အပ်လေသည်။ နဂါးမင်းလည်း စည်းစိမ်တစ်ဝက်ပေးကာ စောင့်ရှောက်ထားသည်။

မဟာပဒုမမင်းသားသည် နဂါးပြည်၌ တစ်နှစ်ခန့်နေပြီး ဟိမဝန္တာသို့လာကာ ရသေ့ရဟန်းပြုသည်။ ရဟန်းတရားများပွားများအားထုတ်ရာ မကြာမီ ဈာန်အဘိညာဏ်ရလေသည်။ ဗာရာဏသီ မုဆိုးတစ်ယောက်သည် တောလည်ရင်း မဟာပဒုမရသေ့နှင့် တွေ့ရာ အကြောင်းစုံကို သိလေ၏။ ဗာရာဏသီသို့ ပြန်ရောက်သောအခါ မင်းကြီးအား သားတော် မဟာပဒုမကို တွေ့ခဲ့ကြောင်း လျှောက်တင်လေသည်။ မင်းကြီးလည်း မှူးမတ်ဗိုလ်ပါနှင့်တကွ သားတော်ထံ သွားရောက်၍ မှားမိသည့်အပြစ်ကို သည်းခံရန် တောင်းပန်သည်။ မဟာပဒုမရှင်ရသေ့သည် သည်းခံခွင့်လွှတ်ကာ မင်းကြီးအား တရားဟောလေ၏။ မင်းကြီးက ထီးနန်းသိမ်းပိုက်ရန် လျှောက်ထားသော်လည်း လောကခံစက်ကွင်းအတွင်း ပြန်၍ မဝင်ရောက်လိုတော့ကြောင်း ပြောကာ ငြင်းပယ်လေသည်။ မတတ်သာသည့်အဆုံး မင်းကြီးလည်း ဝမ်းနည်းကြေကွဲကာ ပြန်လာရသည်။

www.dhammaransi.com



မိဖုရား၏ အကောက်ဉာဏ်ကြောင့် ဤသို့ဖြစ်ရသည့်အတွက် မှူးမတ်တို့နှင့်တိုင်ပင်ကာ ဗာရာဏသီပြည်ပြန်အရောက်တွင် မိဖုရားအား တောင်ကမ်းပါးပြတ်မှ ပစ်ချသတ်စေလိုက်လေသည်။

## မုသာဝါဒကံ

မဟုတ်မမှန်သောအားဖြင့် ချွတ်ယွင်းစေခြင်း၊ သိက္ခာကျစေခြင်းငှါ ကိုယ်နှုတ်တို့ဖြင့် လိမ်လည်ပြုမူ ပြောဆိုခြင်းသည် မုသာဝါဒကံ ကျူးလွန်ခြင်းဖြစ်သည်။ နှုတ်ဖြင့်ဖြစ်စေ၊ ကိုယ်လက်လှုပ်ပြ၍ဖြစ်စေ၊ လိမ်ညာမှုမှန်သမျှ မုသာဝါဒဖြစ်သည်။ သို့သော် နှုတ်ဖြင့် ပြောသော မုသားက များ၍ ဝစီဒုစရိုက်၌ ထည့်သွင်းရသည်။

လိမ်ညာပြောဆိုရာ၌ သူတစ်ပါးအကျိုးစီးပွားပျက်စီးအောင် လိမ်ညာပြောဆိုသော မုသားမျိုးသာ အပါယ်ရောက်ကြောင်း ဖြစ်သည်။ သူတစ်ပါးအကျိုးစီးပွား အနည်းငယ်ပျက်စီးလျှင် အပြစ်ငယ်၏။ များစွာပျက်စီးလျှင် အပြစ်ကြီး၏။

## မုသာဝါဒအင်္ဂါလေးပါး

(၁) မဟုတ်မမှန်သော အကြောင်းအရာဖြစ်ခြင်း၊

(၂) မဟုတ်မမှန် ပြောဆိုလိုစိတ်ရှိခြင်း၊

www.dhammaransi.com



(၃) ပြောလည်း ပြောခြင်း၊

(၄) လိမ်လည်သောစကား အစိပ္ပါယ်ကို လိမ်လည်ခံရသူ သိရှိခြင်း၊

## မုသာဝါဒကံကျူးလွန်ခြင်း၏ အပြစ်များ

- စကားပီသအောင် မပြောနိုင်ခြင်း၊
- သွားများ မညီမညာဖြစ်ခြင်း၊
- ခံတွင်းနံ့ နံခြင်း၊
- ခန္ဓာကိုယ် မွဲခြောက်ခြင်း၊
- ဣန္ဒြေမရှိ ဖြစ်ရခြင်း၊
- ပုံပန်းမကျ ဖြစ်ရခြင်း၊
- ဩဇာအာဏာ မရှိခြင်း၊
- အပြောအဆို ကြမ်းတမ်းခြင်း၊
- လျှပ်ပေါ်လော်လည် စိတ်မတည်မငြိမ် ဖြစ်ခြင်း။

## မုသာဝါဒကံ ရှောင်ကြဉ်ခြင်း၏အကျိုးများ

- စကားပီသပြတ်သားခြင်း၊
- သွားများ ညီညာခြင်း၊
- ခံတွင်းမွှေးကြိုင်ခြင်း၊

www.dhammaransi.com



- ကိုယ်ရေအသား ပြည့်ဖြိုးခြင်း၊
- မျက်စိ၊ နား စသော ဣန္ဒြေများ ကြည်လင်ခြင်း၊
- ပုံသဏ္ဍာန်လှပခြင်း၊
- သူတစ်ပါးအပေါ် ဩဇာအာဏာရှိခြင်း၊
- အပြောအဆို နူတ်စအာစ ကောင်းခြင်း၊
- စိတ်တည်ငြိမ်ခြင်း၊

## ဆောင်ပုဒ်လင်္ကာ

မုသားစကား၊ ပြောဆိုငြားမူ၊ စကားမပီ၊ သွားမညီတည့်၊ ပုပ်ညှီပါးစပ်၊ ခြောက်ကပ်ကိုယ်ရေ၊ ဣန္ဒြေနောက်၊ ပုံယွင်းဖောက်၏၊ မရောက်ဩဇာ၊ နူတ်လျာကြမ်းထော်၊ လျှပ်ပေါ်လော်လည်၊ စိတ်မတည်သည်၊ ရှောင်ခါအပြန်အကျိုးတည်း။

## စေတီယမင်း

စေတီယတိုင်း၊ သောတ္တိယပြည်တွင် စေတီယမင်း စိုးစံသည်။ ထိုမင်းသည် ကောင်းကင်၌ သွားလာရပ်တည်နိုင်သည်။ ကိုယ်မှ စန္ဒကူးနံ့လှိုင်သည်။ ခံတွင်းမှ ကြာညိုနံ့သင်းသည်။ နတ်သားလေးယောက် သန်လျက်ထမ်း၍ အမြဲစောင့်ရှောက်သည်။

www.dhammaransi.com



ကပိလသည် စေတိယမင်း၏ပုရောဟိတ်ကြီး ဖြစ်သည်။ စေတိယမင်း၏ ခမည်းတော် ဥပဝရမင်း လက်ထက်ကပင် အမှုထမ်းလာသည့် ပညာရှိအမတ်ကြီး ဖြစ်သည်။ အသက်အရွယ်ကြီးရင့်လာပြီဖြစ်သော ကပိလအမတ်ကြီးသည် စေတိယမင်းထံတွင် မိမိ၏သားအား ပုရောဟိတ်အရာ အပ်နှင်းလျက် ရသေ့ရဟန်းပြုကာ မင်းဥယျာဉ်၌ နေ၏။

ကပိလပုရောဟိတ်ကြီးတွင် ကောရကလမ္ဗကဟူသော ညီတစ်ယောက်ရှိ၏၊ ကောရကလမ္ဗကသည် စေတိယမင်းနှင့် ကျောင်းနေဖက်ဖြစ်သည်။ မင်းသားဘဝ ကျောင်းနေစဉ် စေတိယက ကောရကလမ္ဗကအား-

"အဆွေ၊ ငါမင်းဖြစ်လျှင် သင့်ကို ပုရောဟိတ်ရာထူး ပေးအံ့"ဟု ကတိစကားဆိုဘူး၏။

စေတိယမင်းဖြစ်သောအခါ ကပိလအမတ်ကြီး၏ သားအား ပုရောဟိတ်ရာထူးပေးသည်ကို မကျေနပ်ပေ။ တစ်နေ့ ကောရကလမ္ဗကသည် မင်းကြီးနှင့် နှစ်ယောက်တည်းရှိစဉ်-

"အရှင်မင်းကြီးဟာ ကတိပြုပြီးတာကို မေ့တတ်လေစွ"

"အဆွေ-အဘယ်ကို ငါကတိပြုမိသလဲ၊ ငါမေ့လျော့နေမိတယ်၊ သင်က ရှင်းလင်းပြောပြပါ"

"အရှင်မင်းကြီးက မင်းအဖြစ်ရနေတော့ ကျောင်းနေစဉ်က စကားတွေ မေ့မယ်ဆိုလဲ မေ့လောက်ပါတယ်၊ ရာထူးမရှိ၊ ဂုဏ်မရှိ၊ အခြေအနေမဲ့နေတဲ့ အကျွန်ုပ်ကသာ မမေ့နိုင်ထာပါ"

www.dhammaransi.com



ကောရကလမ္ဗကက မင်းကြီး၏ စိတ်ကို ဆွပေးလိုက်သည်။ မင်းကြီးလည်း ဒေါသဖြစ်သွားပြီး-

"အဆွေ- ငါဟာထားပြီးတဲ့ကတိ ဖျက်တဲ့သူမဟုတ်ဘူး၊ ဘယ်လိုကတိမျိုး ငါထားခဲ့တယ်ဆိုတာသာ သင်ပြောပြပါ"

"ကျောင်းနေစဉ်က ငါမင်းဖြစ်လျှင် သင့်ကို ပုရောဟိတ်ရာထူးပေးမယ်လို့ အရှင်မင်းကြီးပြောခဲ့တယ်မဟုတ်လော၊ အခုအရှင်မင်းကြီး မင်းဖြစ်နေပေမဲ့ အကျွန်ုပ်ကတော့ နဂိုအတိုင်း မွဲပြာပုဆိုး တန်ခိုးမရှိ ဖြစ်နေတာ အရှင်မင်းကြီး ကြည့်နေရက်တယ်"

"အို- ဒါများ မစိုးရိမ်နဲ့၊ သင့်ကို ပုရောဟိတ်ရာထူး ငါပေးမယ်"

"ဒီကိစ္စ မလွယ်ကူပါ အရှင်မင်းကြီး၊ အဖရာထူးကို သားအကြီးဆုံးကသာ ဆက်ခံရိုးထုံးစံရှိပါတယ်၊ ဒါကြောင့် ကပိလကသူ့သားကို ပုရောဟိတ်ရာထူး လွှဲပေးပြီး ရဟန်းပြုသွားပြီမဟုတ်ပါလား"

ထိုအခါ စေတိယမင်းသည် တခဏမျှ တွေဝေသွားသည်။ သို့သော် စကားလွန်နေပြီဖြစ်သဖြင့် ကတိပျက်သူအဖြစ်မခံဟု စိတ်ဆုံးဖြတ်ကာ-

"မစိုးရိမ်နဲ့ ကောရကလမ္ဗက - သင့်ကို အစ်ကိုကြီး၊ ကပိလကို ညီငယ်လို့ လိမ်လည်ပြောဆိုပြီး ကပိလရဲ့သားဆီက ပုရောဟိတ်ရာထူး ပြန်ယူပေးမယ်"

www.dhammaransi.com



ထိုအချိန် ထိုကာလသည်ကား လူ့လောကဝယ် လိမ်လည်ပြောဆိုခြင်း (မုသာဝါဒ)ဟူသည် မပြောကြားဘူးကြသေးပေ။ ပုရောဟိတ်ဖြစ်တော့မည်ဟု ဝမ်းသာအားရဖြစ်နေသော ကောရကလမ္ဗကသည် ပိုသေချာစေရန် မင်းကြီး၏စိတ်ကို ဆွပေးပြန်သည်။

"မင်းကြီး- ကျွန်ုပ်နောင်တော် ပုရောဟိတ်ဟောင်း ကပိလရှင်ရသေ့ဟာ အောက်လမ်းမှော်ပညာ တတ်မြောက်တယ်။ သင်မင်းကြီး မုသားစကားဆိုရင် သင်မင်းကြီး၏ ကိုယ်မှ စန္ဒကူးနံ့ မပြယ်ဘဲ ပြယ်သလို၊ ခံတွင်းကကြာညှိုနံ့ မပြယ်ဘဲ ပြယ်သလို၊ နတ်သားလေးယောက်က မကွယ်ဘဲ ကွယ်သလို၊ ကောင်းကင်က မကျဘဲကျသလို သင်မင်းကြီးရဲ့ စိတ်မှာ ထင်လာအောင် မှော်ပညာနဲ့ လှည့်စားလိမ့်မယ်၊ ဒီအခါမှာ အရှင်မင်းကြီး ကြောက်စိတ်ဝင်လာရင် အရှက်တကွဲ ဖြစ်မယ်၊ ဒါကြောင့် အရှင်မင်းရဲ့စိတ်ကို မနိုင်ရင် ဒီအမှုကို မပြုပါနဲ့၊ ကျွန်ုပ်လည်း အေးအေးဆေးဆေးပဲ နေပါတော့မယ်"

"ကောရကလမ္ဗက- သင်ငါ့ကို အထင်သေးသလော၊ ငါပြောမယ်ဆိုတဲ့စကားကို ပြောဖြစ်အောင်ပြောမယ်၊ သင်စိတ်ချသာနေပေတော့"

ထိုသတင်းကို ကပိလ၏သား ပုရောဟိတ်ကြားလျှင် ဖခင်ရသေ့ထံ အမြန်သွား၍ အကြောင်းကြားသည်။

www.dhammaransi.com



"ချစ်သား- မင်းကြီးမှသားပြောမဲ့နေ့ကျရင် ငါလာ၍ ဖြေရှင်းပေးမယ် မစိုးရိမ်နဲ့၊ သင် စိတ်အေးစွာ ပြန်ပေတော့"

ပုရောဟိတ်ရာထူးအတွက် မင်းကြီးမှသားပြောမည့်နေ့တွင် နန်းရင်ပြင်၌ သောတ္ထိယမြို့သူမြို့သားများနှင့် ပြည့်နေသည်။ မှသားစကားဆိုသည်ကို မကြားဘူးသဖြင့် လာရောက်နားထောင်ကြခြင်း ဖြစ်သည်။

စေတိယမင်းကြီးသည် နတ်သားလေးယောက်ခြံရံလျက် နန်းရင်ပြင်သို့ ထွက်လာကာ ပရိတ်သတ်အလယ် ကောင်းကင်ပြင် မင်းနေရာ၌ နေလေသည်။ ကပိလရှင်ရသေ့လည်း ကောင်းကင်မှ လာလတ်၍ မင်းကြီး၏ ရှေ့တည့်တည့်၌ ထိုင်လေ၏။

"ဒါယကာ စေတိယမင်းကြီး-သင်သည် ငါ့ညီငယ် ကောရကလမ္ဗကကို အကြီး၊ ငါ့အားအငယ်ဖြစ်သည်ဟု မှသားပြောကာ ငါ့ညီအား ပုရောဟိတ်ရာထူး ပေးမည်ဆိုသည်မှာ မှန်သလော"

"မှန်ပါတယ် ဆရာရသေ့"

"ဒါယကာမင်းကြီး- မဟုတ်မမှန်သော စကားပြောဆိုခြင်းသည် ဂုဏ်ကျေးဇူးကို ဖျက်ဆီးတတ်ပါတယ်၊ မင်းတို့မည်သည် မမှန်သော စကားမဆိုရာ၊ မမှန်စကားပြောသည်ရှိသော် တရားကိုသတ်သည် မည်ပါတယ်၊ တရားကိုသတ်လျှင် မိမိကိုယ်ကို သတ်တာနဲ့အတူတူပါဘဲ၊ သင့်မှာ ရှိတဲ့

www.dhammaransi.com



တန်ခိုးတွေလဲ ပပျောက်လိမ့်မယ်၊ မုသားစကားမဆိုပါနဲ့ မှန်သောသစ္စာစကားသာ ဆိုပါ"

ကပိလရသေ့စကားကြားလျှင် မင်းကြီးလည်း အထိတ်တလန့်ဖြစ်လျက် နောက်သို့ လှမ်းကြည့်လိုက်၏။

"မင်းကြီး- မကြောက်လင့်၊ ဤသို့ဖြစ်လိမ့်မည်ဟု ကျွန်ုပ်ကြိုတင်လျှောက်ထားပြီးမဟုတ်ပါလော၊ ပြောမည့်စကားကိုသာ ပြောပါလော့"ဟု ကောရကလမ္ဗကက အားပေးလိုက်သည်။ ထိုအခါ မင်းကြီးလည်း ဤအခြေအနေရောက်မှ မထူးတော့ဟု မှတ်ယူလျက်-

"ဆရာကပိလရှင်ရသေ့-ဆရာကားညီငယ်၊ ကောရကလမ္ဗကကား အစ်ကိုကြီးသာ ဖြစ်တယ်"

မုသားစကား ပထမအကြိမ်ပြောလိုက်သည်နှင့်တစ်ပြိုင်နက် နတ်သားလေးယောက်တို့သည် "ဤမင်းယုတ်ကို စောင့်ရှောက်ခြင်းဖြင့် လောကအကျိုးမရှိ"ဟုဆိုကာ မင်းကြီးအားစွန့်ခွါသွားကြတော့သည်။ ကိုယ်၏ စန္ဒကူးနံ့၊ ခံတွင်း၏ကြာညိုနံ့တို့လည်း ပျောက်ကာ အပုပ်နံ့ ထွက်လေ၏။ ကောင်းကင်မှလည်း ဂျွမ်းပြန်ကာကျတော့သည်။ ထိုအခါ ရှင်ရသေ့က-

"မင်းကြီး- ပထမအကြိမ်မုသားဆိုခါမျှနှင့်ပင် တန်ခိုးလေးပါးကွယ်လေပြီ၊ မှန်သောသစ္စာစကား ပြန်ဆိုပါလျှင် တန်ခိုးလေးပါး ပြန်ရနိုင်ပါသေးတယ်၊ သစ္စာစကား ဆိုပါလော့"

www.dhammaransi.com



မင်းကြီးလည်း တုန်လှုပ်ခြောက်ခြားကာ ကောရက လမ္ဗကအား လှည့်ကြည့်ပြန်သည်။

"ကပိလရသေ့မှော်ပညာနဲ့ လှည့်စားနေတာ၊ တကယ် ဖြစ်တာမဟုတ်ပါဘူး၊ သားကောင်ဖမ်းမဲ့ ခြသေ့်ဟာ နောက် ဆုတ်ရိုးထုံးစံမရှိပါဘူး၊ အရှင်မင်းကြီး ပြောမယ့်စကားသာ ဆက်ပြောပါ"

ကောရကလမ္ဗကကဆက်၍ မြှောက်ပင့်ပေးပြန်သည်။ ထို့ကြောင့် မင်းကြီးလည်း အနည်းငယ်ကြောက်စိတ်ပြေကာ ဒုတိယအကြိမ်မုသားစကားဆိုပြန်၏။ မုသားစကားအဆုံး၌ မင်းကြီးအား ခြေမျက်စိအထိ မြေမျိုလေသည်။

"မင်းကြီး-မင်းတို့ကိုယ်တိုင်မုသားဆိုလျှင် မိုးလေမမှန် ပြည်သူတို့ ငတ်မွတ်ရာသည်၊ ကပ်ကြီးသုံးပါးဆိုက်ရောက် ပြီး၊ တိုင်းပြည်ပျက်စီးနိုင်ပါသည်။ ကြီးစွာသော ဆင်းရဲကို ပေးတတ်ပါသည်။ အမှန်သစ္စာကိုသာ ဆိုတော်မူပါ"

ကပိလရှင်ရသေ့က ဖျောင်းဖျသော်လည်း မြှောက်ပင့် ပေးသူ ကောရကလမ္ဗကကြောင့် စေတိယမင်းသည် ခုနှစ်ကြိမ် တိုင်တိုင် မုသား ဆိုမိလေသည်။ သတ္တမအကြိမ်မုသားဆို အပြီးတွင် မင်းကြီးတစ်ကိုယ်လုံး မြေမျိုကာ ငရဲသို့ကျ လေသည်။

www.dhammaransi.com



## သစ္စာစကားကြောင့် မြွေဆိပ်ပြေသည့် ယညဒတ်

ဗာရာဏသီပြည် တစ်ခုသောအရပ်၌ ကဏှာဒီပါယန ရှင်ရသေ့သည် မဏ္ဍဗျသူကြွယ် ဆောက်လုပ်လှူဒါန်းသော ကျောင်း၌ သီတင်းသုံးနေ၏။

တစ်နေ့တွင် မဏ္ဍဗျသူကြွယ်သည် ဇနီးနှင့်အတူ သားငယ် ယညဒတ်ကိုပါခေါ်၍ ကျောင်းသို့လာကာ ရသေ့အား ဖူးမြော်၏။ ရှင်ရသေ့နှင့် မိဘများ စကားလှောက်ထား ပြောဆိုနေခိုက် ယညဒတ်သည် ကျောင်းဝင်းအတွင်း တောင်ပို့တစ်ခုအနီး၌ ကစားနေ၏။ ယညဒတ် ကစားနေသော ဂျင်သည် တောင်ပို့ခေါင်းထဲသို့ ကျသွားသဖြင့် လက်နှင့်နှိုက်ယူစဉ် မြွေကိုက်လိုက်လေသည်။ ယညဒတ်သည် မြွေဆိပ်ကြောင့် မိန်းမောနေသည်။ မိဘတို့လည်း သားငယ်မြွေကိုက်၍ လဲနေသည်ကို တွေ့မြင်သဖြင့် ပွေ့ချီယူလာကာ ရှင်ရသေ့ရှေ့တွင် ချပြီး-

"အရှင်ရသေ့-ကျွန်ုပ်တို့၏ သားငယ်ကို ဆေးကုသပေးပါ"

ရှင်ရသေ့လည်း-

"ဒါယကာ - ငါသည် ဆေးဝါးမန္တရားအတတ်တို့ကို မတတ်ပါ၊ ဒါပေမယ့် ငါ၏ မှန်သောစကားကို ဆိုပြီး သစ္စာပြုကာ ကလေးငယ်ချမ်းသာရာ ရပါစေအံ့"ဟုဆိုကာ ကလေးငယ်၏ ဦးခေါင်းကို ကိုင်ပြီး သစ္စာပြုလေ၏။ "ငါသည်- ရသေ့

www.dhammaransi.com



ရဟန်းပြုပြီး ခုနစ်ရက်မျှသာ ကြည်ညိုသဒ္ဓါတရားဖြင့် မြင့်မြတ်သော အကျင့်ကို ကျင့်၏၊ ထိုမှတပါး ယနေ့တိုင် အနှစ်ငါးဆယ်ကျော် ကာလပတ်လုံး ရဟန်းအဖြစ် မမွေ့လျော်သော်လည်း သူတစ်ပါး ကဲ့ရဲ့မည်ကို ရှက်သဖြင့် လူမထွက်ဘဲ အောင့်အည်းနေရပါသည်၊ ဤမှန်သော စကားကြောင့် ကလေးငယ် ယညဒတ်သည် အသက်ရှင်ပါစေသတည်း"

ရှင်ရသေ့ သစ္စာပြုပြီးသည်နှင့် ယညဒတ်၏ ဦးခေါင်းရှိအဆိပ်တို့ ပြေလေ၏ မျက်လုံးဖွင့်ကြည့်ပြီး တစ်ဘက်သို့ စောင်းကာ မိန်းမောသွားပြန်သည်။

ရှင်ရသေ့က-

"ဒါယကာ - သင်၏သားသည် အသက်မသေသေး၊ သင်လည်း ဖုံးကွယ်ထားသော ကိစ္စနှင့် မှန်သောစကားတို့ကို ဆို၍ သစ္စာပြုလော့"ဟု မဏ္ဍဗျသူကြွယ်အား ပြော၏။ မဏ္ဍဗျသူကြွယ်လည်း သားငယ်အား ပွတ်သပ်လျက် - "ငါသည် အလှူပြုရခြင်းကို မနှစ်သက်၊ အလှူအကျိုးကိုလည်း မယုံကြည်၊ ငါ့ထံလာသော အလှူခံတို့ကို မနှစ်သက်သော်လည်း သူတစ်ပါးကဲ့ရဲ့မည်စိုး၍ အောင့်အည်းသီးခံပြီး အလှူပြုနေရပါသည်။ ဤမှန်သော သစ္စာစကားကြောင့် သားငယ် အသက်ရှင်ပါစေသတည်း"

သစ္စာစကားအဆုံးတွင် ယညဒတ်၏ ခါးအထက်ပိုင်းရှိ အဆိပ်တို့ ပြေလေ၏။ ယညဒတ်လည်း တစ်ဘက်စောင်း

www.dhammaransi.com



ကာ အိပ်သွားပြန်လေသည်။ မဏ္ဍဗျသူကြွယ်သည် သူကြွယ်ကတော်ဘက်သို့လှည့်၍-

"ရှင်မ- ရှင်ရသေ့နဲ့ ငါတို့ လျှို့ဝှက်သော ကိစ္စကို ဖွင့်ဟ၍ မှန်သော စကားဖြင့် သစ္စာပြုပြီးပြီ၊ ရှင်မလည်း ပြုဦးလော့"

"ကျွန်မတွင် တစ်ခုသော စကားရှိပါတယ်၊ ဒါပေမဲ့ ရှင်နဲ့ပတ်သက်နေလို့ ရှင့်ရဲ့ မျက်မှောက်မှာ မဆိုဝံ့ပါ"

"ရှင်မ- မစိုးရိမ်ပါနဲ့၊ ငါတို့သား အသက်ရှင်ဖို့အတွက် ဆိုသာဆိုပါ။ ငါ့ကို ရှက်ရွံ့အားနာမဖြစ်ပါနဲ့"

သူကြွယ်ကတော်ကလည်း-

"ငါ့သားကို ကိုက်သော မြွေကို ငါမေတ္တာမဲ့သလို မဏ္ဍဗျသူကြွယ်ကိုလည်း ငါမေတ္တာမဲ့သည်။ မေတ္တာမဲ့နှင့် ပေါင်းသင်းနေရသော်လည်း သူတစ်ပါး မသိစေရန် ငါဖုံးကွယ်ထားပါသည်။ ဤမှန်သော သစ္စာစကားကြောင့် သားငယ်အသက်ရှင်ပါစေသတည်း"ဟု သစ္စာဆိုသည်။ အမှို၏ သစ္စာစကားအဆုံး၌ ယညဒတ်၏အဆိပ်အားလုံးပြေကာ ထ၍ ပြေးလွှားကစားလေသည်။

မဟုတ်မမှန်ဆိုသော စကားသည် မုသာဝါဒမည်၏။ ဟုတ်မှန်စွာဆိုသော စကားသည် သစ္စာမည်၏။ ဟုတ်မှန်သော စကားတွင် ကောင်းသောစကားလည်း ရှိ၏။ မကောင်းသော သစ္စာစကားလည်းရှိ၏။ ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ အမှန်ကိုဆိုခြင်းသာ ပဓာနဖြစ်သည်။

www.dhammaransi.com



ယုံကြည်ခြင်း စေတနာဖြင့် ပြောဆိုသော သစ္စာစကားသည် ထက်မြက်သော တန်ခိုးရှိပေသည်။

ဂါတိသစ္စာ တည်သောအခါဝယ် ဩဇာလေးနက် ပေါ်ဆီတက်၍ နွယ်မြက်သစ်ပင် ဆေးဘက်ဝင်၏ဟူသော ဆိုရိုးစကားပင် ရှိသည်မဟုတ်ပါလော။

## သုရာမေရယကံ

သေရည်အရက်၊ ဘိန်းဘင်း၊ ကစော်၊ လှော်စာ၊ ကုတ်ကင်း၊ ဆေးခြောက်၊ ဘိန်းဖြူစသော မူးယစ်စေတတ်သော မည်သည့် ပစ္စည်းတို့ကိုမဆို သောက်စားသုံးစွဲခြင်းသည် ကုသိုလ်ကောင်းမှုတို့၌ မေ့လျော့ခြင်း၏ အကြောင်းဖြစ်ပေသည်။ ထို့ကြောင့် ရှောင်ကြဉ်ရသည်။ ထိုအရာတို့ကို အခြေခံလျက် ပြုပြင်စီရင်ပြုလုပ်ထားသော ခေတ်မီမူးယစ်ဆေးဝါးများလည်း အပါအဝင်ဖြစ်သည်။ သုံးစွဲပါက သုရာမေရယကံထိုက်သည်။

## သုရာမေရယမဇ္ဇပမာဒဋ္ဌာန

သုရာဆိုသည်မှာ စိမ်ရည်၊ ထန်းရည်ခါး၊ ခေါင်ရည် အစရှိသည့် မီးနှင့် မချက်ဘဲ မူးယစ်စေနိုင်သည့် သေရည်အမျိုးအစား ဖြစ်သည်။

မေရယဆိုသည်မှာ မီးနှင့် ချက်လုပ်သော အရက်အမျိုးမျိုးဖြစ်သည်။ မဇ္ဇဆိုသည်မှာ ဆေးခြောက်၊ ဘိန်း၊ ကုက်ကင်း၊

www.dhammaransi.com



မော်ဖီးယား၊ ပက်သဒင်း၊ ဘိန်းဖြူအစရှိသည့် မူးယစ်ဆေးဝါးအမျိုးမျိုး ဖြစ်သည်။

သေရည်သေရက်နှင့် မူးယစ်ဆေးဝါးများသည် ကုသိုလ်ကောင်းမှုကို မေ့လျော့စေသည့်အတွက် ပမာဒဋ္ဌာနဟု ခေါ်သည်။ (ပမာဒ=မေ့လျော့ခြင်း၏၊ ဌာန=အကြောင်းတရား)

## သုရာမေရယအင်္ဂါလေးပါး

(၁) သုရာ (မူးယစ်မေ့လျော့စေတတ်သည့်အရာ) စသည် တစ်ပါးပါး ဖြစ်ခြင်း၊

(၂) သောက်စားလိုသောစိတ်ရှိခြင်း၊

(၃) သောက်စားသုံးစွဲရန် အားထုတ်ပြုလုပ်ခြင်း၊

(၄) သောက်စားသုံးစွဲခြင်း၊

## သုရာမေရယကံ ကျူးလွန်ခြင်းအပြစ်

- စီးပွားဥစ္စာကုန်ခမ်းပျက်စီးခြင်း၊
- ခိုက်ရန်ပွားခြင်း၊
- ရောဂါအမျိုးမျိုးဖြစ်ပွားတတ်ခြင်း၊
- ကျော်စောသတင်း ကင်းမဲ့ခြင်း၊
- အရှက်အကြောက်ကင်းခြင်း၊
- အသိပညာ အားနည်းအောင် ပြုတတ်ခြင်း၊

www.dhammaransi.com



**ဗုဒ္ဓစကား**

ဘုရားရှင်က "ရဟန်းတို့- အရက်ကို မှီဝဲအပ်၊ အကြိမ်များစွာ သောက်အပ်သည်ရှိသော် ငရဲ၌ ဖြစ်စေနိုင်၏။ တိရစ္ဆာန်မျိုး၌ ဖြစ်စေနိုင်၏။ ပြိတ္တာမျိုး၌ဖြစ်စေနိုင်၏။ အရက်အတွက် အပေါ့ဆုံးအပြစ်သည် ဘဝတိုင်း၌ အရူးအနှမ်း ဖြစ်စေတတ်သည်" ဟု ဟောကြားတော်မူခဲ့၏။

**သုရာမေရယရှောင်ကြဉ်ရကျိုး**

- အရေးအခွင့်သင့်မသင့်ကို သိခြင်း၊
- လုံ့လဝီရိယရှိခြင်း၊
- သတိနှင့်ပြည့်စုံခြင်း၊
- သူပြုဖူးသော ကျေးဇူးကို သိတတ်ခြင်း၊
- အရှက်အကြောက်ရှိခြင်း၊
- ကုသိုလ်ကောင်းမှုပြုလွယ်ခြင်း၊
- စီးပွားဥစ္စာတည်မြဲခြင်း၊
- အနာရောဂါကင်းခြင်း၊
- ကောင်းသတင်းကျော်စောခြင်း၊
- ဒေါသနည်းခြင်း၊

www.dhammaransi.com



## ဆောင်ပုဒ်လင်္ကာ

သေရည်သောက်လင့်၊ သင့်မသင့်၌၊ ရေးခွင့်မသိ၊ ပျင်းရိမေ့ရှူး၊ ကျေးဇူးမဆပ်၊ ဟိရောတပ်ကင်း၊ ခပင်းများထို၊ အကုသိုလ်ကို၊ မငြိုလွယ်စွာ၊ ပြုကျင့်ရာသည်၊ ရှောင်ခါအပြန် အကျိုးတည်း။

## အသားစားဘုရင်

ရှေးကဘုရင်တစ်ပါးသည် အမဲသား ငါးမပါဘဲ ပွဲတော်တည်လေ့မရှိချေ။ အရက်သေစာလည်း လွန်ကျူးစွာ သောက်၏။ သောက်စားမူးယစ်ပြီးမှလည်း ပွဲတော်တည်သည်။ ထိုမင်းအုပ်ချုပ်သော တိုင်းပြည်တွင် နေ့ကြီးရက်ကြီးများ၌ သားငါးမရောင်းရဘဲ သားသတ်ရုံများ ပိတ်ထားရသော ရှေးထုံးစဉ်လာတစ်ရပ် ရှိ၏။

ဘုရင့်စားတော်ကဲသည် ပွဲတော်စာအတွက် အမဲသားငါးကို သားသတ်ရုံ မပိတ်မီ တစ်ရက် ကြိုတင်၍ ဝယ်ထားရသည်။ တစ်နေ့တွင် ကြိုတင်ဝယ်ထားသော အမဲသားငါးတို့ကို နန်းတော်တွင်းမှ ခွေးများဝင်ရောက်၍ ခိုးစားသွားသည်။ နံနက်လင်းမှ ခွေးများ ခိုးစားသည့်အဖြစ်ကို သိရသည်။ သားသတ်ရုံများ ပိတ်ထားသည့်နေ့ဖြစ်သည့်အတွက် ဝယ်၍လည်း မရချေ။ အသားဟင်းလျာ မပါလျှင် လည်းဘုရင်ကြီး အမျက်တော်ရှပြီး သေဘေးရောက်မည့်အဖြစ် ကြုံရမည်။

www.dhammaransi.com



စားတော်ကဲသည် ကြံရာမရသည့်အဆုံး မိဖုရားကြီးထံ သွားရောက်၍ အကျိုးအကြောင်း သံတော်ဦးတင်ကာ အသနားခံလေသည်။ မိဖုရားကြီးလည်း စားဖိုမှူးအား သနားသဖြင့်-

"စားတော်ကဲ- မင်းကြီးဟာ ငါ့သားတော်လေးကို အလွန် ချစ်မြတ်နိုးတယ်၊ ပွဲတော်အုပ် ဆက်ချိန်ရောက်ရင် သားတော်လေးကို မင်းကြီးရင်ခွင်ထဲမှာ ထားပေးမယ်၊ မင်းကြီးက သားတော်လေးကို ချော့မြှူနေရင် အမဲသားငါးကို သတိမထားမိဘဲ ရှိလိမ့်မယ်၊ အဲဒီအချိန်ကျရင် မောင်မင်းက ပွဲတော်အုပ်ဆက်ပေါ့"

ဟု အကြံပေးကာ ပြန်လွှတ်လိုက်သည်။

ပွဲတော်ဆက်ခါနီးတွင် မိဖုရားသည် သားတော်လေးကို မင်းကြီးရင်ခွင်ထဲမှာ ထားပေးလိုက်သည်။ မင်းကြီးလည်း အရက်မူးမူးနှင့် သားတော်လေးနှင့် ကျီစယ်နေသည်။ ထိုအချိန်၌ စားတော်ကဲက ပွဲတော်အုပ်ဆက်သည်။ မင်းကြီးလည်း ပွဲတော်အုပ်တွင် အသားဟင်းမပါသည်ကို တွေ့သည်နှင့် ဒေါသမီးဟုန်းကနဲ ထထောက်တော့သည်။ အရက်ရှိန်ကြောင့် ဒေါသက ပိုပြင်းထန်သည်။

"ဟယ်-စားတော်ကဲ၊ အသားဟင်း မပါပါလား"

"ဒီနေ့ - ဥပုသ်နေ့ဖြစ်၍ အမဲသားငါး မရောင်းသဖြင့် မပါခြင်း ဖြစ်ပါတယ်ဘုရား၊ အခြား ဟင်းတွေကို အရသာရှိအောင် ချက်ပြုတ်လာပါတယ်၊ ပွဲတော်တည် ကြည့်ပါဘုရား"

www.dhammaransi.com



စားတော်ကဲသည် ကြောက်ကြောက်နှင့် လျှောက်တင်လိုက်သည်။

"ငါလို ဘုရင်အတွက် အသားဟင်း ဒီလောက်ရှားသလား၊ ရော့- ဒါကို ဟင်းချက်ယူခဲ့"

အရက်ရှိန်၊ ဒေါသရှိန် တက်နေသော ဘုရင်ကြီးသည် ရင်ခွင်ထဲမှ သားတော်လေးကို လည်လိမ်ချိုးပြီး စားတော်ကဲထံ ပစ်ပေးလိုက်သည်။ စားတော်ကဲလည်း ကြောက်ကြောက်ရွံ့ရွံ့နှင့်ပင် အလျှင်အမြန် ချက်ပြီး ပွဲတော်ဆက်ရလေသည်။ သားတော်လေးအသားကို အရက်နှင့်မြည်း ပွဲတော်တည်ပြီးနောက် ဘုရင်ကြီးသည် မူးမူးနှင့် အိပ်ပျော်သွားသည်။

အိပ်ယာမှနိုးသော် အရက်မူးလည်းပြေလေပြီ။ အိပ်ရာမှထတိုင်း သားတော်လေးနှင့် ကျီစယ်နေကျကို သတိရမိ၏။ မိဖုရားကြီးကို ခေါ်ကာ သားတော်လေးကို သူ့ဆီခေါ်ခဲ့ရန် ခိုင်းသည်။ မိဖုရားကြီးလည်း ငိုယိုကာ ဖြစ်ပျက်သမျှတို့ကို လျှောက်တင်သည်။ ထိုအခါမှ ဘုရင်ကြီးလည်း အကြီးအကျယ် ထိတ်လန့်တုန်လှုပ်သွားသည်။

"ငါ ဒီလောက် မိုက်မဲရသလား၊ အရူးလို ထင်ရာ စွတ်လုပ်မိတာ အရက်ကြောင့်ပဲ၊ အရက်သောက်ခြင်းဟာ ကြီးစွာ အကျိုးမဲ့ကို ဖြစ်စေတတ်ပါကလား"

ဟု နောင်တကြီးစွာ ရသည်။ အရက်၏အပြစ်ကိုလည်း သိမြင်သွားသည်။

www.dhammaransi.com



"ငါသည် ယနေ့မှစ၍ နိဗ္ဗာန်ရောက်သည့်တိုင်အောင် သံသရာမှာ ကျင်လည်နေသမျှ ဘဝတိုင်း လူ့ဘဝအညွန့်တုံးစေမည့် ဤအရက်ကို မသောက်တော့ပါ"
ဟု သန္နိဋ္ဌာန်ချလိုက်သည်။ သို့သော် ပြုမိခဲ့သော အကုသိုလ်ကံများကြောင့် သေသည့်နောက်တွင် ငရဲသို့ ကျရောက်လေသည်။

## ဆေးခတ်သောအရက်

ဘုရားလောင်းသည် ဗာရာဏသီပြည်၌ သူဌေးဖြစ်စဉ်၊ ဗာရာဏသီ၌ အရက်သမားတစ်စုသည် သေတင်းကုပ် (အရက်ဆိုင်)၌ အချိန်ရှိသရွေ့ သောက်စားမူးယစ်လျက်ရှိကြသည်။ ကြာသော် ငွေကြေးပြတ်လပ်၍ အရက်ဝယ်သောက်စရာပင် မရှိတော့ချေ။ ထို့ကြောင့် အရက်ဖိုးရရန် တိုင်ပင်ကြ၏။ တစ်ယောက်က အကြံပြု၏။

"သူငယ်ချင်းတို့- ဘာမျှ မပူကြနဲ့ ဗာရာဏသီသူဌေးဟာ အဖိုးတန်လက်စွပ်၊ အဖိုးတန်ပုဆိုးတွေကို ဝတ်ပြီး မင်းခစားဖို့ ဒီလမ်းက အမြဲသွားတယ်၊ အရက်ထဲမှာ မေ့မြောစေတတ်တဲ့ ဆေးခတ်ပြီး သူဌေးလာရင် သောက်ရအောင် ဝိုင်းဆွယ်ကြမယ်၊ သောက်ပြီးလို့ မေ့မြောသွားရင် လက်စွပ်တို့ ပုဆိုးတို့ ချွတ်ယူပြီး အရက်ဖိုး လုပ်ကြတာပေါ့၊ မကောင်းဘူးလား"

အားလုံးသဘောတူကြသဖြင့် အရက်ထဲ ဆေးခတ်ကာ

www.dhammaransi.com



သူဌေးလာရာလမ်းကို စောင့်မျှော်နေကြ၏။ လာသောအခါ ခရီးဦးကြိုကြပြီး သွေးဆောင်ကြသည်။

"သူဌေးမင်း ဘယ်သွားမလို့ပါလဲခင်ဗျာ"

"မင်းထံ အခစားသွားမလို့"

"မသွားပါနဲ့ဦး၊ ကျွန်ုပ်တို့မှာ အလွန်ကောင်းတဲ့ အရက်ရှိပါတယ်၊ သူဌေးမင်းကို ဧည့်ခံပါရစေ၊ ခေတ္တ အပန်းဖြေသောက်သုံးပြီးမှ သွားပါ"

သူဌေးလည်း အရက်သမားတစ်စု၏ ထူးခြားသော အပြုအမူကို ကြည့်ပြီး ဤလူစုတွင် တစ်စုံတစ်ရာ မကောင်းသော အကြံအစည်ရှိလိမ့်မည်ဟု ယူဆလျက် စုံစမ်းလိုသဖြင့်-

"အချင်းတို့ - သေအရက်သောက်၍ မင်းထံသွားဖို့ မသင့်ပါ၊ မင်းထံမှ ပြန်လာမှ သင်တို့ထံ လာခဲ့ပါမယ်၊ သင်တို့ ဒီမှာပင် စောင့်နေကြပါ"

ဟုဆိုပြီး မင်းထံခစားဝင်သည်။ အပြန်တွင် အရက်သမားတို့ထံ ဝင်ရောက်ပြီး သေအရက်ကို မသောက်ဘဲ အကဲခတ်ကြည့်ရှုလေသည်။ ထို့နောက်-

"အရက်သမားတို့ သင်တို့ရဲ့အမူအရာကို ငါ မနှစ်သက်၊ သင်တို့ ထည့်ထားသော အရက်ခွက်တွေဟာ ကျွန်ုပ် သွားတုန်းကအတိုင်း အရာမယွင်း ရှိနေတယ်၊ သင်တို့ဟာ အရက်ကြိုက်သူများဖြစ်ပြီး ဒီအရက်ဟာလည်း အလွန်ကောင်းတယ်လို့ ကျွန်ုပ်ကို ချီးမွမ်းပြောဆိုတယ်၊ တကယ်

www.dhammaransi.com



ကောင်းရင် သင်တို့လည်း သောက်ကြမည်သာ ဖြစ်တယ်၊ အခု အရာမယွင်း တွေ့ရတာကို ကြည့်ရင် ဒီအရက်ဟာ အဆိပ် ဒါမှမဟုတ် ဆေးခတ်ထားတဲ့ အရက်သာ ဖြစ်ရမယ်၊ သင်တို့ဟာ တစ်စုံတစ်ရာ မကောင်းကြံဖို့ ဒီလိုလုပ်တာသာ ဖြစ်မယ်။ ဒီအရပ်လာတဲ့သူတွေကို ဆေးခတ်ထားတဲ့ အရက် တိုက်ပြီး မိန်းမောမေ့မြောမှ လုယက်ယူဖို့ ကြံတာမဟုတ်လား" ဟု ပြောဆိုပြီး အရက်သမားတို့အား ထိုနေရာမှ ထွက်ပြေး စေရန် ခြိမ်းခြောက်မောင်းမဲ နှင်ထုတ်လိုက်လေသည်။

## မူးယစ်ဆေးနှင့် ဆင်ခြင်တုံတရား

ထန်းရည်ခါး၊ စိမ်ရည်၊ ခေါင်ရည်၊ အရက်၊ ဘိန်း၊ ကုတ်ကင်း၊ ဘိန်းဖြူစသည့် မူးယစ်ဆေးဝါးမှန်သမျှသည် သုံးစွဲပြီးနောက် မူးယစ်နေခိုက်တွင် ဆင်ခြင်တုံတရား ကင်းမဲ့ နေတတ်သည်။ မူးယစ်ဆေးဝါးမှန်သမျှ စွဲတတ်သော သဘော ရှိသည်။ အစပိုင်းတွင် အနည်းငယ်သာ သုံးစွဲသော် လည်း တဖြည်းဖြည်းနှင့် တိုး၍တိုး၍ သုံးစွဲလာသည်။ နောက်ဆုံးတွင် သုံးစွဲသည့်ပမာဏလည်း များလာသည်။ မသုံးစွဲရလျှင် မနေနိုင်လည်း ဖြစ်လာသည်။ ထိုအခါမျိုးတွင် ဒုစရိုက်အလုပ်ကို လုပ်ရန် ဝန်မလေးတော့ပေ။ အရှက် အကြောက်တရားလည်း မရှိတော့။ ထို့ကြောင့် မူးယစ်စေ တတ်သောအရာမှန်သမျှသည် ဒုစရိုက်လမ်းကြောင်းကို တွန်းပို့ပေးသော အင်အားများ ဖြစ်ကြသည်။

www.dhammaransi.com



ကျန်းမာရေးအတွက် အရက်သောက်သည်ဟု ဆိုသူများ ရှိသည်။ အရက်ချည်းသက်သက်သည် ကျန်းမာရေးအတွက် အထောက်အကူ မဖြစ်ပါ။ အခြားဆေးဝါးများနှင့် အနည်းငယ်မျှ ရောစပ်၍ သောက်သုံးလျှင် ဆေးဝါးအတွက် မှီဝဲသည်ဟု ဆိုနိုင်ပါသည်။ သို့သော် မူးယစ်ဆေး၏ ပင်ကိုယ်သဘောအရ သုံးစွဲသည့်အကြိမ်များလာပါက ပမာဏလည်း များလာ၊ မသုံးရမနေနိုင်စွဲ၍လည်း လာပါသည်။ ထိုအခါ ကျန်းမာရေးအတွက် မဖြစ်နိုင်တော့ပေ။ ကျန်းမာရေးပင် ချို့တဲ့ လာမည်ဖြစ်ပါသည်။ ဒဏ်ခံနိုင်ရန် သောက်သည်ဟု ဆိုသူ များလည်း ရှိပါသည်။ သို့သော် အရက်မူးပြီး အေးသောနေရာတွင် အိပ်ပျော်နေသဖြင့် လေဖြတ်သူများ၊ အသက်ဆုံးရှုံးသူများ အများအပြားပင်။

အရက်မူးပြီး အေးအေးဆေးအေး အိပ်နေသူများ၊ ဘိန်းမှိန်းနေသူများသည်လည်း ကာယကံမှု၊ ဝစီကံမှု ဒုစရိုက်များ မပြုငြားသော်လည်း တွေဝေမေ့လျော့သော မောဟအကုသိုလ်များ ပွားများနေခြင်း၊ ငါလိုလူ ဇမ္ဗူမှာ မရှိ ဟူသော အတွေးအမြင်နှင့် သွေးနားထင်ရောက်ကာ မာနတက်နေခြင်းများ ရှိနေပါသည်။ ထို့ကြောင့်ပင် မနောကံ အကုသိုလ်အပြစ်များ ဖြစ်နေသည်။ ဤသူများသည် သူတစ်ပါးအကျိုး ထိခိုက်အောင် အန္တရာယ် မပြုသော်လည်း မိမိအကျိုးစီးပွားနှင့် တာဝန်များ၊ မိမိအိမ်ထောင်၊ မိမိသားချင်းတို့၏ တာဝန်များ ဆောင်ရွက်ရန် ပျက်ကွက်နေတတ်ကြပေသည်။ ထို့ကြောင့် တိုက်ရိုက် မကောင်းကျိုး မပေးစေကာမူ သွယ်ဝိုက်၍ မကောင်းကျိုး ပေးနေသူများသာတည်း။

www.dhammaransi.com

# သီလတော်များ

## ရှစ်ပါးသီလ ပါဠိနှင့်အနက်

(၁) ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

(ငါးပါးသီလအနက်အတိုင်း)

(၂) အဒိန္နာဒါနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

(ငါးပါးသီလအနက်အတိုင်း)

(၃) အဗြဟ္မစရိယာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

မမြတ်သောမေထုန်အကျင့်မှ ရှောင်ကြဉ်ရသော သိက္ခာပုဒ်ကို ကောင်းစွာ ဆောက်တည်ပါ၏။

(၄) မုသာဝါဒါ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

(ငါးပါးသီလအနက်အတိုင်း)

(၅) သုရာမေရယ မဇ္ဇပ္ပမာဒဋ္ဌာနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

(ငါးပါးသီလအနက်အတိုင်း)

(၆) ဝိကာလဘောဇနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

နေလွဲအခါ စားသောက်ခြင်းမှ ရှောင်ကြဉ်ရသော သိက္ခာပုဒ်ကို ကောင်းစွာ ဆောက်တည်ပါ၏။

www.dhammaransi.com



(၇) နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿန မာလာဂန္ဓ ဝိလေ ပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

ကခြင်း သီဆိုခြင်း တီးမှုတ်ခြင်း ကြည့်ရှုနားထောင်ခြင်း၊ ပန်းပန်ခြင်း၊ နံ့သာလိမ်းကျံခြင်းတို့မှ ရှောင်ကြဉ်ရသော သိက္ခာပုဒ်ကို ကောင်းစွာ ဆောက်တည်ပါ၏။

(၈) ဥစ္စာသယန မဟာသယနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

မြင့်သောနေရာ၊ မြတ်သောနေရာ၌ လျောင်းစက်နေထိုင်ခြင်းမှ ရှောင်ကြဉ်ရသော သိက္ခာပုဒ်ကို ကောင်းစွာ ဆောက်တည်ပါ၏။

## အဗြဟ္မစရိယသိက္ခာပုဒ်

ရှစ်ပါးသီလသည် ဥပုသ်သီလဖြစ်သည်။ လူပုဂ္ဂိုလ်များအနေဖြင့် မိမိစောင့်ထိန်းနိုင်သည့် အချိန်ကာလအတိုင်း အဓိဋ္ဌာန်ချမှတ်၍ စောင့်ထိန်းရသည်။ တစ်ရက်တတ်နိုင်လျှင် တစ်ရက်၊ တစ်လတတ်နိုင်လျှင် တစ်လ၊ ရာသက်ပန် တတ်နိုင်လျှင် ရာသက်ပန် စောင့်ထိန်းအပ်သည်။

ရှစ်ပါးသီလတွင် သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာ ခိုးယူခြင်း၊ လိမ်လည်ပြောဆိုခြင်း၊ သေရည်သေရက်သောက်ခြင်းတို့ကို ရှောင်ကြဉ်ရခြင်းသည် ငါးပါးသီလအတိုင်းဖြစ်သည်။

www.dhammaransi.com



အပြဟ္မစရိယ သိက္ခာပုဒ်တွင် မမြတ်သောမေထုန်အကျင့်ဟူရာ၌ ယောကျ်ားမိန်းမ နှစ်ဦးတို့၏ အချင်းချင်း ပျော်ပါး ပေါင်းသင်းမှုကိစ္စကို မေထုန်ဟု ဆိုသည်။ ကာမေသုမိစ္ဆာစာရမှာ မိမိတို့ ဇနီးခင်ပွန်း အချင်းချင်း ပေါင်းသင်းခွင့် ရသေးသည်။ အပြဟ္မစရိယဆောက်တည်သူတို့မှာ ဇနီး ခင်ပွန်း အချင်းချင်းသော်မှ ပေါင်းသင်း ဆက်ဆံခွင့် မရချေ။

## ဝိကာလဘောဇနေသိက္ခာပုဒ်

"နေလွဲအခါ အစာစားခြင်းမှ ရှောင်ကြဉ်ပါ၏"ဟု ဆိုရာ၌ နေ့လည်မွန်းတည့် (၁၂)နာရီအချိန်မှ နောက်ပိုင်းကို နေလွဲ(မွန်းလွဲ)ဟုခေါ်၏။ ထိုနေလွဲသည်မှစ၍ နောက်နေ့ နံနက်၊ အရုဏ်တက်သည့်တိုင်အောင် ထမင်း၊ ဟင်းလျာ၊ မုန့်ပဲသရေစာ သစ်သီးစသည့် စားသောက်ဖွယ်ရာ ဟူသမျှကို မစားရ၊ စားသော် ဝိကာလဘောဇန သိက္ခာပုဒ် ပျက်သည်။

ဆာလောင်မွတ်သိပ်မှု ဖြစ်ခဲ့သော် ဖျော်ရည်တစ်မျိုးမျိုးကို သောက်ကောင်း၏။ ထန်းလျက်ကိုပင် မစားရ၊ ဖျော်ရည် လုပ်၍ သောက်ရသည်။

www.dhammaransi.com



## ညစာမစားခြင်း၏အကျိုး

ညစာမစားဘဲ ရှောင်ကြဉ်ခြင်းသည် အင်္ဂါရှစ်ပါး ရှိသော ဥပုသ်သီလတွင် တစ်ပါးမျှသာ ဖြစ်၏။ ညစာ မစားမှု တစ်ခုတည်းကို ဥပုသ်စောင့်သည်ဟု မဆိုနိုင်၊ ဤသိက္ခာပုဒ်၏ ရည်ရွယ်ချက်မှာ-

(၁) ကိစ္စနည်း၍ တရားအာရုံပြုနိုင်ရန် အချိန်များစွာ ရစေခြင်း၊

(၂) လောကီအာရုံကာမဂုဏ်၌ စိတ်မဝင်စားအောင် လောဘ ဒေါသများ ထိန်းချုပ်ပြီး ဖြစ်စေခြင်းတို့ ဖြစ်၏။

## နစ္စဂီတဝါဒိတ သိက္ခာပုဒ်

နစ္စ-ကခြင်း

ကိုယ်တိုင် ကခုန်ခြင်း မပြုရ၊ သူတစ်ပါးအား အက ခိုင်းခြင်း မပြုရ၊ တိရစ္ဆာန်များကိုပင် အက မခိုင်းရ၊ ကပွဲများ ကြည့်ရှုခြင်း မပြုရ။ ခရီးသွားနေစဉ် လမ်းခရီး၌ ကပွဲများနှင့် မတော်တဆ တိုက်ဆိုင်မိ၍ မကြည့်ချင်မြင်လျက်သား အဖြစ်မျိုး ကြုံရ၍ ကြည့်မိ၊ မြင်မိလျှင် ဤသိက္ခာပုဒ် မပျက်ချေ။ သို့ရာတွင် ယင်းသို့ ကြုံသည်ကို အခွင့်အရေးယူပြီး ကြည့်လိုစိတ်ဖြင့် ဆက်၍ကြည့်နေလျှင် သီလပျက်တော့သည်။

www.dhammaransi.com



## ဂီတ=သီဆိုခြင်း

ကိုယ်တိုင်သီဆိုခြင်း၊ သူတစ်ပါးကို သီဆိုခိုင်းခြင်း မပြုရ၊ စည်းလိုက်၊ ဝါးလိုက် အသံကို ဆွဲငင်လျက် ပါဠိဂါထာများ ရွတ်ဖတ်ခြင်း၊ ဓမ္မတေးကဗျာများ ရွတ်ဆိုခြင်း မပြုရ။ ဘုရားရှိခိုးရာ၊ တရားစာ ရွတ်ရာ၌ပင် သီချင်းသံကဲ့သို့ ဆွဲဆွဲငင်ငင် မဆိုရ။ သူတစ်ပါးသီဆိုသည်ကို သွားရောက် နားထောင်ခြင်း မပြုရ။ လမ်းကြုံ၍ ကြားရခြင်း၊ မိမိနေရာ၌နေစဉ် သူတစ်ပါး လာရောက်သီဆို၍ ကြားရခြင်းမျိုးကား သီလ မပျက်ချေ၊ တမင်အာရုံ မစူးစိုက်မိရန်သာလိုသည်။

## ဝါဒိတ=တီးမှုတ်ခြင်း

စည်း၊ စောင်းညှင်း၊ ပတ်သာစသော တူရိယာငါးမျိုးကို ကိုယ်တိုင်လည်း မတီးခတ်ရ။ သူတစ်ပါးကိုလည်း အတီး မခိုင်းရ။ တီးမှုတ်သံကိုလည်း နားမထောင်ရ။ လမ်းကြုံ၍ ကြားရခြင်း၊ မိမိနေရာ၌ နေလျက်က ကြားရခြင်းတို့ကြောင့် သီလ မပျက်ချေ။ တမင်လွန်ကျူးမှသာ သီလ ပျက်၏။

## ဝိသူကဒဿန=ကြောင့်တံကျင်သဖွယ်ဖြစ်သော ကြည့်ရှုနားထောင်မှု

ကပြသီဆိုတီးမှုတ်မှုများသည် လောကအမြင်အားဖြင့် အနုပညာတစ်ရပ်အဖြစ် ချီးကျူးဖွယ်ရာ ဖြစ်သော်လည်း လောကုတ္တရာအမြင်အရ ကာမဂုဏ်အာရုံ ခံစားမှုကို

www.dhammaransi.com



အားပေးချီးမြှောက်ပြုရာ ရောက်၏။ ထို့ကြောင့် နစ္စ ဂီတ ဝါဒိတအရ ကပြသီဆို တီးမှုတ်ခြင်းများကို ကြည့်ရှု နားထောင်ခြင်းသည်-

"ဝိသူကဒဿန = သာသနာတော်၏ ဧြောင့်တံကျင် သဖွယ် ဖြစ်သော ကြည့်ရှုနားထောင်မှု" ဟု ခေါ်၏။

## မာလာဂန္ဓ=မာလာဓာရဏ+ ဂန္ဓဓာရဏ

## မာလာဓာရဏ=ပန်းပန်ခြင်း

ဥပုသ်စောင့်ချိန်၌ ပန်းပွင့်၊ ပန်းခိုင်၊ ပန်းကုံးများကို ပန်ဆင်ခြင်း၊ သူတစ်ပါးအား အပန်ခိုင်းခြင်း မပြုရ။ ပြုလျှင် သီလပျက်၏။

## ဂန္ဓဓာရဏ=အမွှေးရနံ့ဆောင်ခြင်း

ရေမွှေးနံ့သာဆီဆွတ်ဖျန်းခြင်း၊ ပေါင်ဒါမှုန့်၊ နံ့သာမှုန့် လိမ်းကျံခြင်း မပြုလုပ်ရ။ သူတစ်ပါးကိုလည်း မခိုင်းရ။ ပြုလုပ် လျှင် သီလပျက်သည်။

## ဂန္ဓဝိလေပန=နံ့သာ၊ နံ့သာပျောင်းသုံးစွဲခြင်း

အမွှေးနံ့သာကို နံ့သာဟု ခေါ်၍ သနပ်ခါးရည်၊ အလှဆီ၊ မိတ်ကပ်တို့ကို နံ့သာပျောင်းဟု ခေါ်သည်။ ယင်းကို

www.dhammaransi.com



လိမ်းကျံခြယ်သခြင်း၊ ဖွဲ့သိပ်ခြင်း၊ မျက်နှာပေါင်းတင်ခြင်း၊ သူတစ်ပါးအား လိမ်းကျံခိုင်းခြင်း မပြုလုပ်ရ။ ပြုလျှင် သီလ ပျက်စီး၏။

## မဏ္ဍန=အလှပြင်ခြင်း

ကျောက်ပေါက်မာ၊ မှဲ့ခြောက်၊ ဝက်ခြံ၊ တင်းတိပ်၊ ညှင်း စသည်တို့ ပျောက်စေရန် ဆေးလိမ်းခြင်း၊ ဆံပင်အလှပြင်ခြင်း၊ တွန့်ကောက်ခြင်း၊ ပုံသွင်းခြင်း၊ လက်သည်းခြေသည်း အလှပြင်ခြင်း ဆေးဆိုးခြင်း၊ နှုတ်ခမ်းဆိုးခြင်း၊ မျက်တောင်တု တပ်ခြင်း၊ မျက်ခုံးမွေးနှုတ်ခြင်း၊ မျက်စိအရောင်ခြယ်ခြင်း စသည့်အလှပြင်ခြင်း မှန်သမျှ မဏ္ဍနဟု ခေါ်သည်။ ထိုသို့ အလှပြုပြင်လျှင် သီလပျက်သည်။ သန့်ရှင်းသပ်ယပ်စေရန် သာမန်ခေါင်းဖြီးခြင်း၊ ခြေသည်းလက်သည်း ရှည်၍ လှီး ဖြတ်ခြင်းတို့အတွက် သီလမပျက်။

ဤသိက္ခာပုဒ်လာ အမွှေးနံ့သာခြယ်ခြင်း၊ အလှပြုပြင် ခြင်းတို့သည် ကာမဂုဏ်၌ အကြောင်းခံ၏။ ဥပုသ်စောင့်ထိန်း ခြင်းသည် ကာမဂုဏ်လောဘကို ပယ်သတ်ခြင်းဖြစ်၏။ ထိုအရာများကို ဥပုသ်မယူမီ ကြိုတင်၍လည်း မပြုရချေ။

www.dhammaransi.com



## ဝိဘူသန=တန်ဆာဆင်ခြင်း

စိန်၊ ရွှေ၊ ငွေလက်ဝတ်လက်စားများ ဝတ်ဆင်ခြင်း၊ အဝတ်အထည်ကို သာမန်ဝတ်ဆင်မှုမျိုးမဟုတ်ဘဲ အလှအပဖြစ်အောင် တမင်ဝတ်ခြင်း၊ ဖိနပ်အလှစီးခြင်း၊ ထီးအလှဆောင်းခြင်း စသည့်တန်ဆာဆင်ခြင်းမျိုး ပြုလုပ်လျှင် သီလပျက်၏။ ဝတ်နေကျ အဝတ်၊ စီးနေကျဖိနပ်၊ ဆောင်းနေကျထီးမျိုးသာ ဝတ်ဆင်ရသည်။ ဝတ်ဖြူစင်ကြယ်၊ ယောဂီဝတ်စုံဝတ်ဆင်နိုင်လျှင် အကောင်းဆုံးဖြစ်၏။

## ဌာန=အကြောင်းအရာ

ဤအလှပြင်တန်ဆာဆင်မှု အားလုံးသည် ကိလေသာတဏှာ တိုးပွားခြင်း၏ အကြောင်းရင်းဖြစ်၍ ရှောင်ကြဉ်ရခြင်းဖြစ်သည်။

## ဥစ္စာသယန မဟာသယနသိက္ခာပုဒ်

## ဥစ္စာသယန=မြင့်သောနေရာ

အခြေတစ်ထောင့်ထွာထက်မြင့်သော အိပ်ယာကုတင်ကုလားထိုင်များစသည်ကို "ဥစ္စာသယန" ဟုခေါ်သည်။ မထိုင်ကောင်း၊ မအိပ်ကောင်း။

www.dhammaransi.com



## မဟာသယန=မြင့်သောနေရာ

စည်းစိမ် ခံစားရန်အတွက် အသုံးပြုသော လက်လေးသစ်မက အမွေးရှည်သည့် ကောဇောသားမွေးအခင်း၊ ခြင်္သေ့၊ သစ်၊ ကျားရေများဖြင့် ခမ်းနားဆန်းကြယ်သော အမွေးအခင်း၊ ရွှေခြည်ငွေခြည်တို့ဖြင့် ချုပ်လုပ်အပ် သောပိုးအခင်း၊ လဲမွေ့ရာ၊ ဂွမ်းမွေ့ရာများ မသုံးကောင်း။ သုံးလျှင်သီလပျက်သည်။ အုန်းခွံအစာသွတ်မွေ့ရာ၊ သင်ဖြူးချောစသည်တို့သည် သုံးကောင်းသည်။

## ကိုးပါးသီလ

ရှစ်ပါးသီလတွင် အောက်ပါသီလတစ်ပါးကို ဖြည့်ဆည်းဆောက်တည်ရန် ဖြစ်သည်။

**(၉) မေတ္တာသဟဂတေန၊ စေတသာသဗ္ဗပါဏဘူတေသု ဖရိတွာ ဝိဟရာမိ။**

မေတ္တာနှင့်တကွဖြစ်သော စိတ်ဖြင့် လုံးစုံများစွာ သတ္တဝါတို့၌ ပျံ့နှံ့စေ၍ နေပါမည်။

ကိုးပါးသီလကို ကျင့်သုံးလိုသူသည် မေတ္တာအတွက်သိက္ခာပုဒ်တစ်ခု ပြုလုပ်ဆောက်တည်ခြင်း မပြုဘဲ ရှစ်ပါးသီလကို လုံခြုံအောင် စောင့်ထိန်း၍ မေတ္တာတရားကို ပွားများနေလျှင်လည်း ကိုးပါးသီလကို ကျင့်သုံးနေသူဖြစ်တော့သည်။

www.dhammaransi.com



မြတ်စွာဘုရားရှင်က နဝင်္ဂဥပုသ်ကို ဟောတော်မူရာ၌ "မေတ္တာသဟဂတေန စေတသာ ဧကံ ဒိသံ ဖရိတွာ ဝိဟရတိ" ဟူ၍ ဧကံဒိသံ= အရပ်မျက်နှာတစ်ခုကို ဆိုသော စကား ထည့်သွင်းဟောတော်မူသဖြင့် မေတ္တာပွားများရာ၌ အရပ် မျက်နှာကို မမှတ်ဘဲ ပွားများခြင်းထက် အရပ်မျက်နှာကို မှတ်၍ ပွားများခြင်းက ပို၍ ထိရောက်မည် ဖြစ်သည်။ ထို့ကြောင့် အရပ်ဆယ်မျက်နှာကို မေတ္တာပွားလိုသူသည် မိမိစပွားလိုသော အရပ်မျက်နှာမှစ၍ တစ်ရပ်စီ တရပ်စီ သတ်မှတ်အာရုံပြုကာ အရပ်ဆယ်မျက်နှာ ပြည့်အောင် ပွားများသင့်သည်။

## အာဇီဝဋ္ဌမကသီလ

(၁) ပါဏာတိပါတာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

(၂) အဒိန္နာဒါနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

(၃) ကာမေသုမိစ္ဆာစာရာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

(၄) မုသာဝါဒါ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

(၅) ပိသုဏာဝါစာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

အချစ်ပျောက်စေမှု၊ ကုန်းတိုက်မှုကို ပြောဆိုပြုလုပ်ခြင်း မှ ရှောင်ကြဉ်ရသောသိက္ခာပုဒ်ကို ကောင်းစွာ ဆောက်တည် ပါ၏။

www.dhammaransi.com



**(၆) ဖရုသဝါစာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။**

ရုန့်ရင်းကြမ်းတမ်းစွာ ပြောဆိုခြင်းမှ ရှောင်ကြဉ်ရသော သိက္ခာပုဒ်ကို ကောင်းစွာ ဆောက်တည်ပါ၏။

**(၇) သမ္ဖပ္ပလာပဝါစာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။**

အကျိုးမရှိ ပိန်ဖျင်းသော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ရသော သိက္ခာပုဒ်ကို ကောင်းစွာ ဆောက်တည်ပါ၏။

**(၈) မိစ္ဆာဇီဝါ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။**

မကောင်းသော အသက်မွေးမှုမှ ရှောင်ကြဉ်ရသော သိက္ခာပုဒ်ကို ကောင်းစွာ ဆောက်တည်ပါ၏။

ဤရှစ်ပါးတွင် ရှစ်ခုမြောက်သိက္ခာပုဒ်မှာ မကောင်းသော အသက်မွေးမှုများမှ ရှောင်ကြဉ်ရခြင်းဆိုသည့်အတွက် အာဇီဝဋ္ဌမကသီလဟု ခေါ်ဆိုခြင်းဖြစ်သည်။ စားဝတ်နေရေးအတွက် ပစ္စည်းရှာဖွေမှုလုပ်ကိုင်မှုဟူသမျှကို "အာဇီဝ" (အသက်မွေးမှု)ဟုခေါ်သည်။ မတရားနည်းဖြင့် ပစ္စည်းဥစ္စာ ရှာဖွေ အသက်မွေးမှုကို "မိစ္ဆာဇီဝ" (မကောင်းသောအသက်မွေးမှု)ဟုခေါ်သည်။ ကောင်းမွန်မှန်ကန်သောနည်းဖြင့် ပစ္စည်းဥစ္စာ ရှာဖွေအသက်မွေးလျှင် "သမ္မာအာဇီဝ"။

ကာယဒုစရိုက်သုံးပါး၊ ဝစီဒုစရိုက်လေးပါး ဤခုနစ်ပါးလုံးခြုံလျှင် မိစ္ဆာဇီဝမှ ရှောင်ကြဉ်ပြီး ဖြစ်သည်။ ပိုမိုခိုင်မြဲစေရန် ဥပါသကာများ မပြုကောင်းသည့် ကုန်သွယ်မှုငါးမျိုးဖြစ်သော လက်နက်ကုန်ကူးခြင်း၊ လူကုန်ကူးခြင်း၊ အသားကုန်ကူးခြင်း၊

www.dhammaransi.com



အရက်သေစာ မူးယစ်ဆေးဝါးကုန်ကူးခြင်း၊ အဆိပ်ကုန်ကူး ခြင်းတို့ကိုပါ ရှောင်ကြဉ်ရပေမည်။

"အာဇီဝဋ္ဌမကသီလကို "အာဒိဗြဟ္မစရိယကသီလ"ဟု လည်း ခေါ်၏။ အာဒိဗြဟ္မစရိယကသီလဟူသည် မြတ်သော အရိယာမဂ်ရရန် အဦးအစကျင့်သုံးရသော တရားဟူ၍ အဓိပ္ပာယ်ရသည်။ ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ဆယ်ပါးသီလ စသည်တို့သည်လည်း အရိယာမဂ်ရရန် စတင်ကျင့်သုံးသော သီလများပင် ဖြစ်သည်။

သို့သော် မြတ်စွာဘုရားသည် ဒုစရိုက်အမှောင်ထုကြီး လွှမ်းမိုးနေသော လောကကြီး၌ ပွင့်တော်မူလာခြင်းဖြစ်သည်။ ပွင့်တော်မူပြီးစ၌ ဒုစရိုက်တုံးကြီးများ ဖြစ်နေသော သတ္တဝါ တို့ကို ဆုံးမတော်မူလိုသောအခါ သီလအမျိုးမျိုးအနက်မှ ဒုစရိုက်ကြမ်းသမားတို့နှင့်သင့်လျော်မည့် အာဇီဝဋ္ဌမသီလဖြင့် အစပိုင်း၌ ဆုံးမပဲ့ပြင်တော်မူခဲ့သည်။ ဤသီလဖြင့် ဆုံးမတော် မူ၍ ဒုစရိုက်ကြမ်းကြီးများ လျော့ပါးသွားသောအခါ၌ ဤသီလဖြင့် ဆုံးမတော်မမူတော့ဘဲ ငါးပါးသီလ၊ ရှစ်ပါး သီလ၊ စသည်တို့ဖြင့်သာ ဆုံးမခဲ့ခြင်း ဖြစ်သည်။ မိစ္ဆာဝါဒမှ ဗုဒ္ဓဝါဒသို့ ကူးပြောင်းစသူများ ကျင့်သုံးခဲ့သည့်သီလ ဖြစ် သည်။ ထိုသူတို့အတွက် အာဒိဗြဟ္မစရိယက သီလပင် ဖြစ်သည်။

ယခုအခါ ဤသီလကို အထူးတလည် ဟောကြားခြင်း မပြုကြတော့ပေ။ ငယ်စဉ်ကတည်းက မိဘအဆုံးအမ၊

www.dhammaransi.com



ဗုဒ္ဓဝါဒ တို့နှင့်ယှဉ်ပါးခဲ့သူများမှာ အာဇီဝဋ္ဌမကသီလကို အထူး ဖြည့်ကျင့်ရန် မလိုတော့ပေ။ အရိယာမဂ်ရရန် ငါးပါး၊ ရှစ်ပါး၊ ဆယ်ပါးစသည့်သီလတို့ကိုသာ စတင်ကျင့်သုံးကြသည်။

အာဇီဝဋ္ဌမက သီလသည် တစ်ကြိမ် ဆောက်တည် ထားပြီးလျှင် အသက်မွေးမှု စင်ကြယ်နေသမျှ သီလမပျက် သောကြောင့် နေ့စဉ် ဆောက်တည်ရန် မလိုပေ။ သို့သော် ထပ်မံ ဆောက်တည်ခြင်းကြောင့် အပြစ်မရှိပါ။

## ဆယ်ပါးသီလ

(၁) ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

(၂) အဒိန္နာဒါနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

(၃) အဗြဟ္မစရိယာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

(၄) မုသာဝါဒါ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

(၅) သုရာမေရယ မဇ္ဇပ္ပမာဒဋ္ဌာနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

(၆) ဝိကာလဘောဇနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

(၇) နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿန ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

(၈) မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာန ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

www.dhammaransi.com



(၉) ဥစ္စာဒသယန မဟာသယနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

(၁၀) ဇာတရူပ ရဇတ ပဋိဂ္ဂဟဏာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

(ရွှေငွေကို ကိုင်ခြင်း၊ ခံယူခြင်း၊ စီမံခြင်းမှ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို ကောင်းစွာ ဆောက်တည်ပါ၏)

## နစ္စဂီတနှင့် မာလာဂန္ဓသိက္ခာပုဒ်တွဲခြင်း၊ခွဲခြင်း

နစ္စဂီတနှင့်မာလာဂန္ဓတို့ကို ဆယ်ပါးသီလ၌ သိက္ခာပုဒ် တစ်ခုစီအဖြစ် ခွဲခြားထား၏။ ထိုသို့ ခွဲခြားခြင်းမှာ-

နစ္စ ဂီတသိက္ခာပုဒ်အရ ကခြင်း၊ သီဆိုခြင်း၊ တီးမှုတ်ခြင်း၊ ကြည့်ရှုနားထောင်ခြင်းတို့သည် တစ်ခုနှင့်တစ်ခု သဘောခြင်း ဆက်သွယ်နေသည်။

မာလာဂန္ဓသိက္ခာပုဒ်အရ ပန်းပန်ခြင်း၊ နံ့သာလိမ်းကျံ ခြင်းတို့သည် တစ်ခုနှင့်တစ်ခု သဘောချင်း ဆက်သွယ်နေကြ သည်။

ထိုသိက္ခာပုဒ်နှစ်ပါးသည် သဘောချင်း ဆက်သွယ်မှု မရှိပေ။ ထို့ကြောင့် ဆယ်ပါးသီလတွင် သိက္ခာပုဒ်တစ်ပါးစီ အဖြစ် ခွဲခြားစောင့်ထိန်းနိုင်ရန် ခွဲထားခြင်း ဖြစ်သည်။

www.dhammaransi.com



ရှစ်ပါးသီလတွင်မူ သိက္ခာပုဒ်တစ်ခုအနေဖြင့် ပေါင်းစပ်ထားသည်။ ထိုသို့ ပေါင်းစပ်ထားခြင်းမှာ-

နစ္စ၊ ဂီတ၊ ဝါဒိတ၊ ဝိသူကတို့သည်လည်း ကာမဂုဏ်အရာ၌ လျှပ်ပေါ်သောအမှု၊ မာလာဂန္ဓ၊ ဝိလေပန၊ မဏ္ဍနတို့သည်လည်း ကာမဂုဏ်၌ လျှပ်ပေါ်သော အမှုပင် ဖြစ်ပြီး ဥပုသ်သီလနှင့်လည်းကောင်း၊ ဘာဝနာပွားခြင်းနှင့်လည်းကောင်း ဆန့်ကျင်ကြသည်ချည်း ဖြစ်သည်။ ထိုသဘောကို ခြုံယူ၍ ပေါင်းစပ်ထားခြင်း ဖြစ်သည်။

ဆယ်ပါးသီလသည် အထူးသဖြင့် သာမဏေများ စောင့်ထိန်းအပ်သော သီလဖြစ်ပေသည်။

# မကောင်းမှုရှောင်၊ ကောင်းမှုဆောင်

## အကျင့်စရိုက်

အကျင့်စရိုက်တို့ ဖြစ်ပေါ်အောင်ဖန်တီးသောအကြောင်းတရား အများအပြား ရှိသည့်အနက် ပဓာန အကျဆုံးမှာ အပြုအမူတစ်ခုကို အကြိမ်များစွာ ပြုလုပ်ခြင်းပင် ဖြစ်သည်။ ကောင်းသောအပြုအမူဖြစ်စေ၊ မကောင်းသော အပြုအမူဖြစ်စေ၊ အသေးအဖွဲပင် ဖြစ်စေ၊ ကြီးမားသည်ဖြစ်စေ အဖန်တလဲလဲ ပြုမူလျှင် စွဲမြဲသော အကျင့်စရိုက် ဖြစ်သွားတော့သည်။ အထူးသဖြင့် မကောင်းသော အပြုအမူများကို

www.dhammaransi.com



အသေးအဖွဲဟု ဂရုမစိုက်ဘဲ ပြုမူမိလျှင် စရိုက်ဆိုးကြီးများ အဖြစ် ရောက်ရှိသွားတတ်သည်။

ပန်းမဆူးရ၊ မြက်ခင်းပေါ် မနင်းရ၊ အမှိုက်မပစ်ရ၊ တံတွေး မထွေးရ စသော သတိပေးဆိုင်းဘုတ်ကလေးများကို တွေ့ဖူး ကြသည်။ တားမြစ်ချက်ကို ကျူးလွန်သူများလည်း တွေ့ဖူး ကြသည်။ ထိုတားမြစ်ချက်လေးများသည် အသေးအဖွဲသာ ဖြစ်သည်။ ကျူးလွန်သော် တစ်ဦးတစ်ယောက်ကို တိုက်ရိုက် ထိခိုက်မှု မရှိပေ။ ပတ်ဝန်းကျင်ကို သွယ်ဝိုက်၍ ထိခိုက်နိုင် သည်။ သို့သော် အသေးအဖွဲဟု ဂရုမစိုက်လျှင် ကြီးမားသည့် အကျိုးဆက်များ ဖြစ်လာနိုင်သည်။ ပမာအားဖြင့် အမှိုက် မပစ်ရ နေရာတွင် အမှိုက်ပစ်ရာမှ အမှိုက်ပုံကြီး ဖြစ်မည်။ အမှိုက်ပုံတွင် နားသည့် မှက်၊ ခြင်၊ ယင်များ ကြွက်များတို့မှ ကူးစက်ရောဂါပိုး တစ်မျိုးမျိုးကို ပတ်ဝန်းကျင်လူနေအိမ်များသို့ သယ်ဆောင်လာနိုင်လေသည်။

## လမ်းပေါ်မှ ပန်းခင်းလေးများ

မြန်မာအမျိုးသမီးလေးတစ်ဦးသည် ဂျပန်သို့ သွား ရောက်ကာ အချိန်ပိုင်း အလုပ်လုပ်ရင်း ပညာသင်သည်။ သူသည် ရင်းနှီးသော ဂျပန်မိသားစုအိမ်တွင် တည်းခို နေထိုင် သည်။

တစ်နေ့ ကျောင်းမှ လမ်းလျှောက်ပြန်လာရာလမ်းတွင် ပန်းများဝေနေအောင် ပွင့်နေသော ပန်းခင်းကို ဖြတ်လျှောက်

www.dhammaransi.com



လာသည်။ လျှောက်လာရင်းမှ သူစဉ်းစားမိသည်။ သူတည်းခိုရာအိမ်၏ညှော့ခန်းစားပွဲပေါ်တွင် ပန်းအလှထိုးသည့် ပန်းအိုးကလေးရှိသည်။ သည်ပန်းခင်းထဲမှ ပန်းလေးထိုးလိုက်လျှင် မည်မျှ လှလိုက်မည်နည်း။ ညှော့ခန်းလည်း ကျက်သရေ ပိုရှိသွားမည်။ အိမ်ရှင်တွေကလည်း ညှော့ခန်းလေး ပိုလှသွားသည့်အတွက် သူ့ကို ကျေးဇူးတင်ကြမည်။ စိတ်ကူးမိသည့်အတိုင်း ပန်းအိုးထိုးရန် လမ်းဘေးမှ ပန်းတစ်ခက်ချိုးပြီး ယူလာသည်။

သူ အိမ်ဝရောက်သောအခါ အိမ်ထဲတွင် မိသားစုစုံပုံလင်လင် ရှိနေသည်။ သူက ကျေနပ်စွာ ပြုံးပြီး အိမ်ထဲသို့ ဝင်လိုက်သည်။ ထိုအခါ သူ မမျှော်လင့်သောအဖြစ်ကို တွေ့လိုက်ရသည်။

အိမ်သား အားလုံးသည် တစ္ဆေသူရဲတစ်ကောင်ကို မြင်လိုက်ရသလို သူ့ကို ဝိုင်းကြည့်နေကြသည်။ အားလုံး၏ မျက်နှာမှာလည်း သွေးဆုတ်ဖြူရော်နေကြသည်။ သူလည်း ကြောင်တောင်တောင် ဖြစ်သွားသည်။ အိမ်ရှင်အမျိုးသမီးက ကမန်းကတန်းနှင့် သူ့ကို မေးလိုက်သည်-

"အဲဒီ ပန်းခက်ကလေးက ဘာလုပ်ဖို့လဲ"

"ဒီညှော့ခန်းက ပန်းအိုးမှာ ထိုးမလို့ ကျွန်မ လမ်းက ခူးလာတာ"

"ဟင့်အင်း- မထိုးပါနဲ့၊ မထိုးပါနဲ့"

www.dhammaransi.com



ပျာပျာသလဲ ငြင်းဆန်လိုက်သောကြောင့် သူ နားမလည် သလို ဖြစ်သွားသည်။ တစ်ဆက်တည်းပင် အိမ်ရှင် အမျိုး သမီးက ရှင်းပြသည်။

"ကျွန်မတို့ဆီမှာ ဒီလို လမ်းမှာပွင့်နေတဲ့ ပန်းတွေကို ဘယ်သူမျှ မခူးရဘူး၊ ခူးလဲ မခူးကြဘူး၊ ခူးရင် အင်မတန် နိမ့်ကျတဲ့ အပြုအမူအဖြစ် ရှုတ်ချကြတယ်။ ဒီလို လမ်းသွား လမ်းလာ အားလုံး မျက်စိပသာဒဖြစ်အောင်၊ ကြည်နူးအောင် စိုက်ထားတဲ့ ပန်းကို ကိုယ့်တစ်အိမ်၊ ကိုယ့်တစ်ယောက်အကျိုး အတွက် ခူးရင် ယူရင် တစ်ကိုယ်ကောင်းဆန်သူဆိုပြီး အပြစ် မြင်ကြတယ်"

သူသဘောပေါက်သွားသည်။ ထိုအခါမှ သူမသိ၍ ခူးမိကြောင်း အိမ်ရှင်များအား တောင်းပန်ရတော့သည်။ အသေးအဖွဲ့ပင် ဖြစ်စေ အလေးထား အလေ့အကျင့် လုပ် ထားလျှင် မကောင်းမှုအကျိုးဆက် မဖြစ်ရန် အလိုလို ရှောင်ကြဉ်ပြီး ဖြစ်ပေမည်။

## သီလစောင့်သောတိုင်းပြည်

ကုရုတိုင်း ဣန္ဒပတ္တနဂိုရ်မြို့၌ ဓနဉ္စယကောရဗျမင်း၏ သားတော်ဘုရားလောင်းသည် ဖခင်နတ်ရွာစံသောအခါ မင်းဖြစ်လာသည်။ ထိုမင်းသည် မင်းကျင့်တရားဆယ်ပါးနှင့် အညီ အုပ်ချုပ်သည်။ ဂရုဓမ္မသီလ(ငါးပါးသီလ)ကို အထူး

www.dhammaransi.com



စင်ကြယ်စွာ စောင့်ထိန်းစေသည်။ ထို့ကြောင့် မိုးလေဝသ မှန်ကန်ပြီး သာယာဝပြောကြသည်။

ထိုအချိန်တွင် ကလိင်္ဂတိုင်း ဒန္တပုရမြို့၌ ကလိင်္ဂမင်း၊ မင်းပြု၏။ ထိုတိုင်းပြည်၌ မိုးခေါင်၍ ငတ်မွတ်ခြင်း ဘေးဆိုက် နေ၏။ ရောဂါဘယ ထူပြော၏။ ပြည်သူအများက နန်းတော် မုခ်တံခါး၌ စုရုံးကာ ကြွေးကြော် ဆန္ဒပြုကြ၏။ မင်းကြီးလည်း မှူးမတ်တို့နှင့် တိုင်ပင်၏။ မှူးမတ်တို့က-

"အရှင်မင်းကြီး ကုရုဓမ္မပတ္တနဂိုရ်မင်းသည် ဂရုဓမ္မကို အမြဲကျင့်သုံးတယ်လို့ ကြားသိရပါတယ်။ ထိုတိုင်းပြည် မှာ ဆယ်ရက် တစ်ကြိမ် ဆယ့်ငါးရက်တစ်ကြိမ် မိုးရွာ ပါတယ်။ ထိုမင်းထံမှ ဂရုဓမ္မကို တောင်းခံ၍ အရှင် မင်းကြီး ကျင့်သုံးပါက မိုးရွာပါလိမ့်မည်ဘုရား"

ဟု လျှောက်တင်ကြ၏။

မင်းကြီးလည်း ပုဏ္ဏားတော် ရှစ်ဦးကို စေလွှတ်၍ ဂရုဓမ္မ သီလကို တောင်းခံစေသည်။ ကုရုဓမ္မပတ္တနဂိုရ်မင်းသည် ဂရုဓမ္မ သီလကို တောင်းခံလာသော ပုဏ္ဏားတော်တို့အား-

"အမောင်တို့- ငါဟာ ဂရုဓမ္မသီလကို စောင့်သည်ကား မှန်ပါတယ်။ သို့သော် ဂရုဓမ္မ၌ ငါသံသယဖြစ်ရဲ့လျက် ရှိတယ်- ငါကျင့်သော ဂရုဓမ္မကို အားမရသေးလို့ သင်တို့ကို မပေး လိုပါ"

"ဘယ်လို သံသယများလဲဘုရား"

www.dhammaransi.com



" ငါဟာ သုံးနှစ်တစ်ကြိမ် ကျင်းပတဲ့ တန်ဆောင်မုန်း လပွဲမှာ မင်းဝတ်တန်ဆာဆင်ပြီး စိတ္တရာဇာခေါ်တဲ့ နတ်ကွန်း ကနေ ပန်းတို့နဲ့ တန်ဆာဆင်တဲ့ မြားတွေကို ပစ်လွှတ် ကစားလေ့ ရှိတယ်။ အဲဒီလို ပစ်တဲ့အခါ အခြားနေရာတွေကို ပစ်တဲ့မြားတို့ကို မြင်ရပေမဲ့ ရေထဲကို ပစ်တဲ့မြားကိုတော့ မမြင်ရဘူး၊ အဲဒီမြားက ငါးတစ်ကောင်ကောင်ကို ထိမှန် သလား မသိနိုင်ဘူး၊ အဲဒီ ပါဏာတိပါတကံအတွက် သံသယ ဖြစ်နေမိတယ်။ ငါ့မယ်တော်ဟာ ဂရုဓမ္မကို ကောင်းစွာ ဆောက်တည်တယ်။ မယ်တော့်ထံမှာ သွားတောင်းကြပါ" ဟု အမိန့်ရှိလိုက်သည်။

ပုဏ္ဏားတို့လည်း မယ်တော်ထံရောက်၍ တောင်းခံ ကြလျှင် မယ်တော်က-

"အမောင်တို့- ငါဂရုဓမ္မသီလကို စောင့်သည်ကား မှန် ပါတယ်။ ငါ့မှာလည်း သံသယ ရှိနေတယ်။ ငါ့မှာ သား နှစ်ယောက် ရှိတယ်။ သားတော်ကြီးက မင်းဖြစ်နေပြီး သားတော်ငယ်က အိမ်ရှေ့မင်း ဖြစ်တယ်။ တစ်နေ့မှာ တိုင်းတစ်ပါးမှ အသပြာတစ်ထောင်တန်တဲ့ ရွှေပန်းကုံးနဲ့ အသပြာတစ်သိန်းထိုက်တဲ့ စန္ဒကူးနံ့သာနှစ်တွေ သားတော် ကြီးကို ဆက်သလာတယ်။ ဒါကို သားတော်ကြီးက ငါ့ကို ပြန်ဆက်သတယ်။ ငါလည်း ချွေးမတော်တွေကို ပေးဖို့ စိတ်ကူးရတာနဲ့ ချွေးမကြီးကို မင်းမိဖုရားဖြစ်တဲ့အတွက် ရွှေပန်းကုံးပေးလိုက်တယ်။ ချွေးမငယ်က ချွေးမကြီးလောက်

www.dhammaransi.com



စည်းစိမ်ဥစ္စာ မရှိသူဖြစ်လို့ စန္ဒကူးနံ့သာနှစ်တွေ ပေးလိုက်တယ်။ ပေးပြီးမှ ငါဟာ ဂရုစမွ စောင့်ထိန်းသူ ဖြစ်တယ်။ ဆင်းရဲချမ်းသာ ပမာန မဟုတ်။ ကြီးသူကို အရေးပေးလေးစားသင့်တယ်။ ငါမပြုအပ်သည်ကို ပြုမိသည့်အတွက် သီလပျက်လေသလားလို့ သံသယ ဖြစ်မိ တယ်။ ငါ့ရဲ့ ချွေးမတော်ကြီးကတော့ ဂရုစမွ ကောင်းစွာ စောင့်ထိန်းသူ ဖြစ်တယ်။ သူ့ဆီမှာ တောင်းကြပေတော့”ဟု ပြောကာ လွှတ်လိုက်သည်။

ချွေးမတော်ကြီးသည်လည်း အိမ်ရှေ့မင်းအပေါ် တိမ်းညွှတ်သောစိတ် ဖြစ်မိသဖြင့် သီလမစင်ကြယ်ဟု ထင်နေ၏။ ထို့ကြောင့် အိမ်ရှေ့မင်းထံ တောင်းခံရန် လွှတ်လိုက်ပြန်သည်။ အိမ်ရှေ့မင်းက-

“အမောင်တို့ ငါဟာ ညအချိန် မင်းထံ အခစားဝင်လေ့ရှိတယ်။ မင်းထံမှာ အိပ်မယ်ဆိုရင် ကြိုးနဲ့နှင်တံကို ရထားဦးမှာ ထားခဲ့လေ့ရှိတယ်။ ဒါကို ကြည့်ပြီး အခြွေအရံတွေဟာ အိမ်ပြန်ကြပြီး နောက်နေ့ စောစောမှ လာကြိုလေ့ရှိတယ်။ မင်းထံ မအိပ်ဘူးဆိုရင် ကြိုးနဲ့နှင်တံကို ရထားတွင်းမှာ ထားလေ့ရှိတယ်။ ဒါကို ကြည့်ပြီး အခြွေအရံတွေက စောင့်နေလေ့ရှိတယ်။ တစ်နေ့မှာ- မင်းကြီးထံမှာ အခစားဝင်ရင်း မိုးသည်းစွာ ရွာလို့ မင်းကြီးက ပြန်ခွင့်မပေးတာနဲ့ အိပ်ရတယ်။ အခြွေအရံတွေဟာ ပြန်မယ်ထင်လို့ ရထားမှာပဲ စောင့်နေကြတာ တစ်ညလုံး မိုးရေထဲမှာ နေရတယ်။ နောက်နေ့

www.dhammaransi.com



နံနက်မှာ မိုးရေစိုစိုနဲ့ စောင့်နေတဲ့သူတို့ကို မြင်တော့ အခြေ အရံတွေကို ပင်ပန်းကြီးစွာ ဖြစ်စေခဲ့တဲ့ ငါဟာ သီလပျက်ပြီ လားလို့ သံသယဝင်မိတယ်။ ငါ့ထက် ပိုစင်ကြယ်မယ့် ပုရောဟိတ်အမတ်ကြီးဆီမှာ သွားတောင်းကြပါ"ဟု အမတ် ကြီးဆီ လွှတ်လိုက်ပြန်သည်။ အမတ်ကြီးက-

"အမောင်တို့ ကျွန်ုပ်ဟာ တစ်နေ့မှာ မင်းထံ ခစားဝင်တဲ့ အခါ တိုင်းတစ်ပါးက မင်းကြီးကို ရထားသစ်တစ်စီး ဆက်သ တာကို မြင်တော့ ငါ့အား ပေးရင် ကောင်းလေစွလို့ တောင့်တ မိတယ်။ ကျွန်ုပ်ကို မြင်လိုက်တော့ မင်းကြီးက ဤရထားကို ဆရာ့အား ပေးကြလော့ဟု ဆိုတယ်။ ကျွန်ုပ်က အလို မရှိပါ ဟု အတန်တန် ပြောသော်လည်း မရပါ။ သူတစ်ပါးပစ္စည်း တပ်မက်မိတဲ့ ငါဟာ သီလပျက်ရာတယ်လို့ သံသယဝင်မိ တယ်။ ကြိုးကိုင်မြေတိုင်းအမတ်လည်း သီလရှိသူ ဖြစ်တယ်။ သူ့ထံမှာ သွားရောက် တောင်းကြပါ"ဟု လွှတ်လိုက်ပြန် သည်။

မြေတိုင်းအမတ်က-

"အမတ်တို့- ကျွန်ုပ် ဇနပုဒ်တွင် လယ်မြေတိုင်းတာစဉ်က ကျွန်ုပ်ကိုင်သော ကြိုးစွန်းမှာ ပုစွန်လုံးတွင်း တည့်တည့်ကျ တယ်၊ တွင်းထဲမှာ ပုစွန်လုံး မရှိတန်ရာလို့ ယူဆပြီး တုတ်ကို ပုစွန်လုံးတွင်းထဲ စိုက်လိုက်တဲ့အခါ "ကရိ"ဆိုတဲ့အသံကို ကြားလိုက်ရတယ်။ ပုစွန်လုံး ကျောကုန်းပေါ် တုတ်ထိုးမိလို့ သေသွားသလားဆိုတာ သံသယ ဖြစ်နေမိပါတယ်။ သီလ

www.dhammaransi.com



ရှိတဲ့ ရထားထိန်းထံက တောင်းယူကြပါ"ဟု ပြောလိုက်သည်။

ရထားထိန်းကလည်း-

"အမတ်တို့- တစ်နေ့ မင်းကြီး ဥယျာဉ်တော်က အပြန် မိုးသားများ တက်လာလို့ မင်းကြီး မိုးမမိစေရန် သိန္ဓောမြင်းကို နှင်တံတို့၍ လျင်မြန်စွာ သွားစေခဲ့တယ်။ အဲဒီအချိန်ကစလို့ သိန္ဓောမြင်းဟာ ဒီနေရာရောက်တိုင်း ဘေးအန္တရာယ်ရှိလို့ နှင်တံအချက်ပေးတာပဲလို့ ယူဆပြီး အလျင်အမြန် ပြေးတော့တာပါပဲ။ ငါဟာ လိမ္မာတဲ့ သိန္ဓောမြင်းကို အရာမဟုတ်သည်၌ နှင်တံအမှတ်သညာပေးမိတဲ့အတွက် ပင်ပန်းစေခဲ့တယ်။ ဒီလို ပင်ပန်းစေတာ သီလပျက်စီးရာ ရောက်မလားလို့ သံသယဖြစ်မိပါတယ်။ သူဌေးကြီးသီလက ပိုစင်ကြယ်ပါလိမ့်မယ်။ သူဌေးကြီးထံမှ တောင်းယူကြပါ"ဟု ပြောပြန်လေသည်။

သူဌေးကြီးက-

"အမှတ်တို့- ကျွန်ုပ်ဟာ တစ်နေ့မှာ ကျွန်ုပ်ပိုင် လယ်ထဲမှ ထွက်ပြူစ ကောက်နှံပန်းတစ်ဆုပ်ယူလာပြီး အိမ်တိုင်မှာ အလှချည်ထားပါတယ်။ ပြီးမှ မင်းဘဏ္ဍာအတွက် ဆယ်ဖို့တစ်ဖို့ မပေးရသေးမီ၊ သလေးနှံတို့ကို ယူခဲ့မိပြီ။ ငါစောင့်သုံးတဲ့ ဂုရုဓမ္မ သီလပျက်သလောလို့ စဉ်းစားမိပါတယ်။ ကျွန်ုပ်ထက် စင်ကြယ်မယ့် တင်းခြင်အမတ်ထံမှာ တောင်းယူကြပါ"ဟု ညွှန်ပြန်သည်။

www.dhammaransi.com



တင်းခြင်အမတ်က-

"အဆွေတို့ ကျွန်ုပ်ဟာ တစ်နေ့မှာ ဘုရင့်ဘဏ္ဍာအတွက် စပါးခြင်ယူရာမှာ မခြင်ရသေးတဲ့စပါးပုံထဲက စပါးတစ်ဆုပ်တစ်ဆုပ်ယူပြီး ဂရိုအဖြစ် မှတ်သားပါတယ်၊ ရတ်တရက် မိုးရွာလာတော့ ဂရိုမှတ်ထားတဲ့စပါးတွေကို ကပျာကယာ စပါးပုံထဲ ထည့်ပြီး မိုးခိုနေမိပါတယ်။ ဘယ်စပါးပုံထဲ ထည့်မိသလဲဆိုတာ အမှတ်မရပါ။ အကယ်၍ ဘုရင့်ဘဏ္ဍာတော် စပါးပုံထဲ ထည့်မိခဲ့လျှင် ဘဏ္ဍာတော်စပါးဘက်တွင် အပိုရပြီး စပါးရှင်အတွက် နစ်နာပါတယ်။ ဒါကြောင့် ကျွန်ုပ်သီလကို သံသယဖြစ်နေမိပါတယ်။ တံခါးစောင့်လည်း သီလစောင့်သူ ဖြစ်ပါတယ်၊ သူ့ဆီသွားကြပါ" ဟု ပြောပြန်သည်။

တံခါးစောင့်လည်း-

"အမတ်တို့-ကျွန်ုပ်ဟာ မြို့တံခါးပိတ်ကာနီးရင် သုံးကြိမ်အော်ပြီး ဒါတိပေးရတယ်။ ဒီလို အော်ချိန် တစ်နေ့မှာ ထင်းခွေယောက်ျားတစ်ယောက် မိန်းမငယ် တစ်ဦးကို လက်ဆွဲပြီး အမြန်ပြေးလာတယ်၊ ကျွန်ုပ်လည်း တစ်နေကုန် တောထဲမှာ ထင်သလို ပျော်ပါးပြီး တံခါးပိတ်ခါနီးမှ ပြေးလာရသလားလို့ ကြိမ်းမောင်းမိတယ်၊ ထင်းခွေယောက်ျားက ဒီသူငယ်မဟာ မယားမဟုတ်၊ နှမဖြစ်ပါတယ်လို့ ပြန်ပြောပါတယ်။ ဒီအခါမှ ငါဟာ သီလစောင့်ထိန်းသူဖြစ်ပါလျက် မဆင်မခြင် ပြောမိတယ်။ ငါးပါးသီလ ပျက်စီးရတယ်လို့

www.dhammaransi.com



သံသယရှိလို့၊ ပြည့်တန်ဆာမဆီမှာ တောင်းယူကြပါ”ဟု ပြောပြန်လေသည်။

ပြည့်တန်ဆာမထံရောက်လျှင်-

“ကျွန်မဟာ ဂရုစမ္မသီလကို အစင်ကြယ်ဆုံး စောင့်ရှောက်ပါတယ်၊ ဒါပေမဲ့ တစ်နေ့မှာ လုလင်တစ်ယောက် ရောက်လာပြီး ကျွန်မနဲ့ ပျော်ဖို့ ငွေတစ်ထောင် ပေးပြီး ထွက်သွားပါတယ်။ သူ့ကို သုံးနှစ်ကြာအောင် စောင့်ပြီး အခြားသူများကို လက်မခံခဲ့ပါဘူး၊ ကြာတော့ အနေအစား ချို့တဲ့လာလို့ တရားရုံးတော်မှာ သွားပြီး အဆုံးအဖြတ်ခံပါတယ်။ တရားသူကြီးက သုံးနှစ်ကျော်ရင် စောင့်စရာမလိုဘူး အခြားယောကျ်ားကို လက်ခံခွင့်ရှိတယ်လို့ ဆုံးဖြတ်ပေးပါတယ်။ တရားရုံးက ထွက်လာတော့ ချက်ချင်းပဲ လုလင် တစ်ယောက်က အသပြာတစ်ထောင်နဲ့ ကမ်းလှမ်းလာလို့ လက်ခံဖို့ လက်ဖြန့်လိုက်တဲ့အခါမှာ ပထမလုလင်ဟာ ရုတ်တရက် ရောက်လာပါတယ်။ ဒါနဲ့ ကျွန်မလဲ လက်ကို ပြန်ရုပ်ပြီး ငွေကိုလက်မခံဘဲ တောင်းပန်လိုက်တယ်။ အမှန်တော့ ပထမ လုလင်ဟာ သိကြားမင်း ဖြစ်ပါတယ်။ သိကြားမင်းက ကျွန်မသီလကို စမ်းလိုလို့ ဒီလိုပြုမူရကြောင်း ရှင်းပြပြီး ကျွန်မအိမ်မှာ ရတနာ ခုနစ်ပါးနဲ့ ပြည့်စုံအောင် ဖန်တီးပေးခဲ့ပါတယ်။ သီလစောင့်သူတို့ဟာ ဒီအမျိုးသမီးလို စောင့်ထိန်းသင့်ကြတယ်လို့လည်း အခြားသူများကို ဆုံးမပြီး ပြန်သွားပါတယ်။ ဒါပေမဲ့ ကျွန်မဟာ ပထမ လက်ခံထားသူ

www.dhammaransi.com



ရှိလျက်နဲ့ ဒုတိယလူကို လက်ခံရန် လက်ဖြန့်မိတဲ့အတွက် သီလ မစင်ကြယ်ဘူးလို့ သံသယရှိနေပါတယ်”ဟု ပြောပြန်သည်။

သို့ရာတွင် ပုဏ္ဏားတော်တို့က “ဒီမျှဖြင့် သီလမပျက်နိုင်ပါ၊ ဂရုဓမ္မသီလကိုသာ ပေးပါ”ဟု အတန်တန် တောင်းပန်ကြသဖြင့် ပေးလိုက်လေသည်။ ပုဏ္ဏားတော်တို့လည်း ပြည့်တန်ဆာမထံမှ ဂရုဓမ္မသီလကို ရွှေပြား၌ကူးယူပြီး ဒန္တပုရမြို့သို့ ပြန်လာကြသည်။ ကာလိင်္ဂမင်းအား အကြောင်းစုံ သံတော်ဦးတင်လျက် ဆက်သကြသည်။ ကာလိင်္ဂမင်းသည် ဂရုဓမ္မသီလကို ကိုယ်တိုင်လည်း စောင့်ထိန်းသည်။ တိုင်းသူပြည်သားတို့ကိုလည်း စောင့်ထိန်းစေသည်။ မကြာမီ ကာလိင်္ဂတိုင်း၌ ထူးခြားသိသာစွာ မိုးရွာသွန်းလေသည်။ သီးနှံများလည်း ဖြစ်ထွန်းကာ ရောဂါဘယများလည်း ကင်းဝေးလေ၏။

ဂရုဓမ္မသီလဆိုသည်မှာ-

- သတ္တဝါကို မသတ်ရ၊
- ပိုင်ရှင်မပေးသောဥစ္စာကို မခိုးယူရ၊
- ကာမတို့၌ မှားယွင်းစွာ မကျင့်ရ၊
- မဟုတ်မမှန်သော စကားကို မပြောဆိုရ၊
- သေရည်သေရက်ကို မသောက်သုံးရ-တို့ပင် ဖြစ်သည်။

ကောင်းမှုကုသိုလ်အရာတွင် သေးငယ်သောကိစ္စပင် ဖြစ်စေ အလေးအနက်ပြုလျှင် အကျိုးပေးကောင်းများ

www.dhammaransi.com



ဖြစ်ထွန်းမည်ဖြစ်သလို မကောင်းမှု အရာတွင် သေးငယ်သည် ဟု အလေးအနက်မထား ပြုမိများလျှင် ဆိုးကျိုးတရားနှင့် ကြုံရမည် ဖြစ်ပေသည်။

## သုဟုဋ်

ရိုးသားခြင်းဟူသည် သူတစ်ပါးအပေါ် မဟုတ်မမှန်တာ မလုပ်ခြင်းပင် ဖြစ်သည်။ ဖြောင့်မတ်ခြင်းသည် သူတစ်ပါး အပေါ် မဟုတ်မမှန်တာ မလုပ်သည်သာမက မိမိကိုယ် မိမိ လည်း ပြန်၍ မလိမ်ခြင်းဆိုသည့် အဓိပ္ပာယ်အထိ ကျယ် ဝန်းသည်။

မရှိသည့်ဂုဏ်များ ရှိသလိုဟန်ဆောင်ခြင်း မတတ်ဘဲနှင့် တတ်ချင်ယောင်ဆောင်ခြင်း၊ ရှိသည့်အပြစ်များ ချွတ်ယွင်း ချက်များ ဖုံးကွယ်ထားခြင်း၊ မုန်းနေလျက် ပြုံးနှုတ်ဆက်ခြင်း၊ ရှေ့တွင်တစ်မျိုး၊ ကွယ်ရာတစ်မျိုး ပြောခြင်း၊ သူတစ်ပါးကို ကုန်းချောခြင်း၊ ဒုက္ခကြုံတွေ့အောင် လုပ်ခြင်း၊ သူတစ်ပါး၏ အားနည်းချက်အပေါ် အမြတ်ထုတ်ခြင်း၊ သူတစ်ပါးပိုင် ငွေ ကြေးဥစ္စာပစ္စည်း စသည်တို့ကို ဖြတ်စားလတ်စား လုပ်ခြင်း စသည်စသည်တို့ကို ရှောင်ကြဉ်ပြီး မကွယ်မဝှက် အရှိကို အရှိ အတိုင်း အမှန်ကို အမှန်အတိုင်း ပြုမူပြောဆိုနေထိုင်ခြင်းသည် ဖြောင့်မတ်ခြင်းပင် ဖြစ်သည်။

တိပိဋကဆရာတော်အရှင်ကောသလ္လကဝိနယဓရနှင့် ပတ်သက်၍ အမိန့်ရှိရာတွင်-

www.dhammaransi.com



"ကိလေသာ အားလျော်စွာ လူသိမခံနိုင်သော ကိုယ်နှုတ် အမူအရာများနှင့် မိမိတို့ကိုယ် မိမိတို့ ကြည်ညိုရ၍ မရနိုင်သောအခါဝယ် ဗုဒ္ဓ၏အလိုတော်ကျ မဟုတ်သေးဟု တွေး၍ ပြုပြင်နိုင်မှ **သုဟုဋ္ဌ** ဖြစ်မယ်"လို့ ဟောကြားခဲ့ဖူးသည်။ သုဟုဋ္ဌဆိုသည်မှာ သူတစ်ပါးက မိမိကို ကြည်ညိုခံနိုင်ဖို့ထက် မိမိကိုယ်မိမိ ကြည်ညိုနိုင်အောင် သိက္ခာရှိခြင်း၊ ဖြောင့်မတ်ခြင်းပင် ဖြစ်သည်။

## နန်းတော်က ကိုးကွယ်ရသည့် ကိုရင်ကလေး

မဟာဝင်၌ ဂါမဏိမင်းသည် စစ်ရှုံးသဖြင့် ·မိဖုရားများနှင့်တကွ တောထဲသို့ ထွက်ပြေးရသည်။ ထွက်ပြေးရင်း မိဖုရားကြီးနှင့် တကွဲတပြားစီ ဖြစ်သွားသည်။ တောကလည်းနက်၊ တိတ်ဆိတ်ငြိမ်သက်လျက်လည်း ရှိသဖြင့် မိဖုရားကြီးသည် အားငယ်စိတ်ဖြင့် ကြောက်ရွံ့ထိတ်လန့်စွာ ပုန်းအောင်းနေရသည်။ ထိုအချိန်မှာပင် ခရီးသွားကိုရင်တစ်ပါးသည် သပိတ်ကို လွယ်လျက် တောထဲက ဖြတ်လာသည်ကို မိဖုရားကြီး တွေ့လိုက်သည်။ ရန်သူမိတ်ဆွေ ခွဲခြားမသိနိုင်သဖြင့် မိဖုရားကြီးသည် တောထဲသို့ တိုး၍ ပိုလုံခြုံအောင် ပုန်းနေရသည်။ ကိုရင်လေးသည် တောထဲတွင် တစ်ပါးတည်းရှိသော်လည်း ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ရှုကာ သေသေချာချာ အကဲခတ်လိုက်သည်။ ယင်းသို့ အကဲခတ်ပြီး မည်သူမျှ မရှိသည်ကို သေချာသလောက်ရှိမှ သင်းပိုင်ကို

www.dhammaransi.com



မကာ သေသေဝပ်ဝပ် ဆောင့်ကြောင့်ကလေး ထိုင်သည်။ ပြီးမှ ကျင်ငယ်စွန့်သည်။ ထိုအဖြစ်အပျက်ကို အစအဆုံး မြင်နေရသော မိဖုရားကြီးသည် "သုဟုဇ္ဇုဂုဏ်"နှင့် ပြည့်စုံသည့် ကိုရင်လေးအား များစွာ ကြည်ညိုသွားသည်။

နောင် ဂါမဏိမင်း စစ်နိုင်ပြီး ဝဋ္ဋဂါမဏိမင်းအဖြစ် ထီးနန်းပြန်၍ စိုးစံသောအခါ မိဖုရားကြီးသည် တောထဲ၌ တွေ့ခဲ့ဖူးသော ကိုရင်လေးကို မရမက စုံစမ်းရှာဖွေပြီး ကျောင်းကြီးဆောက်ကာ ကိုးကွယ်လေသည်။

ဆိတ်ကွယ်ရာအရပ်မှာပင်ဖြစ်စေ၊ သေးမွှားသော ကြွေပင်ဖြစ်စေ ဟီရိသြတ္တပ္ပ စောင့်ရှောက်ထိန်းသိမ်းခြင်း၏ အကျိုးပင်ဖြစ်သည်။ ပုထုဇဉ်တို့သည် ဆိတ်ကွယ်ရာအရပ်တွင် အရှက်အကြောက် ကင်းကွာတတ်ကြသည်။ မည်သူမျှ မမြင်သော်လည်း ကိုယ့်သိက္ခာ ကိုယ်မြင်သဖြင့် မကောင်းမှုကို ရှောင်ကြဉ်ခြင်း၊ အပြစ်ဟူသမျှကို ကြီးငယ်မရွေး အလေးဂရုပြုခြင်းတို့သည် သုဟုဇ္ဇုဂုဏ်ပင် ဖြစ်သည်။

## ကုသိုလ်ကံ၊ အကုသိုလ်ကံဂယက်

ပြုခဲ့ဖူးသော ကုသိုလ်ကံ၊ အကုသိုလ်ကံတို့၏ အကျိုးသည် ကြီးမားလွန်းပါက မိမိကိုယ်တိုင် ခံစားရရုံမက၊ မိမိ၏ ပတ်ဝန်းကျင်ကိုပါ ဂယက်ရိုက်ခတ်ပြီး အနည်းနှင့်အများ ကူးစက်ခံစားတတ်ကြရသည်။

www.dhammaransi.com



## သာမာဒေဝီ

သီဟိုဠ်ကျွန်းဘာတိကမင်းလက်ထက်၌ နွားသားစားသူများကို ဖမ်းဆီး၍ ဒဏ်တပ်လေရာ ဒဏ်ငွေ မဆောင်နိုင်ကြသူများကို နန်းတော်တွင်း၌ အမှိုက်သုတ်သင်သူများ ပြုထားလေသည်။ ထိုသူတို့အထဲမှ အဆင်းလှသူကလေး တစ်ယောက်ကို ရှင်ဘုရင် မြင်၍ နန်းတွင်း၌ "သာမာဒေဝီ" ဟူသော ဘွဲ့အမည်ဖြင့် အကျွမ်းတဝင်ထားသည်။ သူ့ကို အကြောင်းပြု၍ သူ၏ ဆွေမျိုးများကိုလည်း အပြစ်မှ လွတ်စေပြီး ချမ်းသာစွာ အသက်မွေးနိုင်လောက်အောင် ချီးမြှောက်စေလေသည်။ ဤကား တစ်ယောက်၏ ကုသိုလ်ကြောင့် ဆွေမျိုးများ အကျိုးရပုံတည်း။ (ဤနေရာတွင် ဆွေမျိုးများမှာလည်း ကုသိုလ်ရှိလို့ပေါ့ဟု ပြောစရာရှိ၏။ သို့သော် ထိုဆွေမျိုးများ၌ ရှိသော ကုသိုလ်ကံမှာ သာမာဒေဝီ မပါလျှင် အကျိုးပေးနိုင်လောက်သော အခြေအနေ မရှိချေ။)

## အရှင်လောသကတိဿ

ကဿပဘုရားရှင်လက်ထက်၌ သူကြွယ်တစ်ယောက်၏ ကျောင်း၌ ကျောင်းထိုင်ဖြစ်သော ရဟန်းတစ်ပါးသည် သီလရှိသော သူတော်ကောင်းဖြစ်သည်။ တစ်ခါသော် အာဂန္တုက ရဟန္တာတစ်ပါးသည် ထိုကျောင်းသို့ လာရောက်တည်းခိုသည်။ ကျောင်းဒါယကာသူကြွယ်သည် ထိုအာဂန္တုကိုယ်တော်ကို ကြည်ညိုသည်ဖြစ်၍ ဆည်းကပ် ပူဇော်သည်။

www.dhammaransi.com



ထိုသို့ ကြည်ညိုသည်ကို ကျောင်းထိုင်ဘုန်းကြီးသည် မနာလိုဝန်တိုမှု ဖြစ်မိလေသည်။ ထို့ကြောင့် နံနက်စောစော သူကြွယ်အိမ်သို့ ဆွမ်းစားသွားခါနီး၌ အာဂန္တုကိုယ်တော် မနိုးအောင် ခေါင်းလောင်းကို လက်ဖျားနှင့် တောက်၍ သွားလေသည်။

အိမ်ရောက်၍ သူကြွယ်က အာဂန္တုကိုယ်တော်ကို မေးသောအခါ "ဒါယကာရဲ့ ကိုယ်တော်ဟာ အင်မတန်အအိပ်ကြီးတယ်။ ခေါင်းလောင်းထိုးတာတောင် မနိုးလို့ ထားခဲ့ရတယ်" ဟု ဖြေလေသည်။ ပါးနပ်သော ကျောင်းဒါယကာက ဘုန်းကြီး၏စိတ်ထားကို ရိပ်မိ၏။ ထို့ကြောင့် ကျောင်းထိုင်ဘုန်းကြီးအား ဆွမ်းကပ်ပြီးနောက် "အာဂန္တုကိုယ်တော်အား လှူပါဘုရား"ဟု မှာ၍ သပိတ်ထဲ၌ ဆွမ်းလောင်းထည့်ပေးလိုက်သည်။ ကျောင်းထိုင်ဘုန်းကြီးက သဘောမကျ၊ "သည်လိုဆွမ်းကောင်း စားနေရလျှင် ငါ့ကျောင်းက ဆွဲချသော်လည်း သွားတော့မှာ မဟုတ်ဘူး"ဟု ဝန်တိုစိတ်ဖြင့် ထည့်ပေးလိုက်သော ဆွမ်းကို လမ်း၌ သွန်ပစ်ခဲ့သည်။

အာဂန္တုရဟန္တာအရှင်မြတ်မှာ ကျောင်းဘုန်းကြီး၏ စိတ်ဓာတ်ကို သိတော်မူ၍ စောစောကပင် ကောင်းကင်ခရီးဖြင့် လိုရာအရပ်သို့ ကြွနှင့်ပြီး ဖြစ်သည်။ ကျောင်းထိုင်ဘုန်းကြီးကျောင်း ပြန်ရောက်၍ အာဂန္တုရဟန်းအား ရှာဖွေလေသည်။ မတွေ့မှ နောင်တရ၍ ဓိတ်တွင်ကြီးစွာ ပူပန်

www.dhammaransi.com



ဆင်းရဲခြင်း ဖြစ်လေ၏။ ထို့ကြောင့်ပင် စိတ်ရောကိုယ်ပါ နွမ်းခြောက်ကာ မကြာမီ ပျံလွန်တော်မူပြီးနောက် ငရဲကျလေသည်။ ငရဲမှ လွတ်ပြီး ဘီလူးဘ၀ ငါးရာ၊ ခွေးဘ၀ ငါးရာ ဖြစ်ခဲ့ရာ အစာဝလင်အောင် မစားရသည်က များလေ၏။

ထို့နောက် ဂေါတမဘုရားရှင်လက်ထက်တော်၌ အိမ်ခြေ တစ်ထောင်ရှိသော တံငါရွာတွင် တံငါသည်မတစ်ဦး၏ ဝမ်း၌ ပဋိသန္ဓေ နေရလေသည်။ ထိုသူ ပဋိသန္ဓေနေချိန်မှစ၍ တံငါသည်များ ငါးအရနည်းရုံမက တစ်ရွာလုံး မင်းပြစ်မင်းဒဏ် (၇)ကြိမ် ခံရပြီး မီး (၇)ကြိမ် လောင်လေသည်။

ထို့ကြောင့် စဉ်းစားတတ်သူ လူကြီးသူမများက "ငါတို့ ရွာ၌ ကံဆိုးသူရှိလိမ့်မည်၊ ရွာကို တစ်ဝက်စီ ခွဲ၍ နေကြစို့" ဟု ပြော၍ တစ်ဝက်စီခွဲနေကြရာ ထို ကိုယ်ဝန်ပါသောဘက်၌ ရှေးနည်းတူ ဆင်းရဲဒုက္ခ ကြုံကြပြန်သည်။ ထို့ကြောင့် ထပ်၍ ခွဲနေကြရာ နောက်ဆုံး ထိုကိုယ်ဝန်ရှိသော မိဘတို့အိမ်သာ သီးခြားဖြစ်နေလေသည်။

ထိုသို့ သီးခြားဖြစ်ပြီးနောက် မိခင်မှာ ဆင်းရဲပင်ပန်းစွာ ဖြင့် ကလေးကို မွေးဖွားလေသည်။

ကလေးသွားလာနိုင်သောအရွယ်ရောက်သည့်အခါ မိခင်သည် ကလေးကို ခွက်ကလေးတစ်ခွက်ပေးကာ ထွက်ပြေးသွားတော့သည်။ ကလေးငယ်လည်း ထိုခွက်ဖြင့် တောင်းရမ်းစားသောက်၍ (၇)နှစ်အရွယ်ရောက်သောအခါ အရှင်သာရိပုတ္တရာမထေရ်မြတ်နှင့် တွေ့ဆုံမိပြီး မထေရ်မြတ်

www.dhammaransi.com



ကြီးက ရှင်ပြုပေးလိုက်သည်။ အရွယ်ရောက်သော် "လောသကတိဿ" မည်သော ရဟန်းဖြစ်၍ တရားအားထုတ်မှုရာ ရှေးရဟန်းဘဝက သီလရှိသော ပုဂ္ဂိုလ်ဖြစ်နေသဖြင့် ရဟန္တာ အဖြစ်သို့ ရောက်လေသည်။

ရဟန္တာဖြစ်သော်လည်း တစ်နေ့မျှ ဆွမ်းဝအောင် မဘုန်းပေးရချေ။ ပရိနိဗ္ဗာန်စံမည့်နေ့တွင် အရှင်သာရိပုတ္တရာမထေရ်ကြီးနှင့် ဆွမ်းခံအတူသွားရာ အရှင်သာရိပုတ္တရာပင် ဆွမ်းမရတော့ချေ။ ထို့နောက် အရှင်လောသကတိဿအား ကျောင်းသို့ ပြန်စေ၍ မိမိတစ်ပါးတည်း ဆွမ်းခံမှ ဆွမ်းရလေသည်။ အရှင်သာရိပုတ္တရာလည်း အိမ်တစ်အိမ်၌ ဆွမ်းဘုန်းပေးပြီး ထိုအိမ်မှ လူများကို ထိုရဟန်းထံ ဆွမ်းအပို့လွှတ်လိုက်ရာ၊ သွားပို့သူများက လမ်းတွင် စားပစ်လိုက်ကြသည်။

အရှင်သာရိပုတ္တရာ ပြန်လည်ကြွရောက်လာမှ ဆွမ်းမရကြောင်း သိသဖြင့် ကောသလမင်းကြီးထံမှ စတုမဓုကို အလှူခံ၍ အရှင်သာရိပုတ္တရာ ကိုယ်တိုင်ကျွေးမှ စတုမဓုကို အဝဘုန်းပေးပြီး ပရိနိဗ္ဗာန် စံလေသည်။

အရှင်လောသကတိဿ၏ အတိတ်ဘဝ အကုသိုလ်ကံဂယက်ကြောင့် တံငါရွာတစ်ရွာလုံးပင် ဒုက္ခနှင့် ကြုံရပြီး အရှင်သာရိပုတ္တရာမထေရ်ကြီးပင် ဆွမ်းမရဖြစ်ရလေသည်။ ပစ္စုပ္ပန်တွင် အကုသိုလ်စရိုက်ကြီးသူ၊ လူယုတ်မာများနှင့် ဆွေမျိုးညာတိဖြစ်မိပါက မကောင်းစကောင်း၍ မပစ်ပယ်နိုင်

www.dhammaransi.com



စေကာမူ စိတ်အားဖြင့် ဝေးနိုင်သမျှ ဝေးအောင်ရှောင်မှသာ ဘဝအဆက်ဆက် ထိုလူမျိုးနှင့်ကင်းပြတ်၍ လွတ်လပ်သော သူတော်စင်များ ဖြစ်နိုင်ကြမည်။

## နိဂုံး

## ကိုယ်စိတ်နှစ်ပါးချမ်းသာ

သီလ အလုပ်ကား သူတစ်ပါး မဆင်းရဲအောင် စောင့်ရှောက်သော အလုပ်တည်း။ ပမာအားဖြင့် "ပါဏာတိပါတာဝေရမဏီ"သိက္ခာပုဒ်သီလကို မစောင့်ထိန်းဘဲ တွေ့ရာမြင်ရာ သတ်ဖြတ်နေလျှင် အသတ်ခံရသောသတ္တဝါမှာ မည်မျှဆင်းရဲမည်ကို တွေးဆကြည့်လျှင်သိနိုင်သည်။ လူအချင်းချင်း ရက်စက်စွာ သတ်မှုမှစ၍ စစ်အကြီးအကျယ် ခင်းလျှက်သွေးချင်းချင်းနီအောင် သတ်နေကြသဖြင့် ကမ္ဘာအရပ်ရပ်ဝယ် စစ်ဖြစ်နေကြသည့် နိုင်ငံများမှ ပြည်သူတွေ မည်မျှ ဆင်းရဲကြရှာသည်ကို အမြင်အကြားဖြင့် သိနားလည်နိုင်ပါသည်။ ပါဏာတိပါတကံ တစ်ပါး မစောင့်ထိန်းနိုင်ရုံမျှဖြင့် တစ်ယောက်နှစ်ယောက်ကအစ ကမ္ဘာသူကမ္ဘာသားများအထိ ဆင်းရဲဒုက္ခတွေ့ကြရသည်။

ပါဏာတိပါတမှ ရှောင်ကြဉ်၍ ထိုသီလတစ်ပါးကို စောင့်ထိန်းလျှင် တစ်ယောက်စောင့်လျှင်တစ်ယောက်၊ နှစ်ယောက်စောင့်လျှင် နှစ်ယောက်အတွက် အကျိုးများပြီး

www.dhammaransi.com



အားလုံးစောင့်ထိန်းနိုင်လျှင်ကား ကမ္ဘာသူကမ္ဘာသားများ အတွက် ထိုဆင်းရဲမျိုး မမြင်မတွေ့ မခံစားရဘဲ တွေ့ရာမြင်ရာ သတ္တဝါတို့အပေါ်၌ မေတ္တာ၊ ကရုဏာ၊ မုဒိတာတရားတွေ ပွားများလာနိုင်လျက် ပျော်ရွှင်ဖွယ်ကမ္ဘာကြီး ဖြစ်နေလိမ့်မည်။

အသတ်ခံရမည့်ဆဲဆဲမှ လွတ်မြောက်လာ၍ စိတ်ချမ်းသာနေသူတစ်ယောက်သို့မဟုတ် သတ္တဝါတစ်ကောင်၏ ချမ်းသာမှုမျိုးသည် မည်သည့်အရာနှင့်မျှ တူနိုင်မည် မဟုတ်ပေ။

သီလစောင့်ထိန်းသောအခါ သတ္တဝါတို့ကိုလည်း ချမ်းသာစေ၏။ ကိုယ်တိုင်လည်း ငြိမ်းအေးသောစိတ် ဖြစ်ရ၏။ ထို့ကြောင့် သီလအကျိုးပေးသောအခါ ပစ္စည်း ဥစ္စာ မပေါများစေကာမူ စိတ်ချမ်းသာ ကိုယ်ချမ်းသာ အေးအေး သက်သာနေရအောင် အကျိုးပေး၏။ "ဒါနတော ဘောဂဝါ။ သီလတောသုခိတာ။ "ဒါနကြောင့် စည်းစိမ်ဥစ္စာ ပေါ၏။ သီလကြောင့် ကိုယ်စိတ်နှစ်ဖြာချမ်းသာ၏။

www.dhammaransi.com



## ကျမ်းကိုး

၁။ ကိုယ်ကျင့်အဘိဓမ္မာ(အရှင်ဇနကာဘိဝံသ)

၂။ သီလဝတ္ထု (ဓမ္မဒူတအရှင်ပညာဇောတ)

၃။ ဘာသာရေးဝတ္ထုများ(ဓမ္မာစရိယဦးစိုးမြင့်)

၄။ ဝိသုဒ္ဓိမဂ်မြန်မာပြန်ပထမတွဲ (အရှင်နန္ဒမာလာ)

၅။ ငါးရာငါးဆယ်ဇာတ်ဝတ္ထု(ဒုတိယတွဲ၊ ဒုက၊ တိ၊ စတုက္ကနိပါတ်)(အမရပူရမြို့ မင်္ဂလာဘုံကျော် ညောင်ကန်ဆရာတော်အရှင်ကဝိန္ဒာဘိဝံသထေရ်)

၆။ ၅-ပါး သီလ ဝတ္ထုတော်ကြီး (ပြည်တော်သာ ဦးထွန်းဦး)

၇။ ဒုစရိုက်ဆယ်ပါး ဝတ္ထုတော်ကြီး (စိန်ပန်းမြိုင် ဦးမျိုးမြင့်)

၈။ မေတ္တာသုတ်အဖွင့်(ဦးသုခ)

၉။ ဗုဒ္ဓ၏ လူမှုရေးလမ်းညွှန်ချက်များ (မောင်အံ့-မဟာဝိဇ္ဇာဘုံဘော)

၁၀။ ဗုဒ္ဓဘာသာတရားတော်(အထက်တန်းအဆင့်)

၁၁။ ဗုဒ္ဓဘာသာကောင်းတစ်ယောက်

၁၂။ ဗုဒ္ဓ၏ဆုံးမချက်များ (အရှင်ပဒုမ)

www.dhammaransi.com



၁၃။ ကိုယ်ကျင့်တည်ကြည်ခြင်းနှင့်အဆင့်မြင့်ခရီးစဉ် (နန္ဒသိန်းဇံ)

၁၄။ ဗုဒ္ဓဘာသာ ယဉ်ကျေးမှုအခြေပြု (သာသနာရေး ဦးစီး)

၁၅။ သာသနာ့ရောင်ခြည်(အတွဲ-၁၃၊ အမှတ်-၇)

၁၆။ သာထွန်းပြန့်ဓမ္မစာစောင် (အတွဲ-၄၊ အမှတ်-၁၁)

www.dhammaransi.com

သီလနှင့်တူသော

အခြားသောနတ်ပြည်တက်ကြောင်း

စောင်းတန်းလှေကားသည်

အဘယ်မှာရှိအံ့နည်း၊

နိဗ္ဗာန်ရွှေပြည်သို့ ဝင်ခြင်း၌ သီလနှင့်

တူသော တံခါးသည် အဘယ်မှာရှိအံ့နည်း

ဟူ၍ မြတ်စွာဘုရားရှင်က ဟောကြားခဲ့သည်။

**ဝိသုဒ္ဓိမဂ်အဋ္ဌကထာ**

CONQUEROR AUNG LWIN Ph: 283226